www.burmeseclassic.com



ပါးစပ်နှင့်ရယ်မောတတ်သော
စာဖတ်ပရိသတ်များအတွက်

# စိန်းကလေး

BURMESE CLASSIC

# လာ…ချစ်ဆုံး… နှစ်ပါးသွားမယ်…

အချစ်ဟာသလုံးချင်းဝတ္ထုသစ်



GRAPHIC - BK

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးသိန်းလွင် (မြ-၀၄၁၃၇) (ရွှေဟသ်ာစာပေ)
အမှတ် – ၂၆၃၊ ဆိပ်ကမ်းသာလမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၀၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ ၃၂-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
ဘုန်းကျော် (မော်လမြိုင်)
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀
ဖြန့်ချိရေး
မိန်းကလေးစာအုပ်တိုက်
၀၉-၄၄၉၂၅၁၄၁၇

၈၉၁ . ၈၃
မိန်းကလေး
လာ ... ချစ်သူ ... နှစ်ပါးသွားမယ် / မိန်းကလေး။ – ရန်ကုန်။
ရွှေဟသ်ာစာပေ ၊ ၂၀၁၃ ။
၁၉၂ - စာ ၊ ၁၃ x ၂၀ စင်တီ။
(၁) လာ ... ချစ်သူ ... နှစ်ပါးသွားမယ်


'ချွင်း ချွင်း ချွင်း'

အဆက်မပြတ် လှုပ်ခါနေတဲ့ ရွှေခြူသံ တလွင်လွင်နှင့်အတူ မင်းသမီး သည်။ နိုးလာပေမယ့် မြင်လွှာမဖွင့်ဖြစ်သေးပါ။

ရွှေခြူသံ နားဆင်လျက် မင်းသမီး ဖိမ်ခံနေသေးသည်။

'ချွင်း ချွင်း ချွင်း'

"မင်းသမီးလေး၊ ထတော့လေ မင်းသမီးလေးရဲ့"

ရွှေခြူသံနဲ့အတူ ဒေါ်ဝကြီး၏တယုတယ နှိုးသံလေး ကြားရပြန်ပြီ။ အပျင်းဆန့်ကာ မြင်လွှာလေး ညင်သာစွာ ဖွင့်၏။

ဦးစွာမြင်ရသည်က ဖြူဖွေးစင်ကြယ်သော ခြင်ထောင်အမိုးနှင့် အနား သည်မှာ တချွင်းချွင်းလှုပ်ခတ်နေသည့် ရွှေခြူလေးတွေ။

ဒေါ်ဝကြီးက ခေါင်းရင်းဘက် ခြင်ထောင်အနားစကို ကိုင်ကာ လက် နဲ့ အသာလှုပ်နေလျှင် ရွှေခြူသံလေးလွင်လာကာ ...

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com



"ထတော့လေ မင်းသမီးလေးရဲ့၊ ဆယ်နာရီခွဲနေပြီ"

"အင်း"

မင်းသမီး အပျင်းဆန့်ကာ –

"ဆယ်နာရီကလည်း ခွဲသွားပြန်ပြီ၊ အိပ်လို့တောင် မဝသေးဘူး ဒေါ်ဝကြီးရဲ့"

"အိပ်မဝလည်း နေ့လယ်ဘက် ဆက်အိပ်ပေါ့ မင်းသမီးလေးရယ်၊ အခုထတော့လေ၊ မင်းသမီးလေး ရေချိုးဖို့ ခင်လေးက အသင့်ပြင်ဆင်ပြီးသား။ မင်းသမီးလေး ရေချိုးပြီးရင် အလှပြင်ပေးဖို့ မမဝါက အလှပြင်ခန်းမှာ အသင့် စောင့်နေလေရဲ့"

"အင်း"

မင်းသမီးလေးက ခန္ဓာကိုယ် နွဲ့နွဲ့လေးကို တွန့်လိမ်ထားရာမှ ပက်လက်ကလေး ဆန့်ကာ –

စိတ်ရှည်လက်ရှည် အစီရင်ခံနေရှာသော ဒေါ်ဝကြီးကို မျက်တောင် မခတ်တမ်း ကြည့်၏။

နာမည်နဲ့ လိုက်ဖက်စွာ ဝဖြိုးနေတဲ့ ဒေါ်ဝကြီးက ပြည့်ဖောင်းသော မျက်နှာဝိုင်းကြီးကို ပြုံးချိုထားလေသည်။

"ထတော့နော် သမီးလေး၊ မနက်စာ ဘာစီစဉ်ပေးရမလဲ ပြောဦးလေ၊ ဒေါ်ဝကြီး ကြိုတင်မှာထားဖို့"

မနက်စာ အသံကြားလျှင် မင်းသမီး နှုတ်ခမ်းကို လျှာဖျားနဲ့ မသိမသာ သပ်မိ၏။ စိတ်ထဲမှာ ဘာစားချင်လဲ။ တစ်ဆက်တည်း တွေးကာ ခေတ္တငြိမ်သက်နေသေးသည်။ ဒေါ်ဝကြီးက မင်းသမီးမပြောမချင်း နေရာတင်ရပ်ကာ။

"အင်း"

အိပ်ရာက နိုးလာတာနဲ့ ဗိုက်က ဆာနေပြီ။ ဗိုက်ဆာတော့ စားချင်စရာတွေ မျက်လုံးထဲ ဝိုင်းဝိုင်းလည်လာကာ –





"ဘာစားရမလဲဆိုတော့ ဟုတ်ပြီ၊ အင်း ဆီဒိုးနားက ဘာတာကိတ်ရယ်၊ ထရေးဒါးက ဥရောပကော်ဖီ၊ နောက်ပြီးတော့ စင်ထရယ်ဟိုတယ်က ပီဇာနဲ့ ဂျေဒိုးနတ်က ချော့ကလက်ပူတင်း။ အဲဒီအစားအစာကို ကြိုးကြာနန်းဆောင်စားသောက်ဆိုင်ကြီးမှာ အကျအန ထိုင်စားချင်တယ်၊ အဲဒါ စီစဉ်ပေး"

"အင်း"

ဒေါ်ဝကြီး အပြုံးမပျက် ခေါင်းညိတ်မိသည်။

"ဆီဒိုးနားက ဘာတာကိတ်၊ ထရေးဒါးက ဥရောပကော်ဖီ၊ စင်ထရယ်ဟိုတယ်က ဘာ ဘာဇာ"

"ပီဇာပါ ဒေါ်ဝကြီးရဲ့"

"အေးအေး မှတ်မိပြီ၊ စင်ထရယ်ဟိုတယ်က ပီဇာ၊ ဂျေဒိုးနတ်က ချော့ကလက်ပူတင်း။ အဲဒီအစားအစာကို ကြိုးကြာနန်းတော်မှာ ထိုင်စားချင်တယ် ဟုတ်တယ်နော် မင်းသမီး၊ ကြိုးကြာနန်းတော်ဆိုတာ အသစ်ဖွင့်ထားတဲ့ စားသောက်၊ ဟုတ်တယ် မဟုတ်လားဟင်"

မင်းသမီး ကျေနပ်စွာ ခေါင်းလေးညိတ်လိုက်သည်။ ထိုအခါ ဒေါ်ဝကြီးက ခြင်ထောင်စလေးကို နောက်ဆုံးတစ်ချက် လှပ်ကာ ထွက်သွားလေသည်။

ရွှေခြုံသံလေး လွင်နေရာမှ တိတ်ဆိတ်သွားလျှင် မင်းသမီး စိတ်ကျေနပ်စွာ အိပ်ရာပေါ်မှ ထ၏။ အပျင်းတစ်ချက်ဆန့်ကာ ရေချိုးခန်းထဲ တန်းဝင်၏။

ရေပူရေအေးစပ်ပြီးတဲ့ ရေချိုးကြွေခွက်နားမှာ အသင့်စောင့်နေသော ခင်လေး။ သွားတိုက်ဆေး အသင့်ထားသည့် သွားတိုက်သံလေး ကမ်းပေးသည်။

ဖြစ်နိုင်ရင် သွားတိုက်တံ လှမ်းမယူလိုပါ။

သွားနှစ်တန်းစေ့ကာ ခင်းလေးရှေ့ ပါးစပ်ဖြဲထားပေးရင်း ခင်လေး သွားတိုက်ပေးတာ ငြိမ်ခံနေချင်သည်။

မဖြစ်နိုင်လို့သာ သွားတိုက်တံ လှမ်းယူပြီး ဘေစင်နား သွားရင်း အယားမှ အော်ဒါမှာယူထားသော သွားတိုက်တံပေါ်တွင် မျှာမနီလုပ် သွား



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သေးနဲ့ သွားတိုက်ပြီး တရုတ်ကလာတဲ့ အကောင်းစား ညအိပ်အင်္ကျီချုပ်ကာ ရေချိုးကြွေကန်ထဲ ဆင်းသည်။

ကိုးရိုးယားမိတ် စပယ်ဆီရနံ့သင်းနေသည့် ဆပ်ပြာရည်နံ့လေးကို တစ်ရှိုက်ရှူရင်း ဆပ်ပြာရည်ပွတ်ကာ ရေစိမ်ချိုးပြန်သည်။

မင်းသမီးချိုးတဲ့ရေက ရန်ကုန်မြို့တော်စည်ပင်သာယာ ရေပေးဝေရေးက ဖြန့်တဲ့ ပိုက်ရေမဟုတ်ပါ။

အယ်လပိုင်ကုမ္ပဏီက လာဖြည့်ပေးရတဲ့ သောက်ရေသန့်စစ်စစ်။

ရေချိုးပြီးလျှင် ထိုင်ဝမ်က မှာယူရသော တဘက်စောင်ကို ရင်မှာပတ်၏။ ထို့နောက် အလှပြင်ခန်းထဲဝင်သည်။

"လာ လာ မင်းသမီး"

အလှပြင်ခန်းမှာ စိတ်ရှည်လက်ရှည် စောင့်နေတဲ့ မမဝါဆိုသည့် အမျိုးသမီး လိုက်လိုက်လှဲလှဲ လက်ဆွဲခေါ်သည်။

BURMESE CLASSIC

✿

မမဝါ။

မမဝါဆိုတာက နာမည်နဲ့လိုက်အောင် တစ်ကိုယ်လုံး ဝါဝင်းနေပါသည်။ အဝါရောင်ခရေစီမှို လိမ်းတာတောင် နနွင်းမှုန့်ရေ ဖျော်ပြီးလိမ်းတဲ့ မိန်းမ။

နနွင်းမှုန့်လိမ်းတယ်ဆိုလို့ မီးနေသည် (ကလေးမွေးစမိခင်)လို့ မထင်ပါနဲ့။

မီးနေနေ၊ မီးမနေနေ နနွင်းမှုန့်တစ်မျိုးတည်း ဒိုင်ခံလိမ်းကာ။

အဝတ်အစားကလည်း ဝါဝါ။

ဘယ်အချိန်ကြည့်ကြည့် ဝါဝင်းနေတဲ့ မမဝါက တကယ်ကို အတွင်း





ပစ္စည်းကအစ ဝါကာ။ (မမဝါရဲ့အတွင်းပစ္စည်းဆိုတာ ရွှေကို ပြောတာပါ။ တခြားမထင်ပါနဲ့)

"ထိုင် မင်းသမီး"

ပြောရင်းဆိုရင်း မင်းသမီးကို မှန်တင်ခုံရှေ့ ထိုင်စေသည်။ မှန်တင်ခုံရှေ့မှာ မင်းသမီး စိတ်ချလက်ချ ထိုင်ချလိုက်သည်က မမဝါ အရည်အချင်းကို ယုံကြည်စွာ။

မမဝါက အလှဖန်တီးရှင်ထဲမှာ စတားရဲ့စတား။

နိုင်ငံတကာက အသိအမှတ်ပြုလက်မှတ်က ပိသာချိန်နီးပါ။ ဒါကြောင့် ဘယ်ဖျူတီပါလာမှာမှ အလုပ်မရခြင်းရယ်ပါ။

အဲ ... ဆောရီး။

ဘယ်ဖျူတီပါလာကမှ အလုပ်မပေးတာက အသိအမှတ်ပြု ဘွဲ့လက်မှတ်တွေ များနေလို့တဲ့။

မမဝါအရည်အချင်း မြင့်မားနေလို့ မြန်မာပြည်က ဗျူတီပါလာတွေက အလုပ်မပေးနိုင်ဖြစ်တာမို့၊ မမဝါကို နှမြောစွာ ပယ်ချခြင်း။

အဲဒါကြောင့်မို့ မင်းသမီး သနားကရုဏာဖြစ်ကာ။ မင်းသမီး၏ ပင်တိုင်မိတ်ကပ်လိမ်းဆရာမအဖြစ် ခန့်အပ်လိုက်သည်။

မမဝါက နိုင်ငံတကာမှ မိတ်ကပ်ပစ္စည်းများနှင့် မင်းသမီးကို လက်စွမ်းပြနေပြီ။ မမဝါရဲ့လက်စွမ်းကို မင်းသမီး ခန့်လန့်လန့်ပါ။ ဒါကြောင့် –

"မင်းသမီးကို နနွင်းမှုန့် လိမ်းမပေးနဲ့လို့"

သတိကြီးစွာ ပြောရတဲ့အဖြစ်။

"စိတ်ချပါ မင်းသမီးရယ်"

တဲ့။ မမဝါ အာမခံချက်ပေးတဲ့အတိုင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို ဖေဖေနဲ့မေမေ"

သမီးဖြစ်သူ၏နှုတ်ဆက်သံကြားကတည်းက မိဘနှစ်ပါးဖြစ်ကြရာသော ဦးပုရစ်ကြော်နှင့် ဒေါ်ဇီးကွက်မ ခေါင်းကိုက်ချင်လာသည်။

နှုတ်ဆက်တာက ဘိုဆန်ဆန် ဟဲလိုတဲ့။

ခေါ်တာက မြန်မာဆန်ဆန် ဖေဖေနဲ့မေမေ။

နှုတ်ဆက်ပုံ ခေါ်ပုံဆိုပုံကအစ လမိုင်းမကပ်လှ။ ဒေါက်ဖိနပ်သံတဒေါက်ဒေါက်ပေးပြီး အလုပ်ခန်းထဲ တန်းဝင်လာသည့် သမီးကို မိဘနှစ်ပါး စိတ်ပျက်စွာ ကြည့်ကြသည်။

သမီးက အစွမ်းကုန်လှနေလို့ပါ။

သမီးလေး လှနေလေ မိဘနှစ်ပါး ရင်မောလေ။ ဒီလိုလှဖို့ ဒင်းလေးက ပိုက်ဆံတွေ အများကြီး ဖြုန်းတီးနေတယ် မဟုတ်လား။

"ဖေဖေနဲ့မေမေ ထူးဦးလေ၊ ခေါ်နေတာကို မထူးဘဲ ဘာကြောင်





ကြည့်နေတာလဲ"

"သမီး လှနေလို့ပါ သမီးရယ်"

"အဟီး လှရမယ်လေ၊ တစ်ကမ္ဘာလုံးက အလှပြင်ပစ္စည်းတွေနဲ့ပေါင်းစပ်ဖန်တီးထားတာ_မေမေရဲ့"

ဦးပုရစ်ကြော် သက်မရှည်ကြီးချရင်း သမီးကို ရှုတွတွကြည့်၏။ ဝတ်ထားတာက အတွင်းက အနီ၊ အလယ်က အဖြူ၊ အပေါ်က အမဲ။

သုံးထပ်ဝတ်ထားပေမယ့် ဘယ်နေရာကမှမလုံ။

ဇာပေါက်တွေကြားထဲက ချော့ဖြင့်ကို မြင်ရသည်။ ရင်ဘတ် ဟပြဲထားသော အထဲက အင်္ကျီပါးနှစ်ထပ်က အတိုင်းသား။

ခါးအောက်ပိုင်းက စကတ်တိုတစ်ထပ်၊ ဒူးလောက်ဂါဝန်တစ်ထည်နဲ့ ဖော်ကင်ဘောင်းဘီရှည်က ခြေမျက်စိဖုံးကာ။

ဝတ်ဆင်ထားတာ ဘာဖက်ရှင်လို့ နာမည်တပ်ရမှန်း မသိတော့ပါ။ မျက်နှာပေါ်မှာ ကာလာစုံသလို၊ တစ်ကိုယ်လုံးမှာလည်း ဖန်စီကြိုးတွေနဲ့ ရှုပ်ထွေးလို့နေသည်။

"သမီး ဘယ်သွားဖို့လဲ"

ဦးပုရစ်ကြော် တုံးတိမေး၏။ သမီးက အမူအရာပိုတဲ့ မင်းသမီးလို ကိုယ်ကိုနွဲ့ပြီး ...

"မနက်စာ သွားစားဖို့ ဖေဖေရဲ့"

"မနက်စာ အိမ်မှာစားလည်း ရသားနဲ့ သမီးရယ်"

"ဟွန်း စားချင်ပါဘူး၊ ဒေါ်ဝကြီးကို ကြိုးကြာနန်းတော်မှာ ကြိုတင်မှာထားခိုင်းပြီးသား"

"သမီး တစ်နေ့တစ်နေ့ ဒါနဲ့ပဲ အချိန်တွေ ဖြုန်းနေတော့မှာလား"

ဦးပုရစ်ကြော် ကွန်ပျူတာစားပွဲရှေ့က ထကာ သမီးကိုမျက်မှောင်ကြုတ်ကြည့်ပြီး ဒွဲမေး၏။



www.burmeseclassic.com

www.burmeseclassic.com



သမီးက နှုတ်ခမ်းဆူတော်မူသည်။

"ဟွန်း ဖေဖေကလဲ"

"ဖေဖေကလည်းလို့ ဆင်ခြေပေးဖို့ စိတ်မကူးနဲ့၊ သမီး ဖင်လန်က ပြန်လာတာ ဘယ်နှစ်ရက်ရှိပြီလဲ"

မင်းသမီး အလိုလိုနေရင်း လက်ချောင်းသုံးချောင်းနဲ့ လက်ညှိုး ပိုင်းပြ မိသွားသည်။ သူမ ဖင်လန်နိုင်ငံမှ အပန်းဖြေခရီးထွက်ပြီး ပြန်လာသည်မှာ ရက်သုံးဆယ် (တစ်လ) ရှိပါပြီ။

"ဖင်လန်က ပြန်ရောက်ပြီးကတည်းက အလုပ်လုပ်ဖို့ စိတ်မကူးဘဲ အချိန်တွေ လိုက်ဖြုန်းနေတာ ဖေဖေ ကြည့်မရတော့ဘူး"

"ဖေဖေ ကြည့်မရရင် ဖေဖေ့ရှေ့မှာ သမီး မနေတော့ဘူး။ သွားမယ် ဖေဖေ၊ ဘိုင်ဘိုင်"

"တဲ့ သမီး"

ဒေါ်ဇီကွက်မ ဟန့်လိုက်ပေမယ့် သမီးက လက်တကာကာနဲ့ ပြေးထွက်သွားလေ၏။

ဦးပုရစ်ကြော် တောက်ခတ်ရမလို၊ အံကြိတ်ရမလိုနှင့် မျက်နှာကြီးက အေးခဲနေသည့် မုန့်ကွဲသည်းလို အပေါ်ကြောတင်းလျက်။

"မင့်သမီး လွန်နေပြီ၊ မတရား လွန်နေပြီ၊ အရမ်း အရမ်း လွန်နေပြီကွ"

"ကျွန်မ သမီးလို့ မပြောပါနဲ့၊ ရှင့်သမီးလေး ရှင့်သမီး"

"ဘာရှင့်သမီးလဲ၊ မင်း မွေးပြီးတော့"

"ကျွန်မ တစ်ယောက်တည်း မွေးထားတာ မဟုတ်ဘူး။ စကားပြောရင် ကြည့်ပြော"

"ကြည့်ပြီး ပြောနေတာပဲ၊ မင်းတစ်ယောက်တည်း မမွေးလို့ ငါ ဝိုင်းမွေးထားလို့လား"





"အဲ"

ဒေါ်ဇီကွက်မ ဘာပြန်ပြောရမလဲ။ စကားလုံး ရှာမရသလို ဖြစ်နေ၏။ တကယ်လည်း သူမလင်က ဝိုင်းမွေးထားတာမဟုတ်ဘူး။

သူမတစ်ကိုယ်တည်း မွေးလိုက်ရတာ။ မွေးတဲ့အချိန်မှာ အိုက်ရှိမရှိ ...က်သည်မဟို။ ဒင်းက ဖလွတ်ခနဲ ခုန်ဆင်းလာတာ။

မွေးတုန်းက ဖလွတ်ခနဲ့ ထွက်လာသလို ခုလည်း ဖလွတ်ခနဲ့ ထွက်သွားချေပြီ။

ဦးပုရစ်ကြော် အဲဒါကို မကျေနပ်ဆိုး။

"ဒီမှာ ဇီးဇီး မင်းတစ်ယောက်တည်း မွေးပေမယ့် ငါက ဖအေ ဖြစ်...တာ၊ ဒါပေမဲ့ မင်းမွေးတဲ့သမီးကို ငါ ဒီအတိုင်း ကြည့်မနေနိုင်တော့ဘူး"

"မကြည့်တာပဲ အေးတယ်၊ ကြည့်နေရင် မျက်စိ နောက်တယ်၊ ...ရှုပ်ရှက်ရယ်"

"အေး နောက်လွန်းတာ မျက်စိတင်မကဘူး၊ ဦးနှောက်နဲ့ နှလုံးသား ... နောက်နေပြီကွ"

ဒေါ်ဇီကွက်မ ဘာမှဆက်မပြောတော့ပါ။ သူမကိုယ်တိုင်လည်း ခင်ပွန်း...ည်လိုပဲ နောက်နေပါပြီ။

ဒါကြောင့် အလုပ်စားပွဲက ထကာ ဆိုဖာရှည်ပေါ် ပြောင်းထိုင်လိုက်...ည်။ ဦးပုရစ်ကြော်က အရှိန်ကောင်းစွာ ပြောနေဆဲ။

"မိဘက စေတနာပိုပြီး ငါ့သမီးလေး ပညာတွေသင်ပါဟဲ့ဆိုပြီး စိတ်...က်လွှတ်ထားပေးလိုက်မိတာ၊ တစ်ကမ္ဘာလုံးပတ်ပြီး ဘွဲ့လက်မှတ်တွေ ...သိုမာလက်မှတ်တွေ လိုက်ယူတယ်၊ ဘွဲ့တစ်ခုရပြီးရင် ပင်ပန်းတယ်ဆိုပြီး ...န်းဖြေခရီးထွက်လိုက်သေးတယ်၊ အပန်းဖြေခရီး တစ်ခါထွက်ရင် နှစ်...က်ကြာတယ်၊ တစ်ခါ ဘယ်နိုင်ငံသွားပြီး ဘာဒီပလိုမာ ညာဒီပလိုမာ ...က်ယူ၊ ပြန်လာတော့ ငါ့လက်ထဲ ဘွဲ့လက်မှတ်တွေ လာပုံအပ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါက အဲဒီလက်မှတ်တွေ ဘာလုပ်ရမလဲ''

''ဟုတ်တယ် ကိုရစ်ရစ်ရဲ့၊ ဖိုးဖိုးတို့က ဘွဲ့လက်မှတ်ရလို့ ဂုဏ်ယူချင်တာ မဟုတ်ဘူး။ အရည်အချင်းနဲ့ လုပ်ဆောင်ချက်ကို တန်ဖိုးထားချင်တာ၊ သမီးက မိဘ ဘာလိုချင်မှန်း မသိဘူး။ ဘွဲ့လက်မှတ်တွေ ယူပေးနိုင်တာကို တာဝန်ကျေတယ်လို့ ထင်နေတာလေ''

''အဲဒါ အကြီးအကျယ် လွဲချော်မှုကွ၊ တတ်တဲ့ပညာနဲ့ မိဘလုပ်ငန်းကို ဝင်ရောက်လုပ်ပါလို့ ပြောတော့ No တဲ့၊ ဒါဆိုလည်း သမီးအရည်အချင်းနဲ့ လုပ်ငန်းတစ်ခု တည်ထောင်ပါလားပြောတော့ မထောင်နိုင်ဘူးတဲ့၊ ဘယ်လောက် အသုံးမဝင်တဲ့ သမီးလဲ''

''ဟုတ်ပါ့။ ကြီးလာလို့ မိဘကို ဒီလိုစိတ်အနှောင့်အယှက် ပေးမယ်မှန်း မသိလို့ မွေးခဲ့တာ၊ ဒါမှန်းသိရင် မွေးကို မမွေးဘူး''

''အခုမှ နောင်တရလို့ အပိုပဲကွ''

ဦးပုရစ်ကြော် ဘယ်သူ့ကိုတယ်သူ အပြစ်တင်လို့ တင်နေမှန်း မသိပါ။ ခေတ်တတ်ရပ်ပြောနေတာ ညောင်းလာလို့ တစ်ဖန်ပြန်ထိုင်ချသည်။

ဒေါ်ဖီးကွက်မက တစ်ခုခုကို အလေးအနက် တွေးလျက်။

မကောင်းကျောင်းပို့ဆိုတဲ့ စကားကို သတိရကာ မျက်နှာကြီးက လပြည့်လို ထိန်ထိန်သာသွား၏။

''ဖိုးဖိုး တွေးမိတယ် ကိုရစ်ရစ်''

''ဘာလဲ ဖိုးဖိုး''

''အိုး သမီး ဒီလိုလတ်လျားလတ်လျားမဖြစ်ရအောင် လင်ပေးစားလိုက်ရင်ကော''

''မင်းသမီးကို ဘယ်ကောင်ယူမလဲ''

''အိုး လာပြီးစပ်ဟပ်ထားတာတော့ ရှိတာပေါ့ရှင်၊ သမီးကို လင်ပေးစားလိုက်ရင် မျက်စိနောက် သက်သာသွားမယ်''





''ဟုတ်တယ်၊ လင်ပေးစားလိုက်တာ အကောင်းဆုံးပဲ၊ လင်ပေးစားပြီးရင် တိုက်ရိုက်ကိုတောင် အကပ်မခံနဲ့၊ ခင်းဝင့် ခင်းလင်ခံပစေ၊ တစ်ခုတော့ရှိတယ်၊ မင့်သမီးကို လာစပ်ဟပ်တဲ့ သူတွေထဲက အဆင်းရဲဆုံးနဲ့ အညံ့ဆုံး ကောင်သားနဲ့ ပေးစားရမယ်''

''ဟမ်း''

ဒါကိုတော့ ဒေါ်ဖီးကွက်မ သဘောမကျပါ။

''မဟမ်းနဲ့ ဖိုးဖိုး၊ မင့်သမီးက ပိုက်ဆံတန်ဖိုး နားမလည်သလို၊ အလုပ်တန်ဖိုးလည်း မသိတဲ့ မိန်းကလေး၊ ထမင်း ဘယ်ကရလဲ၊ ပိုက်ဆံရှာရ ဘယ်လောက်ပင်ပန်းလဲဆိုတာ မသိတဲ့ ဖြုန်းတီးအိုးမ၊ ဒါကြောင့် ခင်းကို ပြည့်စုံကြွယ်ဝတဲ့ လင်နဲ့မပေးစားဘူး၊ ကာ-လကချေ လက်လုပ်လက်စားနဲ့ ပေးစားရမယ်''

''ကိုရစ်ရစ်သဘော''

ခင်ပွန်းသည် ရှင်းပြတော့ ဒေါ်ဖီးကွက်မ နားလည်လက်ခံကာ ကိုရစ်ရစ်သဘော ဖြစ်လေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

ခပ်ဝေးဝေးမှ လှမ်းမြင်နေသော ရွှေရောင်တောက်ကြွသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို မင်းသမီး မျက်လုံးနဲ့ တစ်ဝဖူး၏။

လက်အုပ်လေးပါ ချီပြီး ဖူးဖို့ ကောင်းပေမယ့် မနက်စာ စားနေရတာ လက်မအား ပါးစပ်မအား ဖြစ်နေတယ်မဟုတ်လား။

ဒါကြောင့် –

ဘုရားလည်း ဖူးရင်း၊ လိပ်ဥလည်း တူးရင်း။ အဲ ဟုတ်ပူ။ စားလည်း စားရင်း၊ မျက်လုံးနဲ့ ဝဝလင်လင် ဖူးနေမိသည်။

ဘုရားဖူးပြီးသွားတော့ အပေါ်စီးက မြင်ရသော မြို့ပြရှုခင်းကို ကြည့်မိ၏။

တိုက်ကြီးတွေက မြင့်တဲ့နေရာမြင့်၊ နိမ့်တဲ့နေရာနိမ့်။

သစ်ပင်တွေက စိမ်းစိမ်းစိုစို သာသာယာယာ။

လမ်းတွေက ကားတွေနဲ့ ရှုပ်ပါဘိ။ လမ်းဘေးပလက်ဖောင်းပေါ်မှာ





ဥအပ်ဂိုသွားနေကြတဲ့လူတွေ။ ထိုလူတွေကြားမှာ ခွေးလေခွေးလွင့်လည်း တစ်ကောင်စ နှစ်ကောင်စ *ပါဝင်ပါသည်။*

ပြီးတော့ လမ်းပေါ် မေးထောက်ပြီး ဖွင့်ထားတဲ့ အပေါစား မုန့်ဆိုင်တွေမှာ Customer တွေ ပြည့်လို့။

သူမ စားသောက်နေသော အဆင့်မြင့်မြင့် ပိုက်ဆံ မတန်တဆပေးရတဲ့ နာမည်ကြီးစားသောက်ဆိုင်တွေမှာ စားသောက်သူတွေက ခပ်ကျဲကျဲ။

ဒါ ဘာဖြစ်လို့လဲ။

လမ်းဘေးဆိုင်မှာ စားနေတဲ့ Customer တွေ ဒီမှာ လာစားပါတော့လား။ လမ်းဘေးဆိုင်တွေမှာ တိုးဝှေ့စားနေကြတာ စားသောက်ဆိုင်ကြီးကထက် အရသာကောင်းတဲ့ အစားအစာတွေဖြစ်လို့လား။

ဖြစ်နိုင်တယ်။

စားသုံးသူ ကြိတ်ကြိတ်တိုး စည်ကားနေတာ အရသာကောင်းလို့ပဲ ဖြစ်မယ်။ တစ်နေ့နေ့တော့ လမ်းဘေးဆိုင်က အစားအသောက်ကို မှာစားရမယ်လို့ တွေးလိုက်သလား။

"ဟိုင်း မင်းသမီး"

မင်းသမီးနာမည်ခေါ်ပြီး ဘိုဆန်ဆန် လက်တစ်ဖက်မြှောက်ကာ နှုတ်ဆက်တဲ့ မိန်းမချောလေး။ အဲ ဟုတ်ပေါင်။ သေချာကြည့်မှ ယောကျ်ားချောလေး ဆံပင်ထားတာက မိန်းကလေးနဲ့ထပ်တူ။

ထူးခြားတာက မျက်နှာပုံထောင်ထောင်မြင့်မြင့်။ အဲ ရှည်ရှည်။ ရှည်ရှည်သွယ်သွယ်နဲ့။ မင်းသမီးဘဝမှာ တစ်ခါမှ ဒီလောက်ရှည်တဲ့မျက်နှာမျိုး မမြင်ဖူးပါ။

သေချာတိုင်းကြည့်ရင် တစ်ပေနီးနီးရှိလောက်မည်။ ထိုသူစိမ်း မျက်နှာရှည်လေးကို မင်းသမီး မသိပေမယ့် သူက ဟိုင်းနဲ့ နှုတ်ဆက်တော့ မင်းသမီးလည်း ဟိုင်းနဲ့ နှုတ်ဆက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လို့မှ မရဘဲ။

သူမြင်ရင် ကိုယ်ပြုံးပြရမယ့် ယဉ်ကျေးမှုအစဉ်အလာ ရှိတယ် မဟုတ်လား။

"ဟိုင်း"

"ထိုင်မယ်နော်"

အသံက ပြာနေတာလား၊ ဝါနေတာလား မခွဲခြားတတ်ပါ။

"Sitdown"

မင်းသမီး ဘိုလိုပြောတာနဲ့ ထိုကောင်ကလေး ထိုင်ချရင်း အစွမ်းကုန် ပြုံးရယ်ပြသည်။ မသိရင် အကြွေးယူတော့မယ့်သူလို။

"ဒါနဲ့ ရှင်က ဘယ်သူလဲဟင်"

မင်းသမီး စတင်မေး၏။ ထိုမိန်းကလေး အံ့ဩသွားပြီး ခဲနဲ့ ဆွဲထားသော မရှိမဲ့ရှိမဲ့ မျက်ခုံးနှစ်ဖက်ကို ပင့်မြှောက်ကာ –

"ဟင် မင်းသမီးက လန်းကို မသိဘူးလား"

"ဟင့်အင်း"

"မသိဘဲနဲ့ ဘာလို့ ဟိုင်းလုပ်ရတာလဲ"

"ရှင်က ဟိုင်းနဲ့ နှုတ်ဆက်တာကိုး"

"အဲ"

ဟုတ်လည်း ဟုတ်ပါသည်။ ဒီတော့မှ ထိုမိန်းကလေး သဘောပေါက် ကာ . . .

"ဟုတ်တယ်နော်၊ မင်းသမီးက လန်းကိုမြင်မှ မမြင်ဘူးတာ၊ လန်း လည်း မင်းသမီးကို မမြင်ဖူးပါဘူး"

"ဟင်"

"ဟုတ်ပါတယ်၊ ရှေ့ဘက်ကစားပွဲဝိုင်းက ငနဲတွေ ဟောဟိုမှာ မင်းသမီး တစ်ယောက်တည်း ထိုင်ပြီး စားနေသောက်နေတာတဲ့၊ လန်းလည်း အဲဒါနဲ့





လာနှုတ်ဆက်တာ"

"ဘုရားရေ လာနှုတ်ဆက်တာ၊ ဘာလုပ်ဖို့လဲ"

"အော်တိုရေးခိုင်းမလို့"

ပြောပြောဆိုဆို ထိုမိန်းကလေးလက်ကိုင်အိတ်ထဲက စာအုပ်နဲ့ ဘောပင် ထုတ်ကာ ထုတ်လေ၏။ မင်းသမီးလည်း လန်းဆိုတဲ့ မိန်းကလေး ထိုးပေးတဲ့ စာအုပ်နဲ့ ဘောပင်ကို ယူကာ –

"ဒါနဲ့ ရှင့်နာမည်က"

"အလန်းလေး"

"အဲ လန်တယ်နော်"

"လန်ရမှာပေါ့၊ လန်မှလည်း ဟိုဟာပြုလို့ရမယ်"

"ဘာလဲ၊ ဟိုဟာပြုတယ်ဆိုတာ"

"ယားရင် အလွယ်တကူ ကုတ်လို့ရမယ်၊ အဲဒါ ပြောတာ"

"ဪ ဟုတ်လား"

မင်းသမီး ပြောရင်း အလန်းလေးအတွက် အော်တိုရေးပေးလိုက် သည်။ မင်းသမီး အော်တိုရေးပေးလိုက်တော့ အလန်းလေးက ပိုလန်းသွား၏။

"ဒါနဲ့ မင်းသမီးက ရုပ်ရှင်နဲ့ ဗီဒီယို ကားဘယ်နှစ်ရာလောက် ရိုက် ပြီးပြီလဲဟင်၊ ကြော်ငြာတွေ ဗီစီဒီတွေ ဘယ်နှစ်ခွေ ရိုက်ထားပြီလဲလို့"

မင်းသမီး နားထဲ ကိုးလိုးကန့်လန့် ဝင်လာတဲ့မေးခွန်း။

"ရုပ်ရှင် ဘယ်နှကား ဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းသမီးဆိုတော့ မေးရတာပေါ့၊ ပြီးတော့ အလန်းလေးတို့က အလှဖန်တီးရှင်ဆိုတော့လေ၊ မင်းသမီးနဲ့ ရိုက်ကွင်းလိုက်ပြီး မိတ်ကပ်လိမ်းပေးနိုင်ပါတယ်လို့ ကိုယ်တိုင်မိတ်ဆက်ရင်း လာပြောတာပါ"

"ဟာ ဘာတွေ လာပြောနေတာလဲ"

"မင်းသမီးက မင်းသမီး မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးက မင်းသမီး ဟုတ်တယ်၊ ရှင်ထင်နေတဲ့ ရုပ်ရှင်ရိုက်တဲ့ မင်းသမီး မဟုတ်ဘူး"

"ရှော"

ရှင်ထူးတာ ရှောခနဲ့အသံ ချော်ထွက်၏။ ဒါတင်မက မျက်နှာပါ စပရိန်လိုတွန့်ကာ ထိုင်နေရာမှ တစ်ဝက်ထ,အနေအထားနဲ့ ကွကွကြီး ဖြစ်လေသည်။

"ဟုတ်တယ်၊ တို့က ရုပ်ရှင်ရိုက်တဲ့ မင်းသမီး မဟုတ်ဘူး၊ တို့နာမည် အရင်းက မင်းသမီးရှင့်"

"ဖရားရေ"

အလန်းလေး အသံမှောင်မှောင်နဲ့ ဘုရားတသလို မကျေမနပ် ဖြစ်၏။

"ဟွန်း အစကတည်းက ပြောပါတော့လား၊ တကတဲ အလန်းတို့က ဟိုမင်းသမီး အောက်မေ့လို့၊ နေဦး အလန်းကိုချွန်တဲ့ နွားသိုးတွေ တွေ့ကြသေးတာပေါ့"

အလန်းလေး ပြောပြောဆိုဆို ထဘီစွန်တောင်ဆွဲတဲ့ပုံစံနဲ့ ဝတ်ထားတဲ့ စကတ်တိုလေးကို ဆွဲမပြီး ထွက်သွားသည်။

"ဒီမှာ နွားသိုးတွေ"

လူရွယ် လေးယောက်ဝိုင်းဖွဲ့စားသောက်နေသော စားပိုင်းရှေ့မှာ အလန်းလေး ခါးထောက်ရပ်၏။ လူရွယ်များ မော့ကြည့်ပြီး –

"ဘာလဲကွ"

"ရှင်တို့ပြောတော့ ဟိုမိန်းကလေးက မင်းသမီးဆို"

"ဟုတ်တယ်လေ"

အကျီနက်မှာ အဝါစက်လေးတွေပါတဲ့ လူရွယ်က ပြော၏။ အလန်းလေး မျက်နှာရှည်ရှည်ကို မေးဖျားနဲ့ ထိုးခပ်ရင်း –

"ဘာ ဟုတ်တယ်လေလဲ၊ အဲဒါ မင်းသမီးပေမယ့် ရုပ်ရှင်မင်းသမီး





မဟုတ်ဘူးရှင့်"

"ငါတို့ကတော့ ရုပ်ရှင်မင်းသမီးလို့ ပြောလို့လား"

"ဟမ်း"

အလန်းလေး ရှုးကြောင်မူးကြောင် ဖြစ်သွားသည်။ ဒီငနဲတွေ ပြောတာက မင်းသမီးလို့ ပြောတာ။ ရုပ်ရှင်မင်းသမီးလို့ ထည့်ပြောတာ မဟုတ်ဘူး။

သူကပဲ ဆန္ဒတွေ စောကာ။

"မင်းဟာမင်း ဘာဖန်တီးမှန်းမသိဘူး၊ ဒီမှာ သေချာမှတ်ထား၊ အဲဒါ မင်းသမီး ရုပ်ရှင်မင်းသမီး မဟုတ်ဘူး၊ မြန်မာပြည်မှာ အချမ်းသာဆုံး Top One စာရင်းဝင်တဲ့ ဦးမြတ်သော်တာ (ခ) ဦးပုရစ်ကြော်၊ ဒေါ်နိုင်နိုင်စိုး (ခ) ဒေါ်ဒီကွက်မတို့ရဲ့တစ်ဦးတည်းသောသမီး "မင်းသမီး" ဆိုတာ အဲဒါပဲ"

"ဗျော"

'ဗျာ' လုပ်စမ်းပါ။

အလန်းလေး မျက်စိမျက်နှာက ကြွက်ဝင်မွှေထားသလို ဖရိုဖရဲ ဖြစ်၏။

"အဲ ကြောသီးနော် ကြောသီး"

ဆောရီးက ကြောသီးဖြစ်လျက် –

"သွားမယ်နော် ကိုကိုတို့၊ ဟီး"

ကိုယ်လွဲမှန်း ကိုယ်သာသိမို့ အလန်းလေး သွားဖြဲပြကာ လက်ပြနှုတ်ဆက်ပြီး သုတ်ခြေတင် ပြေးလေသည်။

မပြေးလို့လည်း မရဘူး။

ယောကျ်ားတွေရဲ့မျက်လုံးက အကြောင်းသုံးပါ မရွေးဘူး မဟုတ်လား။ မိန်းကလေးတွေဆိုရင်လည်း အလွတ်မပေးဘူး။

သူတို့လိုယောကျ်ားနဲ့မိန်းမ ဖက်စပ်ဖြစ်နေတဲ့ ဟာလေးတွေကိုလည်း နှိပ်ကွတ်တယ် မဟုတ်လား။

"ဘိုင်ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com



အသန့်လေး နှုတ်ဆက်ထွက်သွားတာကိုကြည့်ရင်း မင်းသမီး ကြည့်ရှုစွာ ရယ်မိသွားသည်။

တိုလှူရှယ်လုံးယောက်ကိုတော့ မင်းသမီး နှာခေါင်းလေးရှုံ့စွာ ကြည့်၏။

ဘာဖြစ်လို့လဲဆိုတော့ သူတို့က မင်းသမီးကို သိနေလို့။

✿ ✿ ✿



"ပုလဲရေ ကြားပြီးပြီလား"

"လေယာဉ်ပျံ တိုက်မိလို့ ပုရွက်ဆိတ်သေတဲ့ အကြောင်းလား"

"ဟုတ်ပါဘူး ပုလဲရဲ့၊ ဇီးဇီးအကြောင်း"

"ဇီးဇီးအကြောင်း၊ ဘာလဲ သဉ္ဇာရဲ့ ဇီးဇီးက ဘာတဲ့လဲ"

"ဇီးဇီး ဘာစိတ်ကူးပေါက်လဲ မသိဘူး၊ မင်းသမီးကို ယောကျ်ားပေးစားမလို့တဲ့"

"ဟေး ဟုတ်လား"

ဒေါ်ပုလဲသစ်မျက်လုံးက ရုတ်ခြည်း ခလုတ်ဖွင့်လိုက်သော မီးလုံးလို ဝင်းခနဲ လင်းချင်းသွားသည်။

"ဟုတ်တယ် ပုလဲရဲ့၊ မင်းသမီးကို ရတဲ့ သားရှင်တော့ ပွပြီးပဲ"

"ဟဲ့ ... သူများ ပွသွားလို့ မဖြစ်ဘူး၊ လျှံခြင်းလျှံ ကိုယ့်အိတ်ထဲ ထည့်ဆိုသလို"



www.burmeseclassic.com

www.burmeseclassic.com



"ဖိတ်ခြင်းဖိတ် ပြောစမ်းပါ"

"ဖိတ်တာက နည်းနည်းလေးရယ်၊ လျှံတာက ဝေါခနဲ ဝေါခနဲ ရေစီး
[illegible] အဲဒါတွေသိလို့ အစကတည်းက ပုလဲသားအတွက် ပုလဲ ကမ်း
[illegible] ကဲ လာ၊ ခုပဲ သွားစို့"

ဒေါ်ပုလဲသစ် ပြောရင်းဆိုရင်း ဆံပင်ဖြူ အနှုတ်ခံနေသော နေရာမှ ချက်ချင်းထသည်။

ဒေါ်သဥ္ဇာချိုကလည်း ဆံပင်ဖြူ နှုတ်ပေးတာ ရပ်တန့်ပြီး ထရလေသည်။

ဒေါ်သဥ္ဇာချိုက သားရှင်၊ သမီးရှင်ကြား ဆက်သွယ်ရေးနဲ့ သတင်းပြန်ကြားရေးလုပ်နေတဲ့ အမျိုးသမီး ပီသပေသည်။

ဟိုသားရှင်အိမ် သွားလိုက်၊ အမွှေးလေး နှုတ်လိုက်၊ လိုအပ်ရင် ဆံပင်လေး ဆေးဆိုးပေးလိုက် သတင်းလေး ဖြန့်လိုက်နှင့် စားပေါက်ချောင်ကား။

ခုလည်း ဒီသတင်းကို ဦးဦးဖျားဖျားဆိုကာ အပိုအသာ ပြော၏။

ဒေါ်သဥ္ဇာချို ပြောလိုက်တာနှင့် ဒေါ်ပုလဲသစ် တစ်စက္ကန့်မှ အပွန်းမခံတော့ပါ။

ချက်ချင်းထကာ အဝတ်အစားလဲ၏။

သူဌေးကတော်မကြီးပီပီ အဆင်တန်ဆာအပြည့်အစုံ ဆင်ယင်ပြီး ဒေါ်စီးကွက်မတို့ တိုက်ဆီ ဦးတည်သည်။

ဆက်သွယ်ရေးနဲ့ သတင်းဖြန့်ဝေရေး တာဝန်ခံ ဒေါ်သဥ္ဇာချိုလည်း ပါတာပေါ့။

✿ ✿ ✿



ရစ်+ဖီး စံအိမ်တော်။

စံအိမ်တော်ရှေ့မှာ တန်ဖိုးကြီးကားတွေ ရပ်ထားတာ ကားပြခန်းအလား အောက်မေ့ရသည်။ ခြံရှေ့မှာရော၊ ခြံဝင်းထဲမှာပါ။

ကားတွေ အမျိုးအစားစုံလင်သလို ဇိမ်ခံကားတွေချည်း ဖြစ်သည်။ ကားပိုင်ရှင် ဘယ်သူဘယ်ဝါဆိုတာ ဒေါ်ပုလဲသစ် မြင်တာနဲ့သိ၏။

ပိုသိနေသည်က ကားပိုင်ရှင်အားလုံးက သားရှင်တွေချည်း ဖြစ်နေမှန်း။

ကားကို ခြံထဲမောင်းဝင်လို့မရတာနဲ့ ခြံရှေ့မှာတင်ရပ်ကာ ခြံထဲ ဝင်းလျှောက်ဝင်ခဲ့ရသည်။

ဧည့်ခန်းဝရောက်သည်နှင့် ခြေလှမ်းမသွင်းသေး။ ခေါင်းထိုးပြီး ချောင်းကြည့်၏။ ထင်တဲ့အတိုင်း။ သားရှင်တွေချည်း။

ဧည့်ခန်းထဲမှာ အခန့်သား ထိုင်နေကြတာ အစည်းအဝေး ကျင်းပနေသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ သဥ္စာရယ်၊ ရှင်ပြောတော့ ဦးဦးဖျားဖျား သတင်းဆို၊ တို့မှာ သူများ ဦးနေတာ ကြည့်ပါလား"

"ပုလဲကို အမွှေးနှုတ်ပေးနေလို့ ပြောဖို့ နည်းနည်းနောက်ကျသွားတာနေမှာ"

"ဟွန်း အရေးကြီးတဲ့ကိစ္စကိုမှ ရှင်က နောက်ကျနေ၊ နေဦး သူတို့ ဘာပြောလဲ အရင်နားထောင်ရမယ်၊ ဒါမှ ပုလဲ လမ်းကြောင်းခင်းနိုင်မယ်လေ"

"ဟုတ်တယ် မပုလဲ"

ဒေါ်သဥ္စာချိုက ဒေါ်ပုလဲသစ်ပြောတဲ့အတိုင်း လက်ခံရသည်။ ဒေါ်သဥ္စာချိုက ဒီလိုပဲ။ တစ်ယောက်တည်းကို ပြောတာမဟုတ်ဘူး။ သားရှင်အားလုံးကို သတင်းပေးထားပြီးပြီလေ။

အားလုံးကို သတင်းပေးလိုက်တော့ အားလုံးဆီက အောင်သွယ်ကြေးရမယ် မဟုတ်လား။ ခုတော့ လူစုံတက်စုံ။

ဒေါ်ပုလဲသစ် ပြောတဲ့အတိုင်း နားစွင့်လျက်။

"ဖီးဖီးက မမတို့သားတွေကို အားနာလို့ပါ၊ မမတို့သားတွေက အားလုံး ကိုယ်စီ အရည်အချင်းရှိကြတယ် မဟုတ်လား"

ဒေါ်ဖီးကွက်မ ပြောလျှင် အားလုံး ခေါင်းညိတ်၏။

"စုစုသားက ပိုပြီး လိမ္မာရေးခြား ရှိသလို ပိုပြီးလည်း လုပ်ရည်ကိုင်ရည်ရှိပါတယ်"

"အမယ် စုစု၊ ရှင့်သားချည်းပဲ ကွက်မပြောနဲ့၊ အဝင်းသားက ပိုပြီးတော့ အရည်အချင်းသာတယ်ရှင့်၊ စားသောက်ဆိုင်တွေ ဟောတစ်ခု၊ ဟောတစ်ခု ဖွင့်နိုင်တာလေ"

"အို့ ဟို့၊ အဝင်းသားက စားသောက်ဆိုင်တွေပဲ ဖွင့်နေတာ၊ ရှိန်သားက Night Club တွေ တစ်ခုပြီးတစ်ခု ဖွင့်ပြီး ကောင်းစားနေတာရှင့်"

သားရှင်တွေ တစ်ယောက်ထက်တစ်ယောက် လုပြောကြလျက်





ဒေါ်ပုလဲသစ် ညှော်ခန်းအဝင်ဝမှာ ရပ်နေရင်း ပခုံးလေးတွန့်လိုက်လေသည်။

အားလုံးက လုပ်ငန်းရှင်ကြီးတွေ မဟုတ်လား။ သားရှင်တွေ တစ်ယောက်နဲ့တစ်ယောက် မျက်စောင်းတဝင့်ဝင့် ကြည့်ကြ ပြောကြနှင့် ဆူညံနေ၏။

ထိုအခါ ဒေါ်ဖီးကွက်မ လက်ကာဟန့်ရင်း –

"အားလုံးရဲ့သားတွေ တော်ကြတယ်၊ လိမ္မာရေးခြား ရှိကြတယ်၊ အရှာအဖွေကောင်းကြတယ်ဆိုတာ ဖီးဖီး သိပါတယ်၊ ဒါကြောင့်လည်း ဘယ်သားဆော်မောင်နဲ့မှ သမီးနဲ့ သဘောမတူနိုင်တာပါ"

"ဘာ"

ဒေါ်ဖီးကွက်မ စကားအဆုံး သားတို့မိခင်များရဲ့နှုတ်က ဘာသံတွေ ထွက်ကျ၏။

"ဘယ်လို ခွေတို့သားက အရှာအဖွေကောင်းတဲ့သားဖြစ်လို့ လက်မခံတာ ဟုတ်လား ဖီးဖီး"

"ဟုတ်တယ်လေ"

"ဘာဖြစ်လို့လဲ ဖီးဖီးရဲ့၊ သားက အရှာအဖွေကောင်းမှ ဖီးဖီးသမီး ပြည့်ပြည့်စုံစုံနေရမယ်လေ"

"ဒီလိုပါ"

ဒေါ်ဖီးကွက်မ သားရှင်တွေကို ဝေ့ကြည့်ရင်း စိတ်မသက်မသာဖြင့် ပြောလေသည်။

"ဖီးဖီးသမီးက အသုံးအဖြုန်း အင်မတန်ကြီးတယ်၊ မိတစကားလည်း နားမထောင်ဘူး၊ ထင်ရာစိုင်းနေတဲ့ သမီးဆိုးလေး ဖြစ်နေလို့"

"ဟင်"

သားရှင်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့အားသင့်ကုန်ကြသည်။

"ဟုတ်တယ်၊ ပြောရင် ယုံကြမှာမဟုတ်ဘူး။ ဖီးဖီးသမီးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဖိုး အသိဆုံးပါ။ အိမ်ရှာက ထဖို့ အနှိုးတော်က ရွှေခြူသံလေးပေးပြီး နှိုးရတယ်၊ ရေချိုးဖို့လည်း ရေချိုးတော်က ရယ်ဒီဖြစ်နေရတယ်၊ အလုပြင်တာတောင် နိုင်ငံတကာသင်တန်းဆင်းလက်မှတ်ရထားတဲ့ အလှဖန်တီးရှင်ကို ပင်တိုင်ငှားထားရတာလေ၊ မနက်စာကို ဟိုတယ်ပေါင်းစုံက မှာစားပြီး၊ တစ်နေကုန် တိုသွားဒီသွားပြီး ပိုက်ဆံ ဖြုန်းတီးနေတာက နေ့တိုင်း။ ညဆိုလည်း ကလပ်မှာပဲ အချိန်ဖြုန်းတယ်၊ ပြီး ညနှစ်ချက်တီးလောက်မှ ပြန်လာတာ၊ ပြန်မလာချင်လည်း မလာဘူး။ ထရိန်းဒါးမှာ နှစ်ချုပ်နဲ့ ကိုယ်ပိုင်းအခန်းငှားပြီး နေတာလေ''

ဒေါ်ဖီးကွက်မ ပြောနေတဲ့စကားတွေ နားထောင်ရင်း သားရှင်တွေ ပါးစပ်ဟာစိဖြစ်လေသည်။

''ဟုတ်ပဲ ဟုတ်ရဲ့လား ဖီးဖီးရယ်''

စိန်တုတွေချည်း ဆင်ထားတဲ့ ဒေါ်ဆွေဆွေလင်းက မယုံနိုင်စွာ မေးသည်။ ဒေါ်ဖီးကွက်မ အောင့်မထားနိုင်ပါ။ ပြောချင်လျက်နဲ့မို့ ဒလဟော ပြောချသည်။

''သမီး မလိမ္မာကြောင်း ပြောရရင် တစ်လလောက် အချိန်ယူပြောရင် တောင် ကုန်မှာမဟုတ်ဘူး၊ တကယ်ပါ''

''အိုး ဘာပဲဖြစ်ဖြစ် သင်းလဲ့ရီကတော့ သားနဲ့ ဖြစ်စေချင်တယ်။ ဖီးဖီးသမီး မလိမ္မာသမျှ၊ သုံးဖြုန်းသမျှ သားတော်မောင် ရှာဖွေပေးနိုင်ပါတယ်။ ဟင့် ဟင့် ဟင့်''

ဒေါ်သင်းလဲ့ရီမျက်နှာဝင့်ဝင့်နဲ့ သားရှင်အားလုံးထက် ခပ်ကြောကြော လေး ပြောလေသည်။ ကျန်သားရှင်တို့က ဒေါ်ဖီးကွက်မကိုပဲ ကြည့်၏။

ဒေါ်ဖီးကွက်မ ခေါင်းအသာရမ်း၍ –

''အဲလိုရှာဖွေပေးနိုင်လေ သမီးက ပိုဖြုန်းလေ ဖြစ်နေမှာလေ''

''ဖြုန်းပစေပေါ့''

''ဟင့်အင်း သမီးက ထိုင်ဖြုန်း၊ သားမက်က ကုန်းရုန်းရှာဖွေပေး





နေရတာက မတန်ပါဘူး၊ မိဘအိမ်မှာတုန်းကလည်း လိုသလို ဖြုန်းသုံး၊ လင့် အိမ်ရောက်တော့လည်း ဖြုန်းသုံးဖြစ်နေရင် ဘဝတန်ဖိုးနဲ့ ပိုက်ဆံတန်ဖိုး ပိုပြီး သိ ဖြစ်တော့မှာပေါ့''

''ဒါ ဒါဆို ဖီးဖီးတို့ သဘောက''

''ဖီးဖီးနဲ့ကိုရစ်က သမီးဒဏ်ကို မခံနိုင်တော့ဘူး၊ ဒါကြောင့် သမီး ဖြစ် အသိအမှတ်မပြုနိုင်တော့ဘူး၊ လင်ပေးစားပြီးတာနဲ့ အမွေပြတ် စွန့် လိုက်တော့မယ်''

''အလိုလေ''

''ဒီလိုလုပ်လို့ရမတဲ့လား''

''ဖီးဖီးတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ဘယ်သူက အမွေဆက်ခံမလဲ''

''အဲဒါတော့ မဟုတ်သေးဘူးနော် ဖီးဖီး၊ အမွေဖြတ်မယ့်ကိစ္စ''

သားရှင်အားလုံး လက်မခံနိုင်စွာ ပြောကြ၏။ ဒေါ်ဖီးကွက်မက ခပ် ပြုံးလေးပင် –

''ဖီးဖီးတို့ ရှာထားတဲ့ ပိုင်ဆိုင်မှုက ဖီးဖီးတို့အတွက်ပဲ၊ ဖီးဖီးတို့ပဲ ခံစားမယ်၊ သမီး ခံစားချင်ရင် သမီးဘာသာ သမီးရှာပစေ၊ မိဘက အပင်ပန်းခံ ပြီး ရှာဖွေစုဆောင်းခဲ့တာ တစ်သက်လုံး သုံးဖြုန်းပစ်ဖို့ မဟုတ်ဘူးလေ၊ ဖီးဖီး ချမ်းသာတာ ခုလိုဖြစ်လာတာ ဘယ်မိဘဆီကမှ အမွေရလို့ မဟုတ်ဘူး။ ခြေ လက်ဖဝါးဗလာနဲ့ ကြိုးစားပြီး အခြေအနေကြီးအောင် ထူထောင်လာခဲ့တာ၊ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားတဲ့၊ ရှေ့စကားရှိတယ်မဟုတ်လား။ ဒင်း မိဘခြေရာအတိုင်းလိုက်ပြီး ကြိုးစားပစေ၊ ဖီးဖီးတို့ နွားကြီးတွေ ရှေ့က ဖြောင့်သွားတယ်၊ ဒင်း မလိုက်နိုင်ရင် သူ့ထိုက်နဲ့သူ့ကံ ခွေးဖြစ်ပလေ့စေ''

ဒေါ်ဖီးကွက်မ ပြတ်ပြတ်သားသားပြောနေတာက သားရှင်တို့အဖွဲ့က ကြောင်ချက်မှဲ့စွာ။

ဒေါ်ပုလဲသစ် ဆက်လက်နားထောင်ဖို့ ဣန္ဒြေမဆည်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သားရှင်တွေလည်း မအူမလည်နဲ့ ယောင်တောင်တောင် ဖြစ်ကြ၏။

ဘယ်သမီးရှင်က ဒီလိုလုပ်မတဲ့လဲ။

သမီးလေးတစ်ယောက်တည်းရှိတာကို လင်ပေးစားပြီး စွန့်ပစ်မလို့တဲ့။

"ဒါ ဒါဆို"

"ဟုတ်တယ် ခွေတို့ရဲ့ သမီးကို ကလေကချေနဲ့ပဲ ပေးစားမယ်"

"ဟွန်း"

ပြောလို့ပင်မဆုံးသေး ဒေါ်ခွေခွေလင်း ဆတ်ခနဲ့ထကာ ခါထွက်သွားသည်။

ဒေါ်စုစုနဲ့ ဒေါ်သင်းလှဲ့ရီလည်း မျက်နှာတွေ စပရိန့်လိုဖြစ်ကာ ထသွားကြပြန်သည်။

သားရှင်တွေနဲ့ ဇိမ်ခံကားတွေ အလျှိုလျှိုနဲ့ စံအိမ်ထဲက ထွက်သွားကြတာ ဒီရေကျသလို။

နောက်ဆုံး ညှော်ခန်းအပြင်မှာ ရပ်နေဆဲ ဒေါ်ပုလဲသစ်နဲ့ ဒေါ်သဇ္ဇာချိုပဲ ကိုးကြည့်ကြောင်ကြည့်နဲ့ ကျန်ရစ်ကာ –

ဒေါ်ဇီးကွက်မ သဘောထားကို ခေါင်းတခါခါနဲ့ –

သမီးကို လမ်းဘေးရောက်အောင် တွန်းချနေတဲ့ ဇီးဖီးနဲ့ ရစ်ရစ် ဇီးကွက်လို မျက်လုံးပြူးပါစေတော်။

ရင်ထဲမှ မကျေမနပ် ကျိန်ဆဲလေသည်။

ပြီးတော့ ဇီး+ရစ် စံအိမ်တော်ထဲက လှည့်ပြန်ခဲ့ရတဲ့အဖြစ်။

အားလုံးထဲမှာ ဒေါ်သဇ္ဇာချို့ စိတ်အပျက်ဆုံးရယ်။

ငွေရားလေး ရမလားဆိုပြီး သားရှင်တွေကို တစ်အိမ်တက်ဆင်း သတင်းပို့ရတာ ခြေတို့မတတ်။ ပြောရဆိုရတာ ခွေးရူးလို အမြှုပ်ထွက်လုလု ခုတော့ –

✿ ✿ ✿



"မင်းသမီး ဒီဖက်ရှင်လေး ကြည့်ပါဦး"

ပန်းချယ်ရီပြသည့် ဖက်ရှင်လေးကို မင်းသမီး ယူကြည့်၏။ ထိုင်ဝမ်မိတ်[illegible]သားအကျီလက်ပြတ်လေးပါ။

ကျောနဲ့ရင်မှာ ဖဲနဲ့ အမြှောင်းလိုက် ခွဲထားသလို အမွှေးဖွာ လန်နေ[illegible] အထဲက ဆွဲသားကိုယ်ကျပ်တစ်ထပ်ပါသေး၏။

အောက်ပိုင်းက အလွှာအထပ်ရောင်စုံပါတဲ့ ဒူးတိုက်စကတ်တိုနှင့်[illegible] အရောင်အသွေးနဲ့ ဖက်ရှင်က မြင်တာနှင့် စိတ်ဝင်စားစရာ။

"မီးနဲ့လိုက်မယ့်ဒီဇိုင်းပဲ မီးရဲ့"

သရဖီကျော်က ငယ်ကျွံ့မပျောက်သေးပါ။ ခုချိန်ထိ ခပ်မြှောက်မြှောက်[illegible]

မင်းသမီးကလည်း ဒီလိုမြှောက်တာလေးပဲ သဘောကျကာ ဗိုလ်တ်စုံကို[illegible]ဖြတ်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်တယ်ဆိုရင် ဝတ်ကြည့်လိုက်မယ်"

"ဝတ်လိုက်ပေါ့ မီးရဲ့၊ မီးဒီဇိုင်း လန်းနေမှာလေ၊ ရှော့ပင်း ထွက်ဖို့ အသာတာ တစ်စုံ၊ ဈေးဝယ်ရင်း တစ်စုံ၊ ဒီလို အလဲအလှယ် လုပ်နိုင်တာ မီးမီး ရဲ့ မူပိုင်"

"အမယ် အမြှောက်မတွေ ရှင်တို့လည်း ကြိုက်တဲ့ဖက်ရှင် ရွေးယူကြ ဦး အဝတ်လဲလိုက်ဦးမယ်"

မင်းသမီး ပြောပြောဆိုဆို ထိုဝတ်စုံယူပြီး အဝတ်လဲခန်းထဲ ဝင်သွားသည်။

ပြင်သစ်မှ မှာယူဝတ်ဆင်ထားသော ကိုယ်ပေါ်က ဝတ်စုံလေးကို ချွတ်ကာ ဝတ်စုံအသစ်လေး မင်းသမီး လဲဝတ်၏။

ဝတ်စုံသစ်လေးဖြင့် လှနေသော မင်းသမီးကိုယ် မင်းသမီး ကိုယ်လုံး ပေါ်မှန်ရှေ့မှာ လှည့်ပတ်ကြည့်သည်။

ကိုယ်လုံးအလှလေး ပေါ်လွင်နေသည့် ထိုဝတ်စုံလေးနဲ့မို့ မင်းသမီး ကိုယ် မင်းသမီး ကျေနပ်သွားသည်။

အဝတ်လဲခန်းထဲက ပြန်ထွက်ခဲ့တော့ သူငယ်ချင်းနှစ်ယောက်ကို မျက်လုံးလေး ဝင့်ကြည့်၏။ -

"ဟယ်တော့ ကြည့်စမ်း သရဖီပြောတဲ့အတိုင်း အရမ်းလှတာပဲနော်"

"လှရမယ်လေ၊ မင်းသမီးပဲရှင့်"

မင်းသမီး ကော်လံထောင်ဟန်အမူအရာလေးနဲ့ ပြောလိုက်တော့ သူငယ်ချင်းနှစ်ယောက် သဘောတကျ ရယ်ကြသည်။

"ကဲ ရှင်တို့လည်း ကြိုက်ရာရွေးပြီးပြီလား"

"ဒီမှာ"

ထိုနှစ်ယောက် လက်နှစ်ဖက်နဲ့အပြည့်ဆွဲထားသည့် ဖက်ရှင်အိတ်တွေ မြှောက်ပြသည်။ တစ်ယောက်ကို ခြောက်စုံမက စိတ်ကြိုက် ယူထားတာ





လေ။

"ရရင်ပြီးရော၊ ရှင်တို့အတွက် ရှင်းပေးလိုက်မယ်"

"ဟီး အားနာစရာ"

"နောက်တစ်စုံလောက် ထပ်ရွေးလိုက်မယ်"

အားနာစွာပြောပြီး နှစ်ယောက်သား တစ်စုံစီ ရွေးကြပြန်သည်။ မင်းသမီး မမှုပါ။

ရွေးယူသမျှအတွက် ကျသင့်ငွေကို ကောင်တာမှာ ရှင်းပေးလိုက်သည်။ ဖက်ရှင်ရှော့ပ်တွင်းမှ ပြန်ထွက်တော့ သူငယ်ချင်းနှစ်ယောက်က အထုပ်ကိုယ်စီနဲ့။ မင်းသမီးက ပိုက်ဆံအိတ်သာလွယ်လျက် လက်ဖဝါးဗလာ။

"ဟဲ့ မီးမီး ရှင်ချွတ်လိုက်တဲ့ ဝတ်စုံကော"

"ထားပစ်ခဲ့တယ်လေ"

"အဲ နှမြောစရာကြီး၊ ရှင့်ဝတ်စုံက ပြင်သစ်နာမည်ကြီးဖက်ရှင်ဆိုင်က တော့တ်လား၊ သွားပြန်ယူမယ်လေ"

"နေပါစေ၊ မရှိတဲ့သူတွေ ကောက်ဝတ်ပစေ၊ လာ အချိန်ဖြုန်းမနေနဲ့ အရောက်ရဦးမယ်၊ ပြီးရင် လည်ရဦးမယ်လေ၊ အချိန်ကို စိစစ်ပြီး သုံးတတ်ရတယ်ဟ၊ လာ သွားမယ်"

မင်းသမီးက သူငယ်ချင်းတွေကို ဆွဲခေါ်လျက်။ သူငယ်ချင်း နှစ်ယောက်က နှမြောတသစွာ သမင်လည်ပြန်ကြည့်သည်က ရေသည်ယောက်ျား စိတ်မျိုးနဲ့။ မင်းစည်စိမ်ရတာတောင် မတင်းတိမ်နိုင်။

မြို့ရိုးကြားမှာ ဝှက်ထားတဲ့ ငွေလေးရွေးကို ပြေးယူဖို့ ဆန္ဒပြင်းပြသလို သူတို့နှစ်ယောက်လည်း မင်းသမီး ချွတ်ထားခဲ့တဲ့ ဝတ်စုံလေးကို ပြေးယူချင်နေသည်။ မင်းသမီး ခွင့်မပေးလို့သာ။

✿ ✿ ✿



www.burmeseclassic.com

‘ကွီ’

မင်းသမီး အညောင်းပြေအောင် လက်ဆန့်လိုက်သည်နှင့် တက္ကစီဆိုင်းဘုတ်တပ်ထားသော ကားဖြူလေးတစ်စီး အနားမှာ လာရပ်၏။

မင်းသမီး မျက်မှောင်ကြုတ်ကြည့်မိသည်။

အသက်က မင်းသမီးထက် သိပ်ကြီးလှမယ်မထင်။

ဒါပေမဲ့ ဝန်ထုပ်ဝန်ပိုး အကြီးကြီးထမ်းထားရပုံပေါ်သော အနှီ တက္ကစီဒရိုင်ဘာ ခေါင်းပြူထွက်ရင်း အလုပ်သဘောဆန်စွာ မေးလိုက်သည်။

“ညီမ ဘယ်သွားမလို့လဲ”

“ဟမ်း”

“ဘယ်သွားမလဲလို့”

“ဟ ကျွန်မ ဘယ်သွားရမလဲ၊ ဒီမှာ ရပ်ချင်လို့ ရပ်နေတာလေ”

“ဟာ ဒါဆို ဘာလို့ လက်တားရတာလဲ”





“ဘာ လက်တားတာ၊ ဘယ်သူတားလို့လဲ”

“မင်း လက်တစ်ဖက်က ဘာလို့ဆန့်ထွက်ရတာလဲ”

“ညောင်းလို့”

“ကျွတ်”

ဒရိုင်ဘာငနဲ စိတ်မရှည်တော့ပါ။ သူ့ကားသူ မောင်းထွက်ဖို့ ပြင်လျှင်–

“နေ နေ ဦး”

မင်းသမီး အလောတကောတားလျှင် ဒရိုင်ဘာ မျှော်လင့်တကြီး ကြည့်သည်။

“ဒါနဲ့ ရှင်တို့ တက္ကစီဒရိုင်ဘာတွေက ဒီလိုပဲလား”

“ဘာလဲ”

“မိန်းကလေးတွေ လက်လှုပ်တာနဲ့ တကျိကျိ ထိုးရပ်ပြီး ဘယ်သွားမလဲ မေးတော့တာပဲလား”

“ဒီမှာ အလုပ်သဘောကွ၊ အလုပ်သဘော၊ ကျွတ် ဘယ်လို စပရိန်နဲ့ တွေ့နေလည်း မသိဘူး၊ ကဲ သွားမလား၊ မသွားဘူးလား၊ တစ်ခွန်းတည်း ပြော”

“သွားမယ်”

မင်းသမီး စိတ်ကူးတစ်ခုရသည်နှင့် သွားမယ်ပြောမိ၏။

“သွားမယ်ဆို ကားပေါ်တက်”

“ဘာ ကားပေါ်တက်ရမယ်”

“ဟုတ်တယ်လေ၊ သွားမယ်ဆို ကားပေါ်တက်ရမှာပေါ့ကွ”

“ဒီအတိုင်းတော့ မတက်နိုင်ဘူး”

“အဲဒါဆို လေးဘက်ထောက်ပြီးတက်”

“ဘာ၊ ဘာပြောတယ်”

မင်းသမီး ကားနားပိုကပ်သွားကာ လက်တစ်ဖက် ခါးထောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

"မင်းကြားတဲ့အတိုင်းပဲ၊ ကဲ တက်မယ်ဆိုလည်း မြန်မြန်တက်ကွာ၊ ဒီမှာ ထွက်ချင်နေပြီ"

"ထွက်ချင်ရင် မြန်မြန်အိမ်သာသွားတော့လေ"

"အေး၊ ကျေးဇူးပဲ၊ တောက် အရစ်"

ရွှေဒရိုင်ဘာ တကယ်ထွက်တော့မည် ထင်သည်။

မအောင့်နိုင်သော မျက်နှာပေးနှင့် ကားကို ဂူးခနဲ မောင်းထွက်လိုက်သည်။

မင်းသမီး သဘောကျစွာ လက်ခုပ်လေးတီးရင်း ရယ်၏။

✿ ✿ ✿



"ဖျောင်း"

မင်းသမီး လက်ခုပ်သံလေး ဘယ်လောက်ကျယ်သွားသည် မသိပါ။ ဘေးဖက်လမ်းကြောမှာ ပြေးလွှားနေသော တက္ကစီကားအနီရောင်လေး ချက်ချင်း မောင်းလာပြီး လာရပ်သည်။

"ဘယ်သွားမလို့လဲ ညီမ"

"ဟမ်း"

မင်းသမီး အံ့သြရပြန်သည်။

ဒီဒရိုင်ဘာမျက်နှာက မီးခိုးလို ခပ်မှောင်မှောင်၊ မင်းသမီးကို ကြည့်တဲ့ မျက်လုံးက မီးညွှန့်လို တောက်ပပါသည်။

မင်းသမီးလည်း တောက်ပစွာ ပြန်ကြည့်လျှင် –

"ပြောလေ ညီမ၊ ဘယ်သွားမလို့လဲ၊ လိုက်ပို့ပေးပါရစေ"

"တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ ညီမရဲ့"

"အဲဒါဆို ပြီးရော"

မင်းသမီး မြူးမြူးကြွကြွလေးနဲ့ ကားနောက်ခန်းပေါ် တက်သည်။ မင်းသမီး ကားပေါ်တက်သည်နှင့် ကားလေး လျောခနဲ့ မောင်းထွက်၏။

ဒရိုင်ဘာ ကားမောင်းနေရင်း မင်းသမီးကို နောက်ကြည့်မှန်ထဲမှ မြင်း၏ သူ့ရုပ်ကိုမှ သူအားမနာ။

မျက်နှာက မီးခိုးလို မှောင်ကာ ခုံးကြွနေတဲ့ သွားနှစ်တန်းက သွားတိုက်ဆေး ကြော်ငြာလို့ရလောက်အောင် ဖြူဖွေးစင်ကြယ်လျက်။ ပြုံးလိုက်တိုင်း အရောင်ထွက်၏။

"ဒါနဲ့ ညီမ ဘယ်သွားမလို့လဲ"

"ရှစ် pluse ဇီး စံအိမ်တော်"

"ဟမ်း"

"မဟမ်းနဲ့၊ ပြောတဲ့အတိုင်း မောင်း"

ဒရိုင်ဘာ ပို၍ရှုံ့မိ၏။ ရှစ် pluse ဇီးစံအိမ်တော်တဲ့။ ဒီမိန်းကလေးက ရှစ် pluse ဇီးစံအိမ်တော်နဲ့ ဘယ်လိုပတ်သက်လို့လဲ။

ဒရိုင်ဘာ အတွေးမဆုံးခင် ထိုစံအိမ်တော်ရှေ့ရောက်လေပြီ။ ထိုအခါ မင်းသမီးလေး သွက်သွက်ကလေး ဆင်းချသွားလျှင် –

"ဟာ ဟေ့ ဟေ့ တက္ကစီခပေးဦးလေ"

"ဘာလဲ ရှင်ပဲ ပို့ပေးမယ် ပြောပြီးတော့"

"ဟ ငါ ပို့ပေးမယ်ဆိုတာက အလကားပို့ပေးမယ်လို့ ပြောလို့လား ကားကိုလည်းကြည့်ဦး တက္ကစီဆိုင်းဘုတ် တင်ထားတာလေ"

"ရှင်ဘာရှင့် တင်ထားတာ၊ ရှင်ပြောတဲ့အတိုင်း ပို့ပေးမယ်တဲ့၊ ကဲ ပို့ပေးတဲ့အတွက် ကျေးဇူးပဲ၊ ဘိုင်"

မင်းသမီး မြူးမြူးသွက်သွက်လေးပြောကာ ခြံဝင်းထဲ တစ်ရှူးထိုး





[illegible]င်သွားလေသည်။

"ဟာ ဟေ့ ဟေ့"

ဒရိုင်ဘာ ကမန်းကတန်း ကားပေါ်က ဆင်းကာ ခြံတံခါးနား ရောက် [illegible]

"ဟေ့ ကားခပေးဦးလေကွာ၊ ဘယ်လို မိန်းကလေးလဲ၊ ရုပ်နဲ့ [illegible]ဆိုက်ဘူး၊ တောက်"

ဒရိုင်ဘာ မကျေမနပ်ဖြစ်ကာ –

သူ့ပါးသူ ရိုက်ချင်လာသည်။

သူပဲ ပြောတာလွဲသလား။

မလွဲပါဘူး။

လွဲနေတာ ဒီမိန်းကလေး။ နေနှင့်ဦး။

ဒရိုင်ဘာ ကိုပြာမောင်အကြောင်း သိစေရမယ်။ ခုလောလောဆယ် [illegible]တော့ ကိုပြာမောင် ခံထားဦးမည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"တင်းတယ်ကွာ၊ တင်းတယ်"

ဂိတ်မှာ ကားထိုးရပ်လာသည်နှင့် ကိုပြာမောင့်အသံ လျှံထွက်လာသည်။ တက္ကစီကား ဘေးနားမှာရပ်ပြီး ဂျာနယ်ဖတ်နေသည့် ကိုတာ တစ်ချက်ကြည့်ရင်း ပြောလိုက်၏။

"တင်းရင် လျှော့လိုက်ပေါ့ကွ"

"လျှော့လို့ မရဘူးကွ၊ တင်းတာမှ နည်းနည်းပါးပါး မဟုတ်ဘူး ခြေကုန်လက်ကုန်ကွ၊ တကယ်တင်းတယ်"

"ခင်ဗျား တင်းတယ်ပြောတာ ဘာတင်းလို့လဲ၊ ခင်ဗျား တစ်ကိုယ်လုံးက အရင်အတိုင်း ပိန်လှပ်လှပ်လေးပဲ မဟုတ်လား"

"ဟား မင်းလခွေးမှုပဲ၊ ငါတင်းတာက ကိုယ်တင်းတာ မဟုတ်ဘူး စိတ်တင်းတာကွ၊ စိတ်တင်းတာ"

ကိုပြာမောင် ငန်းစောင်းလို စောင်းငန်းငန်းကြည့်ရင်း ပြောသည်။





ကိုတာ ဟက်ခနဲ ရယ်ချရင်း –

"မသိဘူးလေဗျာ၊ ခင်ဗျား တင်းတယ်ဆိုနဲ့ တစ်အော်တည်း အော်နေတာ ကြည့်လိုက်တော့လည်း ခင်ဗျားကိုယ်က အရင်အတိုင်း ဘယ်နေရာမှ တင်းနေတာ မတွေ့ဘူးဆိုတော့"

"ဟုတ်သားပဲဗျာ၊ ခင်ဗျား တင်းတယ်ချည်း အော်နေတော့ ကိုယ်တို့လည်း လိုက်ကြည့်တယ်ကွ၊ ဘယ်နေရာ တင်းနေသလဲလို့ မမြင်ရတဲ့နေရာမှာများ ဘာလား"

ခုံတန်းမှာထိုင်ပြီး ကွမ်းဝါးနေသော ကိုမှိုင်းမင်းကလည်း ဝင်ပြောသည်။ ကိုပြာမောင် ပို၍ပင် တင်း၏။

"ဟာ ခင်ဗျားတို့က တမျိုး"

အပေါင်းအသင်းများကို ဖိပြောရင်း မိန်းမဆန်ဆန် မျက်စောင်းထိုး၏။

"ဆိုစမ်းပါဦး"

ကိုတာ မနောက်ချင်တော့ပါ။ ကိုပြာမောင့်ပခုံးကို လှမ်းဖက်၍ မေး၏။

ကိုပြာမောင်ကလည်း မပြောရရင် ရင်ထဲရှိနေတဲ့စကားလုံးက ထိုးဆောင့်နေသလို ခံစားရသည် မဟုတ်လား။

တက္ကစီသမားများ ထိုင်နေသော ဗန်ဒါပင်အောက်မှ ခုံပိုင်းကြီးမှာ ကိုပြာမောင် ဝင်ထိုင်ရင်း –

"မိန်းကလေး ချောချောလှလှလေးကွာ"

ကိုပြာမောင်စကား စပြောသည်နှင့် တက္ကစီသမားအားလုံး ဝိုင်းရယ်ကြ၏။ ဝိုင်းရယ်ကြတဲ့အပေါင်းအသင်းတွေကို ကိုပြာမောင် ဘုကြည့် ကြည့်ပြီး –

"ခင်ဗျားတို့ ဘာရယ်တာလဲ"

"ခင်ဗျား စကားစကတည်းက မိန်းကလေးချောချောလှလှနဲ့ စတာ



www.burmeseclassic.com

www.burmeseclassic.com



တို့။ ခံရတာတောင် နည်းသေး''

ကိုချစ်ထွန်းက ကွမ်းတံတွေးထွေးရင်း လှမ်းပြောသည်။ ကိုတာလည်း ရယ်ရှိန်မပျက်ဘဲ ဝင်ပြော၏။

''ဟုတ်သားပဲ ခင်ဗျားကလည်း၊ ခင်ဗျား မိန်းကလေးလှလှတွေနဲ့ ကြုံတိုင်း ခံနေတာချည်းပဲ မဟုတ်လား၊ ဒီတစ်ခါ ခံရတာက ပိုပြင်းတယ် ဖြစ်မယ်''

''ပြင်းတာမှ လက်ကုန်ကွာ၊ တက္ကစီတားစီးပြီး ကားခမပေးဘဲ လစ် ပြေးတာ''

''အကြွေးမှတ်လိုက်ကွာ''

''မင်းလန္ဒီး အကြွေးမှတ်လို့ရမလား၊ ကားဆွဲမကောင်းတဲ့ ကြားထဲ ရှေ့ဦးလေးများ ပေါက်မလားဆိုပြီး ယဉ်ယဉ်ကျေးကျေး ကားပေါ်ခေါ်တင်မိ ပါတယ်''

''အလှူလို့ သဘောထားလိုက်တော့ဗျာ''

'ကျွတ်'

ကိုပြာမောင် ခေါင်းကုတ်ရတော့သည်။

ဒီငနဲမလေး ရူးများနေသလားလို့လည်း မကျေမနပ် ရှုတ်၏။ ကိုတာ ပခုံးလေးပင့်ကာ ကိုပြာမောင့်ကို စာနာစွာကြည့်သည်။

''တချို့မိန်းကလေးတွေက ဒီလိုပဲကွ၊ ရုပ်နဲ့ မလိုက်ဘူး၊ ပရိယာယ် များများရယ်''

သူလည်း ဒီနေ့ခင်းက အရစ်မလေးတစ်ယောက်နဲ့ ကြုံခဲ့ပြီ မဟုတ် လား။ ဒါကြောင့် ကိုယ်ချင်းစာစကားပြောမိခြင်း။

''ဘာလဲ မင်းလည်း ခံဖူးလား''

''ဒီလိုပေါ့ကွာ၊ တစ်ခါတလေ စုန်းပြူးမလေးတွေနဲ့ကြုံရင် ဒီလိုပဲ လမိုင်းမကာပ်ဘူး''





အဲဒီတုန်းက သူကလည်း ဆီးသွားချင်တာ တအားပဲ။

လက်တားတော့လည်း ရပ်မိပါတယ်၊ တစ်ကြောင်းဆွဲလို့ ထောင့်ငါးရာ နှစ်ထောင် ရလည်း မနည်းဘူး မဟုတ်လား။

ပိုက်ဆံမျက်နှာကြည့်ပြီး ဆီးသွားချင်တာတောင် မသွားတော့ဘဲ ဆုံး ဖြတ်ပြီး အောင့်ထားမိသည်။

ဒင်းက ဘာကြောင့်မှန်းမသိဘူး။

ဒါနဲ့ လစ်ထွက်ခဲ့ရတဲ့အဖြစ်။ မထွက်ခဲ့ရင် ကားပေါ်မှာတင် ရှူးရှူးက မြားရာသိကျသွားနိုင်သည်။

သူ့အကြောင်း သူပြောပြလိုက်တော့ ကိုပြာမောင် ပါးစပ် မပိတ်တမ်း ရယ်၏။

''ဖြစ်ရမယ်ကွာ''

လို့လည်း အားလုံးက မှတ်ချက်ပေးသည်။

''ဖြစ်ရမယ် မဟုတ်ဘူး၊ ဖြစ်ကို ဖြစ်သွားတာ၊ တကယ်ကွာ တင်း အယ်ဆိုတာ ကိုတာမှတင်းတာ ကိုပြာမောင်ရဲ့ ဆီးကြောတင်းတာလေ''

''ဝါးဟားဟားဟား''

တစ်ယောက်က ပြောတော့ တစ်ပွဲလုံး ဝိုင်းရယ်ကြ၏။ ကိုတာလည်း မျက်ရည်ရှက်နဲ့ ရယ်ကာ။

တင်း၏ယ် မိန်းကလေးရယ်။

မင်းလေးကြောင့် ဆီးကြောပါ တင်းတယ်ကွ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"တောက်"

ဦးပုရစ်ကြော် သည်းမခံနိုင်တော့ပါ။ ပုရစ်ကောင် တကြော်ကြော် အော်နေသလို တောက်ခေါက်ရင်း အော်ဟစ်ပြောဆိုလေသည်။

"သမီး ဖြုန်းတီးအိုးမ၊ လာခဲ့စမ်းကွာ"

"ဟွန့် ဖေဖေကလည်း မင်းသမီး ဘာဖြုန်းလို့လဲ"

"ဘာဖြုန်းသလဲ ပြန်မမေးနဲ့ ညက ကလပ်မှာ ဖေဖေ့နာမည် အပေါင်ထားပြီး သောက်စားခဲ့တာ ဘယ်လောက်ဖိုးတောင်လဲ၊ ဒီမှာကြည့်စမ်း ဘောလ်စာရွက်၊ ရှန်ပိန်တစ်လုံး ဆယ်သိန်းကျော်တန် သောက်တာ၊ နှစ်ပုလင်းခွဲတောင်၊ တခြား အမြည်းဘာညာနဲ့ သိန်းဘယ်နှစ်ဆယ်ကျလဲ ကြည့်လေ"

ဘောလ်စာရွက်ထိုးပေးရင်း ဖေဖေ ပြော၏။ မင်းသမီး လှမ်းမယူပါ။ ဘယ်လောက်ကုန်ကျမလဲဆိုတာ သူမ သိပြီးသား။

"ဖေဖေကလည်း မီးတစ်ယောက်တည်း သောက်တာမဟုတ်ဘူး၊ သူ





ငယ်ချင်းတွေ အများကြီးညစ္စာ၊ ဒါတောင် ချွေတာပြီး သောက်ကြစားကြတာလေ"

"တော်စမ်း"

ဦးပုရစ်ကြော် ငှက်ဆိုးလို ဆိုးဆိုးဝါးဝါး အော်ဟစ်လိုက်သည်။ မင်းသမီး ကြောက်ချင်ဟန်ဆောင်ကာ ကိုယ်လေးကျုံ့နေမိသည်။

"မနေ့ကလည်း ဒီလိုပဲ"

"အို ဖေဖေကလည်း မနေ့က မီး ကလပ်မသွားပါဘူး"

"ကလပ်မသွားဘဲနဲ့ တိုက်ထဲ ကြွက်လိုမွှေပြီး ဘာလုပ်လိုက်သလဲ"

မင်းသမီး စိတ်ပျက်ချင်ဟန်ဆောင်ကာ ဆံပင်ကို ဖွပစ်၏။

"ပြောလိုက်လေ အဖြုန်းမလေး"

မေမေက တိတ်တိတ်ဆိတ်ဆိတ် စောင့်ကြည့်နေတာ၊ အဆုံးထိ ကြည့်နေတာ မဟုတ်ဘူး။ မင်းသမီး ပခုံးကိုပုတ်ပြီး ပြောလိုက်ဖို့ တောင်တစ်လုံးနဲ့ ဒီသလို လေးလေးကြီး ဖိအားပေးလာသည်။

"ဟို မီး ဘာလုပ်မိလို့လဲ ဖေဖေ"

"ဘာလုပ်မိလဲ ဟုတ်လား၊ အလုပ်ကိစ္စအတွက် မီးခံသေတ္တာထဲ ညှပ်ထားတဲ့ ငွေသိန်းငါးရာ၊ အဲဒီပိုက်ဆံ"

"အဲဒါ မီးသုံးတာမဟုတ်ဘူး၊ ပန်းချယ်ရီပေါ့၊ သူ့ယောက်ျား ကုမ္ပဏီ ဖွင့်ပေါ်နေလို့ ငွေအရေးပေါ်လိုတယ်၊ အဲဒါ မီးမှာ အကူအညီတောင်းတာနဲ့ မီးခံသေတ္တာထဲ အိပ်နေတဲ့ ပိုက်ဆံတွေ ထုတ်ပေးလိုက်တာပါ"

"ဘာ"

ဦးပုရစ်ကြော် ဒီတစ်ကြိမ် အော်ထည့်လိုက်တဲ့အသံက အကျယ်ဆုံး ဖြစ်၏။ နံရံမှာ ပြေးလွှားနေသော အိမ်မြှောင်အပျိုဖြန်းလေးပင် လန့်ဖျန့်ကာ ...မှာ မပြေးနိုင်ဘဲ ကြမ်းခင်းပေါ် ခြေလွှတ်လက်လွှတ် ကျသွားလေသည်။

"ဖေဖေကလည်း ဖြည်းဖြည်းအော်ပါ၊ ဟိုမှာ အိမ်မြှောင်တောင် ...သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ဖအေ ဒီလောက်အော်နေတာတောင် ညည်းက မလန့်ဘူးပေါ့ ဟုတ်လား အဖြုန်းမ"

"မေမေကလည်း"

ဖေဖေ့ဘက်က ဝင်ပြောသည့် မေမေ့ကို မင်းသမီး မကြည်လင်စွာ ပြော၏။ ပြောလို့မဆုံးသေးခင် ဖေဖေ အမိန့်ပေး၏။

"ဒီမှာ အဖြုန်းမ၊ အဲဒီပိုက်ဆံ အခုချက်ချင်း ပြန်ယူခဲ့"

"ဖေဖေကလည်း အဓိပ္ပာယ်မရှိတာတွေ ပြောနေပြန်ပြီ၊ အဲဒီပိုက်ဆံတွေက သူတို့လုပ်ငန်းထဲ ထည့်လိုက်ပြီလေ၊ ချက်ချင်းသွားယူလို့ ဘယ်ဖြစ်မလဲ၊ အချိန်တော့ စောင့်ရမှာပေါ့"

"အချိန်စောင့်ရမယ်ဆို စောင့်မယ်၊ ညည်းလည်း အဲဒီပိုက်ဆံ ရမယ့်အချိန်ကို သွားစောင့်ပြီး ယူ၊ ပိုက်ဆံထုပ်ပါလာမှ တိုက်ပေါ် ပြန်တက်ခဲ့၊ အခုထွက်သွား"

"ဟာ ဖေဖေ၊ ဖေဖေ သမီးကို မနှင်နဲ့၊ သမီးမျက်နှာကို ထောက်ပါဦး"

မင်းသမီး မကျေမနပ် ထပြော၏။

ဖေဖေက မျက်နှာကို ကျီးကန်းရောင်လို မဲပြောင်စွာ တင်းထားလျက်–

"ဘယ်မျက်နှာကိုမှ မထောက်ဘူး၊ ဖေဖေက ပိုက်ဆံမျက်နှာပဲ ထောက်ထားမယ်၊ ပိုက်ဆံထုပ် ပါမလာမချင်း တိုက်ရိပ်မခိုနဲ့၊ ဟေ့ လာကြစမ်း"

ပြောပြောဆိုဆို ဖေဖေခေါ်လိုက်လျှင် အခိုင်းအစေတွေ ပြေးလာကြသည်။ မီးက ဘာလုပ်မလဲပေါ့ စောင့်ကြည့်နေတုန်း –

"ဒီအဖြုန်းမကို ခြံပြင်ဆွဲပစ်လိုက်"

"ဗျာ"

အားလုံး တအံ့တသြနှင့် မပွံ့မရဲဖြစ်ကုန်သည်။ မီးကို အပြင်ဆွဲပစ်လို့ ပြောလိုက်တဲ့ သူတို့ဘောစ့် စိတ်မှကောင်းသေးရဲ့လားဆိုတဲ့ အတွေးနဲ့ပါ။

"ဖေဖေ"





"မခေါ်နဲ့၊ ခုချိန်ကစပြီး သမီးဟာ ဖေဖေ့သမီး ဟုတ်ပေမယ့် သမီးအဖြစ် ဖေဖေ တာဝန်မယူတော့ဘူး"

"ဟာ ဖေဖေ တာဝန်မယူလို့ရလား၊ ဖေဖေနဲ့မေမေ မွေးထားတာလေ"

"ဟုတ်တယ်၊ မွေးတုန်းက မွေးပြီးပြီ၊ ပစ်ရမယ့်အချိန်ရောက်ရင် ပစ်ရမှာပဲ၊ ကဲ မကြားကြဘူးလား၊ ခြံပြင်ဆွဲထုတ်ကြဆိုတာ"

"ကြား ကြားပါတယ်"

"ကြားရင် မြန်မြန်ဆွဲထုတ်ကြ၊ နောက်ထပ် ပြောဦးမယ်၊ ခြံထဲ ဘယ်တော့မှ အဝင်မခံနဲ့၊ ငါ့အမိန့် မပေးမချင်း မဝင်စေနဲ့၊ ဒါပဲ"

ဖေဖေအမိန့်ကို မင်းသမီး မကျေနပ်ပါ။

"ဖေဖေ မတရားဘူး၊ မေမေ ဖေဖေ့ကိုကြည့်ပြောဦး"

"ညည်းအဖေ ကြည့်ပြီးပဲ ပြောနေတာလေ၊ မျက်စိမှိတ်ပြီး ပြောနေတာမှ မဟုတ်တာ"

"ဟာ ကျွတ်"

"လာ လာ မင်းသမီး"

အစေအပါးတွေ သူမကို မတို့ရဲ မထိရဲပေမယ့် ဖေဖေ့အမိန့်နောက်မှာ ရဲရဲတင်းတင်းပဲ ဆွဲထုတ်လေသည်။

"အိုး ရှင်တို့ ဖယ်လေ၊ လွှတ်ဆို ဘယ်လိုဟာတွေလဲ၊ ဖေဖေ ပြောတဲ့အတိုင်း လျှောက်မလုပ်နဲ့လေ၊ အို ဟဲ့"

မင်းသမီး အကြောက်အကန် ငြင်းပေမယ့် မရတော့ပါ။ ဖေဖေ့အစေအပါးလေးယောက် မင်းသမီးကို ခြေလက်တစ်ဖက်စီကိုင်ပြီး ခြံပြင် ဆောက်ဖောင်းမှာ ချသည်။

"ဖေဖေနဲ့မေမေ မတရားမလုပ်နဲ့နော်၊ မီးကို မတရားလုပ်ရင် မီး တရားစွဲမယ်"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

နေမင်းက လတ်လတ်ဆတ်ဆတ် ပူနေပါသည်။

မင်းသမီး နှုတ်ခမ်းကို တွန့်ပြီး နှာခေါင်းကို ရှုံ့ထားလိုက်သည်။ ဘာအပြစ်မှမရှိဘဲနဲ့ ခြံပြင်ဆွဲထုတ်ဖို့ အမိန့်ပေးတဲ့ ဖေဖေ။

မတရားတာက လုံးလုံးလျားလျား မတရားတာမျိုး။

မတရားတဲ့အထဲမှာ မေမေကိုယ်တိုင် အလိုတူ အလိုပါ။ တကယ်ဆို မင်းသမီးလေးတစ်ယောက်တည်းရှိတာ သုံးပေါ့။ ဖြုန်းပေါ့။ ဟုတ်ဖူးလား။

ခုတော့ ပလက်ဖောင်းပေါ်မှာ။

ဒါ ဝမ်းနည်းစရာလား။ မနည်းပါဘူး။ မင်းသမီးမှာ မာနအပြည့် ရှိသည်။ သမီးကို ငွေလောက် တန်ဖိုးမထားတဲ့ မိဘတစ်စုံ။

ရှိစေတော့။

ငွေဆိုတာ ဖေဖေနဲ့မေမေအတွက် ရှာဖွေလို့ လွယ်မယ်။ သားသမီး အရင်းကို မွေးထုတ်ဖို့ မလွယ်ဘူး။ မင်းသမီး သိတာပေါ့။





ဖေဖေက ဟိုရောဂါနဲ့ ဟိုဟာကို ဖြတ်ထားရတယ် မဟုတ်လား။

မေမေကလည်း သွေးသေသွားတာ။ ဆောရီး သွေးဆုံးတာ ဆယ်နှစ်ဆယ်မိုးမကတော့ပြီ။ ဒင်းတို့နှစ်ယောက် ဘယ်လိုပဲ ကြိုးစားကြိုးစား နောက်ထပ် သားသမီးမရဖို့က တစ်ရာမှာ တစ်ရာ့တစ်ဆယ်ရာခိုင်နှုန်းလောက် သေချာတဲ့ ကိစ္စ။

နောက်မှ သမီးရယ်။

ဖေဖေ အမှားကြီး မှားပါတယ်လို့ ဒူးထောက်တောင်းပန်ပြီး တိုက်ပေါ် ခေါ်တင်ရတဲ့ကိန်း ဆိုက်စေရမယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

လျှောက်

လျှောက်စမ်း။

လမ်းမြင်သမျှလျှောက်။

ကိုယ့်ခြေထောက်နဲ့ကိုယ် လျှောက်တာ ဘယ်သူ့ကိုမှ ဂရုစိုက်နေလို့ မရဘူး။ လျှောက်သာ လျှောက်။

ကိုယ့်ကောင်းမှုနဲ့ ကိုယ်လျှောက်ရတာ။

တိုက်ပေါ် ပြန်မတက်ရလည်း ဘာအရေးလဲ။ ပလက်ဖောင်းရှိသမျှ လမ်းလျှောက်နေလို့ ရတယ်မဟုတ်လား။

မင်းသမီးက နိုင်ငံတကာပတ်ပြီး ဘွဲ့ယူထားတဲ့ မိန်းမ၊ ဒီလောက်တော့ မနုံသေးပါ၊ ကိုယ့်ဦးနှောက်က အမိန့်ပေးပြီး ခြေလှမ်းတွေကို အဆက်မပြတ် လှမ်းခိုင်းထားတာ။ နေလုံးအသစ်လေး ထွက်စကတည်းက။

ခုဆို နေက ငယ်ထိပ်တည့်တည့်ရောက်နေပြီ။





ဗိုက်ထဲက ကျည်ဆန်ရထားကလည်း ဂျုံးဂျုံးကျကျ ခုတ်မောင်းနေတာ ကြာလေပြင်းထန်လေ။

ဗိုက်ကဆာ၊ ခြေကညောင်း။ ချွေးက တပြိုက်ပြိုက်ကျလျက်။ တိုက်ပေါ်ကနေ ပလက်ဖောင်းပေါ် ဆွဲထုတ်ခြင်းခံရကာ ခြေထောက်မှာ ဖိနပ်မပါ။

အင်္ကျီကလည်း အိမ်နေရင်းဝတ်ထားတဲ့ လက်တစ်လုံးကြိုးပါးလေးသာပါတဲ့ ဂါဝန်တိုလေး။ ဂါဝန်ကလည်း ခပ်ပါးပါး။ ချွေးတွေ ရွှဲကာ ကိုယ်မှာ ကပ်လျက်။

လမ်းသွားလမ်းလာတွေ မင်းသမီးကိုပဲ ကွက်ကြည့်ကွက်ကြည့်။

အဝတ်ရဲလှချည်လားဆိုတဲ့ မျက်လုံးမျိုးနဲ့။

မတတ်နိုင်ဘူး။ ကြည့်ချင်သလို ကြည့်ကြ။

အဖြစ်က နေမထွက်ခင်ကနဲ့မတူ။ နေလုံးမထွက်ခင်လေးတင် သူဌေးကြီး ဦးပုရစ်ကြော်ရဲ့သမီး ဖြစ်နေသေးသည်။

နေ့ပင်မခြား။ သူဌေးကြီးနှင်ထုတ်လိုက်တဲ့ စွန့်ပစ်ခံသမီး ဖြစ်နေတဲ့ အခါ ဒါပေမဲ့ မင်းသမီး မာနကိုမချပါ။

ငါးစင်ရိုင်းဟာ သေရင်တောင် ဆူတောင်မချသလို မင်းသမီးလည်း မာနဆူးထောင်ထားလျက်။

မာနနဲ့ပဲ ရင်ကော့ပြီး ရစ်+ဖီး စံအိမ်ရှေ့ ပလက်ဖောင်းပေါ်က ခွာကာ ချယ်ရီဆီ ဆိုက်ဆိုက်သွားခဲ့သည်။

"မပြောချင်ပါဘူး မင်းသမီးရယ်၊ ပန်းချယ်ရီနဲ့ သူရမောင် ဘာအသုံးကြီးသလဲ မမေးနဲ့၊ သူရမောင်ကို ကုမ္ပဏီနှစ်ခု ဦးစီးခိုင်းထားတာ တစ်ခုက အရှုံးပြတ်သွားတယ်၊ ကျန်တစ်ခုက အရှုံးပေါ်ပြီး ရပ်ထားရမတတ်ပဲ၊ ဟောတောင်မကြာဘူး၊ ဘယ်က ပိုက်ဆံတွေ ရကြမလဲမသိဘူး၊ လင်းမယားနှစ်ယောက် ပိုက်ဆံထုပ်ပိုက်ပြီး ကမ္ဘာလှည့်ခရီးသည် လုပ်မယ်ဆိုပြီး ထွက်သွားကြတာ မနေ့ကတင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

မင်းသမီး ပါးစပ်တင်မက မျက်လုံးပါ ပွင့်ထွက်သွားသည်။ ပန်းချယ်ရှိ ယောကျ်ားမ ပြောလည်းပြောရင်း ဒင်းတို့လင်မယားရဲ့အကြွေးစာရင်းတွေ ထုတ်ပြပြီး ငိုချင်းချ၏။

"အန်တီလည်း ဒီသားနဲ့ချွေးမအတွက် ရောဂါနဲ့မသေဘဲ အကြွေးနှစ်ပြီး သေမှာပဲ သမီးရယ်၊ ဒါနဲ့ သမီးဆီက ချေးထားပြုထားတာ ရှိလား"

"သိန်းငါးရာ ယူသွားတယ်"

"ဟင် ဟုတ်လား။ သိန်းငါးရာတောင်၊ ဒါဆို ရှုံးပြီးလို့မှတ်လိုက်တော့ သမီး။ ရှုံးပြီ၊ သူတို့နောက် လိုက်မတောင်းနဲ့တော့၊ နောက်ထပ် လမ်းစရိတ်ပါ ထပ်ရှုံးမယ်၊ သမီး စိတ်အေးလက်အေးသာ အရှုံးစာရင်းဖွင့်ပြီး ပြန်တော့နော် သမီး"

မင်းသမီး မျက်ရည်အတောင့်လိုက် ကျချင်လာသည်။

မီးခံသေတ္တာထဲက ပိုက်ဆံ၊ အိပ်ပျော်နေတာမှ ကောင်းဦးမယ်။ ခွဲယူပြီး ပေးလိုက်မိတာ လုပ်ငန်းလည်ပတ်ဖို့။

ခုတော့ လင်မယားနှစ်ယောက် ပျော်ပျော်ကြီး ကမ္ဘာပတ်နေကြပြီ။

သူငယ်ချင်း လုပ်ရက်လေခြင်း။

ဒီအကြောင်း သရဖို့ကို သွားပြောရမယ်ဆိုပြီး သရဖို့ဆီကို လိုက်သွားပါတယ်။ ခြံဝမှာ တွေ့လိုက်ရတဲ့ ဆိုင်းဘုတ်။

ကျွန်တော် ကျွန်မတို့သမီး သရဖီသည် တိရစ္ဆာန်ကောင်နောက် လိုက်သွားပါသဖြင့် သမီးအဖြစ်က စွန့်ပစ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်း ကန်တော့ပါရဲ့၊ လှည့်ပြန်ကြပါ။

ပုံ

ဖခင် ဦးကင်းကောင်၊ မိခင် ဒေါ်စီဝိုး

မိန်းကလေးစာအုပ်တိုက်



ကဲ။

ဘာဆက်လုပ်လို့ လုပ်ရမှာလဲ။ မင်းသမီး မသိတော့ပါ။

ဒါနဲ့ပဲ။

ကိုယ့်ခြေထောက်ကို ကိုယ်အမိန့်ပေးကာ

လျှောက်စမ်း။

လျှောက်။

လျှောက်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

"စားမယ် ဝါးမယ်၊ အကြော်စုံ အေးအေးလေး၊ လာ လာကြ၊ ထိုင်ကြ စားကြ၊ ပူပူနွေးနွေးလည်း ရတယ်နော်၊ အလကားတော့ မရဘူး၊ တစ်ခု ငါးဆယ်၊ ဘာကြော်စားစား ငါးဆယ်တည်းနော်၊ တစ်ရာ မပေါင်းဘူး၊ တစ်ခု ငါးဆယ်တည်း"

မင်းသမီးထက် ထက်ဝက်နီးပါး အရပ်နိမ့်တဲ့ ကောင်လေး၊ တကြော်ကြော် အော်ခေါ်ရင်း စားပွဲထိုးနေပါသည်။

စားကြသူတွေက ခုံပုလေးတွေ ခင်းထားတဲ့ စားပွဲဝိုင်းသုံးလေးဝိုင်း ပြည့်နေ၏။

ဟိုဘက်ထောင့်ဆုံး စားဝိုင်းမှ စုံတွဲထလျှင် မင်းသမီး တို့ဆိုင်းတော့ပါ။

သူများမဦးခင် ပြေးဝင်ထိုင်ကာ နေရာဦးလိုက်လေသည်။

"အစ်မလေး ဘာစားမလဲ"





"အစုံချပေးလေ"

"ရမယ်"

စားပွဲထိုးကောင်လေး ပြောလည်းပြောရင်း အကြော်စုံ အေးအေးလေး ထည့်ချပေးသည်။ အေးနေတော့ ခပ်မြန်မြန်စားဖို့ ကောင်း၏။

ပူနေရင် မှုတ်စားနေရဦးမယ်။

လမ်းဘေးဆိုင်က အစားအစာကို ထရေးဒါးဟိုတယ်ပေါ်မှာ ထိုင်စားမယ်လို့ စိတ်ကူးထားပေမယ့် ခုတော့ ထရေးဒါးပေါ် မတက်နိုင်တဲ့ဘဝ။

ဒါပေမဲ့ စိတ်အားမငယ်ပါဘူး။

လမ်းဘေးဆိုင်က အကြော်စုံကို လမ်းဘေးခင်းထားတဲ့ စားပွဲမှာပဲ ထိုင်စားရတာ ဖီလင်ရှိပါသည်။

ဗိုက်က ဘယ်လောက်တောင် ဆာနေမှန်းမသိပါ။

ဘူးသီးချောင်းကြော် ငါးခုက တစ်မိနစ်နဲ့ ကုန်သည်။ ပြောင်းဖူးကြော် အကိုင်းကြီးတွေကလည်း သွားရည်ကျစရာ။

ဆူးပုပ်ရွက်ကြော်ကလည်း ကားကားကြီး။

မင်းသမီး ကြွေတွေ ဘာတွေမဲ့ကာ။

စားတာမှ ပက်ပက်စက်စက်။ အကြော်စားလိုက်၊ ရေနွေးသောက်လိုက်နဲ့ လမိုင်းကပ်နေ၏။

အကြော်စားလို့ဝလျှင် မင်းသမီး ဟိုဟိုဒီဒီကြည့်သည်။

"ငါးဆယ်တည်းနော်၊ ငါးဆယ်တည်း၊ တစ်ခုမှ ငါးဆယ်တည်း၊ စားပြီးရင် ဗိုက်ဆံရှင်းမယ်လို့ အော်လိုက်"

စားပွဲထိုးငနဲလေး ကြော်ငြာနေပြန်သည်။ ဒီငနဲလေးက အရိပ်တကြည့်ကြည့်နဲ့၊ မင်းသမီး ဘယ်အချိန် ပိုက်ဆံရှင်းမလဲဆိုတာ မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

မင်းသမီးက နိုင်ငံတကာလှည့်ပတ်ပြီး ပညာသင်လာတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ဒီလောက်ကတော့ အပျော့ပါ။

နောက်ထပ် ဆူးပုပ်ရှက်ကြော်တစ်ခု ကိုင်ပြီး ဖြည်းဖြည်းချင်း စားနေလိုက်သည်။ ငနဲလေး လစ်တာနဲ့ သုတ်ခနဲ့ ထပြေးမယ်ပေါ့။

လမ်းပေါက်တောင် ရှာထားပြီးပြီ။

ထိုစဉ် –

ခြေလှမ်းတကြွကြွနဲ့ ဆိုင်ထဲလှမ်းဝင်လာနေတဲ့ ငနဲသား။ မင်းသမီး လိုက်ခနဲ ဝမ်းသာသွားသည်။

တက္ကစီဒရိုင်ဘာ။

ထွက်တော့မယ်ဆိုပြီး ကားမောင်းပြေးတဲ့ ငနဲ။

"အစ်ကို ထုံးစံအတိုင်း အကြော်ပူပူပဲလား"

"အေးကွ"

တက္ကစီဒရိုင်ဘာကို ကောင်လေး မေးနေချိန်မှာ မင်းသမီး အကြံရသွားသည်။

"ခဏစောင့် အစ်ကို"

"စောင့်မယ်"

ထိုငနဲ အကြော်ကြော်နေတဲ့ အဒေါ်ကြီးနား သွားပြီး စကားပြောရင်း အကြော်စောင့်နေ၏။ ကောင်လေး ဒီဘက်လှည့်လာလျှင် မင်းသမီး လက်ယပ်ခေါ်လိုက်သည်။

ပြီးတော့ အရင်ဆုံး ရယ်ပြ၏။

ရယ်ပြလိုက်တော့ ကောင်လေး အူကြောင်ကြောင်ဖြစ်သွား၏။ ပြီးနေ အလိုက်သင့် ပြန်ရယ်ပြသည်။

"သူ့ကို သိလား"

အကြော်ဒယ်အိုးနားမှ သူ့ကို လက်ညှိုးထိုးပြပြီး မင်းသမီး မေးသည်။ ကောင်လေး ကြည့်ပြီးတာနဲ့ ခေါင်းကြီးဆတ်ကာ –





"သိတာပေါ့ဗျ"

"သိတယ်ဆိုရင် သူနဲ့အစ်မကလေ ဟိုဒင်းပေါ့ သိလား၊ ဟိုဟာ ဖြစ်နေကြတာ"

"ဟေး"

ကောင်လေး အံ့ဩသွားသည်။ မင်းသမီး ဟိုဒင်းဟိုဟာနဲ့ တောင်စဉ်ရေ ရောက် ပြောတာကို ကောင်လေး ဘယ်လိုနားလည်သည် မသိပါ။

"အစ်မနဲ့အဲဒီအစ်ကိုက"

လို့ ပြန်မေးသည်။ မင်းသမီးလည်း မှင်ကောင်းကောင်းနဲ့ –

"ဟုတ်တယ်"

"ဟာ ဒီအစ်ကို လျှိုတယ်ကွာ၊ နေဦး သွားပြီး ဒဲ့မေးရမယ်"

"မမေးနဲ့၊ သူနဲ့အစ်မ ရန်ဖြစ်ထားတယ်၊ လောလောဆယ် အစ်မစား သွားတာ သူပဲ ရှင်းမယ် သိလား၊ အစ်မ သွားမယ်နော် ဘိုင် ဘိုင်"

မင်းသမီး စကားမဆုံးခင် ထရပ်ကာ သုတ်ခနဲ ပြေးထွက်ခဲ့သည်။ အိတ်ထဲမှာလည်း အကြော်သုံးလေးခုကို အမိအရ ကိုင်ကာ–

နေ့ဖို့ ညစာ အရေးကြီးတယ်မဟုတ်လား။

ကောင်လေးက ခေါင်းတညိတ်ညိတ်နဲ့ သဘောတွေ့ကာ။

"အကြော်စုံအတွဲလေး၊ အဲလေ အကြော်စုံအေးအေးနဲ့ ပူပူလေး"

ဟု ရယ်ရယ်မောမော အော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"တောက် ဘယ်သေချင်းဆိုးမ ငါနဲ့ ဟိုဒင်း ဟိုဟာ ပြောပြီး အကြောင်ရိုက်သွားသလဲ မသိဘူး။ မျိုစို့သွားလိုက်တာ ထောင့်ငါးရာပြည့်မှ ငါးဆယ်ပဲ လိုတော့တယ်၊ ဘယ်သူဘယ်ဝါမှန်း သိလို့ကတော့"

ကိုတာ အံတကြိတ်ကြိတ်နှင့် အကြော်ထုပ်လေးဆွဲလာရင်း ပွစိ ပွစိ ရွတ်၏။ ထိုစဉ် သူ့နောက်မှ ခြေသံလိုလို တရှပ်ရှပ် ကြားရ၏။

ကိုတာ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ဘာမှလည်း မမြင်။ မမြင်တော့ ကိုယ့်လမ်းကိုယ် ပြန်လျှောက်သွားသည်။ တရှပ်ရှပ်နဲ့ ခြေသံ ပိုကျယ်ပြီး ကပ်ပါနေသလိုလို။

ဒုတိယအကြိမ် လှည့်ကြည့်ပြန်သည်။

မတွေ့။ ဘာမှလည်း မမြင်ရပေ။ ခြေသံပဲ ကြားကြားနေတော့ ကိုတာ ကျောချမ်းလာသည်။

ဟုတ်မှ ဟုတ်သေးရဲ့လား။ ခြေသံက တစ္ဆေခြေသံများလား။ အကြော်





နောက်က ညောင်ပင်မှာ အစောင့်ရှိသတဲ့။ ညောင်စောင့်တစ္ဆေပဲ လိုက်လာလား။

ဘုရား ဘုရား။

ဖြစ်နိုင်ပါသည်။ သူ ဆီးသွားချင်လို့ ညောင်ပင်နောက် မယောင်မလည်သွားပြီး ရှူးရှူးပန်းထုတ်ခဲ့တယ် မဟုတ်လား။

ထိုကိစ္စ ဘယ်သူမှ မမြင်ပေမယ့် ညောင်ပင်တစ္ဆေ မြင်သွားတယ် ဖြစ်မယ်။

ခွင့်လွှတ်ပါ ညောင်စောင့်နတ်။ ဒါမှမဟုတ် ညောင်ပင်တစ္ဆေမရယ်။

✿ ✿ ✿



www.burmeseclassic.com

"လေးလေးကလည်း ဒီအကြော်နဲ့ ထမင်းစားရမှာလားလို့"

ကောက်ကွေးမလေးက နှုတ်ခမ်းစူပြီး မကျေမချမ်း ပြော၏။ ထမင်းဝိုင်းမှာက ထမင်းပန်းကန်နဲ့အကြော် ပန်းကန်ရယ်။

ဒါတောင် အကြော်သည် ဒေါ်မြရင်ကြီးဆီက အချဉ်ရည် ပိုပိုသာသာ တောင်းယူခဲ့သေးတယ်။

"အကြော်ဆိုတာ ဒီအတိုင်း ပါးစပ်အယားပြေအောင် စားတာ လေးလေးရဲ့၊ ထမင်းနဲ့အကြော် စားရတယ်လို့ တစ်ခါမှ မကြားဖူးဘူး၊ ထမင်းနဲ့ဟင်းပဲ စားရတာလေ၊ ခုတော့ အကြော်နဲ့တဲ့၊ စားချင်ပါဘူး၊ အငတ်ခံလိုက်မယ်"

ကောက်ကွေးမထက် သုံးမိနစ်ကြီးတဲ့ ဝိုင်းချစ်ကလည်း တစ်စခန်း ထပြန်သည်။ အရွယ်လေးတွေက ရှစ်နှစ်ပြည့်ဖို့ နှစ်လသာလိုတာ။

စကားက ဆယ့်ရှစ်နှစ်သားသမီးလို ကက်ကက်လန် ပြန်ပြောတတ်နေပြီ။ သူကလည်း မာန်နဲ့။





"အောင်မာ ထမင်းနပ်မှန်နေလို့ ကလေးပါး မဝကြနဲ့၊ စားချင်ရင်စား စားချင်ရင် သွားကြ"

"သွားမယ်"

မောင်နှမနှစ်ယောက် မျက်စပစ်ပြီး ထထွက်သွားကြသည်။ သွားတာ မ...သွားဘူး။ သူတို့စကေးကျ အကြော်နှစ်ခုစီကို နှိုက်ယူ သွား၏။

"ဟဲ့"

"ဒါ မီးတို့စကေး"

ကောက်ကွေးမက ပက်ခနဲ ပြန်ပြော်သေး။

"ဟုတ်တယ် လေးလေး၊ သားတို့စကေးကို လေးလေးတစ်ယောက် ...ည်း ကျိတ်လို့မရဘူး၊ သားတို့ ထမင်းနဲ့ မစားချင်တာ၊ ဒီအတိုင်းပဲ စားမယ်"

နှစ်ယောက်သား အကြော်နှစ်ခုစီ ယူပြီး အိမ်ရှေ့ထွက်ထိုင်လျှက် ...ကြလေသည်။

ကျွတ်။ ဒီကလေးတွေကြောင့် ခက်တယ်။

မိန်းမ မရသေး။ ကလေးလည်း မမွေးရဘဲ အမွှာနှစ်ယောက်ကို ...တွေးနေရတဲ့အဖြစ်။

ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်ချင်လာသည်။

ကြည့်ဦးလေ။

နိုင်သမျှ ရှာဖွေကျွေးတာကို ကျေးဇူးမတင်တဲ့အပြင် ဒင်းတို့က မာရေ...ရေနဲ့ အနိုင်ကျင့်စားသောက်နေကြသည်။ ရတယ်။ ဒင်းတို့ ထမင်း...တော့ ငါ တစ်ယောက်တည်း အဝအပြ ကျိတ်ရတာပေါ့။

နောက်တော့မှ ဆာလှချည်ရဲ့ဆိုပြီး ငိုမပြကြနဲ့။

ငိုပြလို့ကတော့လေ ဒါပဲ ရမယ်။ လက်သီးကွ။ လက်သီး။

✿ ✿ ✿



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ကလေးနှစ်ယောက်စာရော သူ့အတွက်ပါ ထမင်းသုံးပန်းကန်
အချဉ်ရည်တစ်ဖလုံ။ ကြက်သွန်ကြော်နှစ်ခုနဲ့ အဝတီးပစ်လိုက်၏။

ထိုအခါ ကိုတာ့ဗိုက်က ဘူးသီးကြီးလို တင်းဖောင်းကာ။ ဗိုက်ကြီး
လေးလံသွားသည်။

ဒီဗိုက်ကြီးပင့်ပြီး လမ်းလျှောက်ရတာ မအီမလည်နဲ့။ ကားကလည်း
ဝပ်ရှော့ရောက်နေတာမို့ ကားမောင်းသွားဖို့လည်း အလုပ်မရှိ။

မအီမလည်ဖြစ်နေတဲ့ ဗိုက်ကိုပင့်ပြီး ဧည့်ခန်းထဲ လမ်းပတ်လျှောက်
နေရတာ ပျင်းရိလေးတွဲ့လာသည်။

အကြော်နဲ့စားပြီး အဆီရစ်ကာ မျက်လုံးတွေ လေးလာ၏။ အိပ်
လိုက်ရရင်တော့ ဇိမ်ပဲ။ အလုပ်မရှိတော့လည်း အိပ်တာ ကောင်းမယ်။

ကိုယ့်အကြံ ကိုယ်ထောက်ခံကာ အိပ်ခန်းထဲ တန်းဝင်သည်။ သူ့အခန်း
က ပြတင်းပေါက် မရှိပါ။ နေ့ရော ညပါ မှောင်မှောင်ရယ်။





ပြတင်းပေါက်ရှိတဲ့အခန်းကို ဟိုသေနာမောင်နှမ အပိုင်စီးထားလို့
သူ့မှာ စတိုခန်းထဲ ခုတင်တစ်လုံးထည့်ပြီး အိပ်ခန်းလုပ်ထားရတဲ့ဘဝ။

ပြတင်းပေါက်မရှိလို့ မှောင်နေပေမယ့် သူ့အခန်းအထာ သူသိသည်။
တန်းခနဲဝင်သွားပြီး ခုတင်ပေါ် လှဲချ၏။

ထိုအခါ ညှီစို့သောချွေးနံ့ သင်းခနဲ့ရ၏။ ဘယ်က အနံ့ပါလိမ့်။ သူ့ကိုယ်
နံ့ထင်တယ်။ ရေမချိုးဖြစ်တာ သုံးရက်ရှိပြီ။ ကိုယ့်အနံ့ကိုယ် ပြန်ရှူပြီး သူ့ရဲ့
ခေါင်းအုံး ဖက်ခွလုံးကြီး အားရပါးရ ခွပစ်၏။

"အင်း"

ဒီတစ်ခါ ခွမိတဲ့ ဖက်ခွအုံးက အရင်နဲ့မတူ။ နွေးထွေးထွေးနဲ့။
ထောက်နဲ့ မစမ်းမိတော့ ဖက်ခွအုံးမှာ ခြေနှစ်ချောင်း ပေါက်လျက်။

မှန်စမ်း။

ဖက်ထားမိတဲ့ အပေါ်ဘက်ကို စမ်းမိတော့။

နွေးနွေးအိအိကြီး။ ဘာကြီးပါလိမ့်။ လက်က စမ်းရင်း ဖိမ်မိသလို။

မဟုတ်တော့ဘူး။

ဒါ ဖက်ခွအုံး မဖြစ်နိုင်တော့ဘူး။ အိအိကြီးကို လက်နဲ့ဆွဲယူပြီး
ကြည့်တော့။

ဟင်းပေါ် အဆီတွေပြန်သလို အဆီလွှာပြန်နေတဲ့မျက်နှာ တစ်ခု။
မျက်လုံးက အပြူးသား။ ပါးစပ်ကြီးဟထားတဲ့ သရဲမ။

"လာ လာကြပါဦး။ ဟောဒီမှာ သရဲ သရဲမ"

အော်ဟစ်၍ ခုတင်ပေါ်ကနေ ဝရုန်းသုန်းကားဖြင့်၊ ကိုတာ ခုန်ပေါက်
ချ၏။

"ဟာ ဟိုမှာ လေးလေး ဘာဖြစ်တာလဲ မသိဘူး"

အကြော်စားရုံနဲ့ မတင်းတိမ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



မှန့်ဆိုင်မှာ အကြွေးဝယ်ပြီး ဗိုက်တင်းအောင် စားနေကြသော ကောက်ကွေးမနှင့်ဝိုင်းချစ်။ အအေးဘူး စုပ်သောက်နေတာရပ်ပြီး ပြောင်း၏။

"သ သရဲမ ဟီး ဟီး"

လေးလေး ကြောက်လန့်ပြီး အော်ဟစ်ကာ အိမ်ပေါ်မှ ခုန်ဆင်း၏။

"အား"

လှေကားရှိလျက်နဲ့ လှေကားက မဆင်း။ ခုန်ချလိုက်တော့ မြေပြင်ပေါ် ဖင်ထိုင်ဖြစ်လျှင် နှလုံးမြေကျဖြစ်လေသည်။

ခါးဆစ် မျက်ကာ ထလို့လည်း မနိုင်တော့ပါ။

"လေးလေး"

မောင်နှမနှစ်ယောက် ပြေးလာရင်း ဝိုင်းထူကြ၏။

"လေးလေးကလည်းဗျာ လှေကားရှိလျက်နဲ့ ခုန်ဆင်းရတယ်လို့ ခုတော့ နာပြီမဟုတ်လား"

"အား ကျွတ် ကျွတ် ဝိုင်းချစ် မင်း ပါးစပ်ပိတ်ထားကွာ၊ အိမ်ထဲမှာ သရဲရှိတယ်ကွ၊ အဲဒါ"

"သရဲ ဟုတ်လား လေးလေး"

ကောက်ကွေးမက စိတ်ဝင်တစား မေး၏။

"ဟုတ်တယ်၊ ငါ အကြော်ဝယ်လာကတည်းက ခြေသံပါတာ၊ မယုံ လို့ လှည့်ကြည့်တယ်၊ မတွေ့ရဘူး။ ဟော ခုတော့ ငါ့အိပ်ရာပေါ် ရောက်နေတယ် သရဲမ ညောင်ပင်စောင့်သရဲမ၊ ငါ သိတယ်၊ အား ကျွတ် ကျွတ်"

ကလေးနှစ်ယောက် ဆွဲထူတဲ့အတိုင်း ကိုတာ ကုန်းရုန်းထ၏။

"သေချာလို့လား လေးလေး"

"သေချာတာပေါ့ကွ"

"ဟာ မဟုတ်တာပဲ၊ သရဲက အပင်မှာပဲ နေမှာလေ၊ အိမ်မှာ မနေရဲ ဘူး"





"အိမ်မှာနေရဲလို့ ငါ့အခန်းထဲတောင် ရောက်နေပြီဟ"

"နေဦး၊ မီး သွားကြည့်မယ်"

ကောက်ကွေးမ ကြောက်စိတ်မဝင်ဘဲ အိမ်ပေါ် ပြေးတက်သွား၏။ ကိုတာ အိမ်ပေါ် ပြန်မတက်ရဲပါ။ နာသွားတဲ့ ခါးကို နှိပ်ရင်း ကြောက်စိတ်နဲ့ နေသည်။

"လေးလေး သရဲမက ချောလားဟင်"

"ဘာ"

"ချောလားလို့"

"ချောဘူး"

"ဒါနဲ့ သရဲမ သေချာတယ်နော် လေးလေး"

"သေချာတာပေါ့ကွ"

"သရဲမ မချောချောလေးက လေးလေးနောက် လိုက်လာတယ်ဆို တော့ မဟုတ်မှလွဲရော လေးလေးကို ကြိုက်လို့ဖြစ်မယ်"

"ဟာ ဘယ်က ကြိုက်ရမလဲ၊ မကျေနပ်လို့ကွ၊ မကျေနပ်လို့"

"မကျေနပ်လို့ ဟုတ်လား လေးလေး၊ သရဲမ မကျေနပ်အောင် လေး ဗိုက်ဆံချေးလို့လား"

စကားကြောရှည်နေတဲ့ ဝိုင်းချစ်ကို သူ ဒေါပွလာသည်။ ဗိုက်ဆံ ရာလား။

"ဘယ်က ဟုတ်ရမလဲ၊ သူ့ညောင်ပင်ရင်းမှာ လေးလေး ကော့ပန်း ကွာ"

"ဟာ ဒါ စော်ကားတာပဲ၊ ကောင်းတယ်၊ လေးလေး စော်ကားလို့ လေးနောက် လိုက်လာတာ၊ ဟီး သားတို့နဲ့ ဘာမှမဆိုင်ဘူး"

ဝိုင်းချစ် မုန့်ဆိုင်ဘက် လှည့်ပြေး၏။

သူသာ တစ်ယောက်တည်း အိမ်ရှေ့မှာ ခါးနာလျက်။ အိမ်ပေါ် လည်း



www.burmeseclassic.com

www.burmeseclassic.com



မတောက်ခဲ့၊ ခြံပြင်လည်း မထွက်ရဲနှင့်။

မြေကျတဲ့နှစ်လုံးကို ပြန်စမ်းရင် –

ဟုတ်ပေါင်း၊ နာနေတဲ့ ခါးအောက်ပိုင်းကို လက်နဲ့ ဖွဖွစမ်းလျှင်၊ ကြက်သီးက ဖြန်းခနဲ ထ၏။

သြော်။

ကိုယ့်ကိုယ်ကိုယ် စမ်းမိတာနဲ့ ကြက်သီးက ထရတယ်လို့။



မင်းသမီး မျက်လုံးပြူးကာ ပါးစပ်ကြီးဟလျက်သား ဖြစ်သွားတာ [illegible]က်မကာပါ။

ဘယ့်နှယ် လူကို သူ့ခြေထောက်ကြီးနဲ့ အလျားလိုက် ခွဖက်ပြီး [illegible]နေတာ။

မလန့်ဖျန့်ဘဲနေမတဲ့လား။ လူပျိုလက်က ဝက်မြီးထက် အဆတစ်ရာ [illegible]

မင်းသမီး လန့်ဖျပ်ပြီး အသက်ရှူဖို့ မေ့သွားသည်။ မျက်လုံးကြီး [illegible] ပါးစပ်ဟသွားတာကို တိုက်ရိုက်မြင်တဲ့ သူက –

သရဲ သရဲဆိုပြီး အော်ဟစ်ထွက်ပြေးသွားလို့ ကံကောင်း။ နောက်ဆို [illegible]ရာ မဟုတ်လား။

အကြော်တွေကိုင်လျက်နဲ့ ပြေးထွက်ခဲ့ပေမယ့် ဘယ်သွားလို့ ဘယ်လာ [illegible]င်းသမီး မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တလည်း ညောင်းလှ၏။

[illegible]နေတာ မြင်တော့ လမ်းဘေးသစ်ပင်နောက် မင်းသမီး ပြေးပုန်း[illegible] တွေ့သွားရင် ပြဿနာရှာနေဦးမည်။

သူလည်း လွန်သွားရော သူ့နောက်က မသိမသာ လိုက်ခဲ့မိသည်။

သူရိပ်မိလို့ လှည့်ကြည့်တာ နှစ်ကြိမ်တောင်။

လှည့်ကြည့်တိုင်း သူ့နောက်တည့်တည့်မှာ မင်းသမီး ထိုင်ချ၏။ ထိုအခါ သူမမြင်။

ဒါပေမဲ့ ကြောက်တာဘဲ သူက သုတ်ခြေတင် ပြေး၏။ မင်းသမီးလည်း သူပြေးရာနောက်က ထပ်ကြပ်မကွာ လိုက်က၏။

သုံးထပ်တိုက်ကြီးဘေးမှ ပျဉ်ထောင်အိမ်ယိုင်ယိုင်လေးပေါ် တက်သွားတာ နောက်လှည့်မကြည့်စတမ်း။

မင်းသမီး ပြေးလိုက်ခဲ့ရတာ မောလှပြီ။ စားသောက်ထားတာမို့ အခါရစ်ကာ ငိုက်ချင်ချင် ဖြစ်လာသည်။

သူ အိမ်ထဲဝင်ရောက်ပျောက်ကွယ်သွားသည်နှင့် မင်းသမီး သူ့အိမ်ပေါ် လိုက်တက်ခဲ့သည်။

ဧည့်ခန်းမှာ ထိုင်စရာ ကြိမ်ခုံအစုတ်လေးတွေသာ ရှိသည်။

ဧည့်ခန်းလွန်တော့ ညာဘက်မှာ အခန်းတစ်ခန်း။ တံခါးအသာတွန်း ကြည့်၏။

ပြတင်းတံခါး ပွင့်နေတာမို့ အိပ်ခန်းဖြစ်မှန်း အထင်းသား မြင်ရသည်။

ထိုအိပ်ခန်းထဲမဝင် သူ့အိပ်ခန်းဖြစ်နေရင် ခက်ရချည်ရဲ့။ ဒါနဲ့ ဘယ်ဘက်ကို ဖွင့်ကြည့်၏။ အခန်းက မှောင်လျက်။

မှောင်နေတဲ့အခန်းမှာဆို ပုန်းလို့ အဆင်ပြေမည်။

ကလေးနှစ်ယောက်နဲ့ သူ့အသံ ထမင်းစားခန်းထဲက လျှံထွက်လာသလို ကလေးနှစ်ယောက် ထွက်လာသံ ကြားတာနဲ့ မင်းသမီး အမှောင်ခန်းထဲ တန်းဝင်





သွား -

အမှောင်ထဲမှာ အတန်ကြာ ရပ်နေမိသည်။ ပြီးတော့ လက်နဲ့ လိုက်စမ်းတော့ ခုတင်တစ်ခု။

မင်းသမီး ခုတင်မှာ ထိုင်ချသည်။ မွေ့ရာပါးပါးလေး ခင်းထားသဖြင့် ထိုင်ပြီး ဇိမ်မရှိလှပါ။

လောလောဆယ် အနားယူဖို့ လိုတယ်မဟုတ်လား။

လူက မနက်ကတည်းက ကိုးကျင်းကိုးကျင်း လျှောက်သွားနေရတာ ခြေသလုံးတွေ စုပေါင်းပြီး နာ၏။

ခေါင်းအုံးနဲ့ခေါင်း တွေ့တော့လည်း မင်းသမီး မေ့ခနဲ့ အိပ်ပျော်သွားသည်။

အိပ်ပျော်နေတဲ့အချိန်မှာ ဟိုဟိုဒီဒီ စမ်းတာခံလိုက်ရတဲ့အဖြစ်။

သေချင်းဆိုး။

မင်းသမီး မလန့်ရဘဲ သူက လန့်ရတယ်လို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ကောက်ကွေးမ မျက်လုံးဝိုင်းသွား၏။ လေးလေးအခန်းထဲက မီးခလုတ်ကို ဖွင့်ကြည့်လိုက်တော့ ခုတင်ပေါ် ခြေတွဲလောင်းချထိုင်နေတဲ့ မမလှလှ။

လှပေမယ့် မျက်နှာမှာ အဆီပြန်နှင့်။ ဆံပင်ကောက်က ပန်း ထက်မှိုကာ ပွဖွာနေသည်။

ရှင်မီးပုံစံမျိုး ပေါင်တစ်ဝက်ဖုံးတဲ့အကျီလေးကလွဲပြီး ဘာမှဝတ်မထား

"မမက လှုနော်"

"လှုပေါ့ဟ"

"ဟွန်း လေးလေးပြောတော့ သရဲမတဲ့"

"နင့်လေးလေးက ရမ်းရမယ်ဆိုရင် ပါးစပ်ကော လက်ရောပဲ"

"ခစ်"





ကောင်မလေး ဘာကို နားလည်သွားသည်မသိပါ။ ခစ်ခနဲ ရယ်ချင်မင်းသမီး မျက်မှောင်ကြုတ်ကြည့်ပြီး . . .

"ဘာရယ်စရာ ပါလို့လဲ"

"မမကလည်း လေးလေးက လက်နဲ့ ပါးစပ်တင် ရမ်းတာ မဟုတ်ဘူး ဟိုဟာပါ ရမ်းတာ"

"ဘာ၊ ဟိုဟာပါ ရမ်းတာ၊ ဟိုဟာဆိုတာ ဘာလဲ"

"အရက်မူးလာရင်လေ၊ တစ်ကိုယ်လုံး ရမ်းတာကို ပြောတာပါ မမရဲ့"

"ဟွန်း"

မင်းသမီး နှုတ်ခမ်းကို ဆွဲဆန့်လိုက်သည်။ ကောင်မလေးက မင်းသမီးနား ခပ်ရဲရဲလျှောက်လာရင်း –

"ဒါနဲ့ မမက ဘာဖြစ်လို့ လေးလေး အခန်းထဲ ဝင်နေရတာလဲ"

"မသိပါဘူး၊ စွတ်စက် ဝင်လိုက်တာ၊ ညည်း လေးလေးအခန်း ဖြစ်နေတာ၊ မှားပါတယ် ငါ့နှယ်"

"မမှားပါဘူး မမရဲ့၊ လေးလေးအခန်းထဲ ဝင်နေလိုက်တာ အမှန်ပဲ"

"ဘာဖြစ်လို့"

"လေးလေး လန့်သွားလို့လေ"

"သူလန့်တာက အလန့်ကောင်း၊ နေပါဦး ဒီအိမ်မှာ ဘယ်သူတွေ ရှိသလဲ"

"သုံးယောက်တည်း၊ မမက လေးလေးနဲ့ သိလို့လား"

"ဟင့်အင်း"

မင်းသမီးခေါင်းရမ်းတော့ ကောင်မလေး မအံ့သြဘဲမနေနိုင်။

"မသိဘဲနဲ့ ဘာလို့ဝင်နေရတာလဲ"

"မသိတော့ဘူးကွယ်၊ ကဲ ညည်းလေးလေး အခု ဘယ်မှာလဲ"

"ဒီမှာ ဒီမှာ မယ်မင်းကြီးမ"



www.burmeseclassic.com

www.burmeseclassic.com



အခြင်တနေ အသံတွေ အတိုင်းသား ကြားနေရတယ် မဟုတ်လား

ကိုတာ ပြောရင်းဆိုရင်း အခန်းဝမှာ ရပ်ပြီး ကြည့်မိလျှင် –

"ဟင် မင်း"

ကိုတာ အံ့ဩသွားသည်။ မင်းသမီးက မျက်နှာလေး မော့ထားရင်း

"ဟုတ်တယ်လေ၊ ဘာဖြစ်လဲ"

တွေ့တာနဲ့ ရန်စောင်နေကြတဲ့ မမနဲ့လေးလေးကို ကောက်ကွေး

မော့ကြည့်နေလိုက်သည်။

"အောင်မာ လူပါးဝနေသေးတယ်၊ အကြော်ဆိုင်မှာ နင်နဲ့ငါ ဟိုဒင်း

ဟိုဟာဆိုပြီး အကြော်ဖိုးမပေးဘဲ လစ်ပြေးတာ မင်း မဟုတ်လား"

"ဟုတ်တယ်"

"ဟာ၊ နင့်ပါးစပ်နဲ့ နင်စားပြီး ငါ့နာမည် ဘာလို့ ပုံချရတာလဲ

မသိရင် နင်က ငါ့ရဲ့ ဟိုဒင်းဟိုဟာလိုပဲ"

မင်းသမီး ဆတ်ခနဲ မတ်တတ်ရပ်ရင်း –

"အမယ် အကြော်ဖိုးလေး ရှင်းရတာများ နာနေသေးတယ်"

"ဟာ ပိုက်ဆံရှင်းပေးရတဲ့သူက မနာရဘူးလား၊ မင်းအတွက်

ပိုက်ဆံရှင်းလိုက်ရလို့ ကလေးတွေအတွက် ဟင်းမဝယ်ရဘူးကွ"

'ခွီး'

မဆီမဆိုင် ကောက်ကွေးမ ခွီးခနဲ ရယ်လေသည်။ သူ မာန်မဲ

ကြည့်ရင်း –

"နင်က ဘာရယ်တာလဲ"

"လေးလေးနဲ့မမက ဟိုဘက်တိုက်အိမ်က အန်တီချစ်တို့ လင်မယား

လိုပဲ၊ ရန်ဖြစ်နေကြတာ သဘောကျလို့"

"ဟာ ဒီခွေးမ"

ကိုတာ လက်ရွယ်လိုက်တော့ ကောက်ကွေးမ ခေါင်းလေးပုကာ ပြေး





ပြေးသွား၏။

"ကဲ မယ်မင်းကြီးမ မင်း ဘာပြောဦးမလဲ"

"အိုး ရှင့်ဘာရှင် ကလေးတွေအတွက် ဟင်းမဝယ်တာ ကျွန်မနဲ့ မဆိုင်ဘူး၊ လူကို ကလေကချေ ခြူးတစ်ပြားမှမရှိတဲ့သူလို့ မထင်နဲ့၊ တစ်ပြည်လုံးမှာ ထိတ်ထိတ်ကြဲ ချမ်းသာတဲ့ ဦးမြတ်သော်တာနဲ့ဒေါ်နိုင်နိုင် စိုးရဲ့ အမွေစားအမွေခံ တစ်ဦးတည်းသော သမီးရှင့်"

"ဟုတ်ပါလိမ့်၊ အဝတ်တောင် လုံလုံခြုံခြုံ မဝတ်နိုင်ရုံမက ဖိနပ်လေး တစ်ရံတောင် မစီးနိုင်တဲ့အပြင် သူများပိုက်ဆံ ကလိမ်ကျပြီး"

"တော်တော့"

မင်းသမီး သည်းမခံချင်တော့။

မင်းသမီး တကယ်ပြောနေတာကို သူက အရွဲ့စကားပြော သည်။

"မတော်နိုင်ဘူးကွ၊ မတော်နိုင်ဘူး၊ ထိတ်ထိတ်ကြဲ ချမ်းသာတဲ့ သူဌေးသမီး အရွေးခြုံမ၊ ဒီလိုပဲ လူတကာကို လိုက်လိမ်စားနေတဲ့ အတန်းအစားထဲက ဖြစ်နေလို့ ငါ့အိမ်ပေါ် ပိုင်စိုးပိုင်နင်း တက်ရဲတာ"

"ရှင်နော် မဟုတ်ကဟုတ်က မပြောနဲ့"

"ပြောတယ်၊ ပြောတော့ မင်း ဘာလုပ်ချင်လဲ"

ကိုတာ သည်းမခံချင်တော့ပါ။ စိန်ခေါ်သလို ပြောလိုက်သည်။ ထိုအခါ သူမ လက်တစ်ဖက်ခါးထောက်ပြီး ရှေ့တိုးလာကာ သူ့မျက်နှာ ကို စေ့စေ့ကြည့်၏။

"ဘာလုပ်ချင်လဲ ဟုတ်လား"

"ဟုတ်တယ်"

"အဲဒါဆို နင့်အိမ်ပေါ်က မဆင်းဘူး"

"ဟိုက်"

ကိုတာ မျက်လုံးကြီး ပြူးသွား၏။ ချိုချဉ်စားရလို့ ခံတွင်းတွေ့သွားတဲ့ မျက်နှာမျိုးနှင့် သူမ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းဘူး ရှင်လည်း ဘာလုပ်ချင်လဲ"

"သေချင်တယ်ကွ၊ သေချင်တယ်"

"သေဝစ်လိုက်"

မင်းသမီး ဘုဆတ်ဆတ်ပြောကာ သူ့ကို တွန်းတိုက်ပြီး အခန်းပြင် ထိုးထွက်ခဲ့၏။ သူက လက်တစ်ဖက်မြှောက်ရင်း ရိုက်ချဖို့ ပြင်သည်။

ဒါပေမဲ့ –

ဝက်မြီးလို သူ့လက်မလှုပ်ယမ်းရဲတော့ပါ။ ဒင်းကို ယုံရတာ မဟုတ်ဘူး။ ရဲစခန်းသွားပြီး တိုင်လား၊ တောလား လုပ်နေရင် စားဖို့ မရှိတဲ့အထဲ ထောင်ကျ ရမယ်ဆိုရင် ခက်ချေမယ် မဟုတ်လား။

✿ ✿ ✿



"ပိုင်းချစ် လေးလေးနောက်လိုက်လာတာ သရဲမဟုတ်ဘူးဟ၊ လူမ ဘူး"

မုန့်ဆိုင်မှာ အချဉ်ထုပ်ထိုင်စားနေသည့် ပိုင်းချစ်ကို ကောက် ကွေးမ သံတော်ဦးတင်လေသည်။

"ဟာ ပွတာပဲ"

ပိုင်းချစ်ပြောလျှင် ချက်ဆို နားကွက်က မီးတောက်လေ့ရှိတဲ့ မုန့် ဆိုင်ရှင်ဒေါ်အာကြီး မျက်လုံးမီးတောက်မတတ် လက်ဖြာသွား၏။

"ဟဲ့ ကောက်ကွေးမ ညည်း ဘာပြောတာလဲ၊ ညည်းလေးလေး နောက်ကို လူမ လိုက်လာတယ်၊ လူမဆိုတာ ဘာလဲ"

"မမချောချော"

"ဟင် ဒါဆို နင်တို့လေးလေး မိန်းမခိုးလာတာပေါ့"

"ခိုးလာတာမဟုတ်ဘူး အာကြီးရဲ့၊ မမက လေးလေးနောက် လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"အမိုးသေလေး ဒါ သေချာပြီ ဟိုက လိုက်လာတာဆိုတော့ နင်းလာခဲ့ရိုးလို့ လိုက်လာရဲ့တာပေါ့။ နေဦး ဒီသတင်း ငါ အရင်ရတာ၊ ဟိုပြစ်နှမ်းတို့ ရှေ့ဆုံးသတ်ပြောလိုက်ဦးမယ်"

ဒေါ်အာကြီး အချိန်ကို အလဟဿအဖြုန်းမခံတော့ပါ။ လပေးခဲ့ဝယ်ထားသည့် လက်ကိုင်ဖုန်းကို ပိုက်ဆံခြင်းတောင်းထဲက နှိုက်ယူ ပြီး ပြစ်နှမ်း ဖုန်းနံပါတ်ကို ချက်ချင်းခေါ်သည်။

ပြစ်နှမ်းမကို အာကြီး ဒီတစ်ခါ စကားကြော ပြောလို့ရပြီ။ ပြစ်နှမ်းမက အလုပ်မရှိ အကိုင်မရှိ အတင်းအဖျင်းသတင်းယူ၍ ဦးဦးဖျားဖျား သတင်းလွှင့်သည့်ဂုဏ်ဖြင့် ရေပန်းစားနေတာလေ။ ဒီတစ်ခါတော့ အာကြီးကို ကြော်လို့မရဘူး။ 'သက်တန့်တာ' ဆိုတဲ့ လူပျိုတစ်ဆိတ်ကြီးနေတဲ့ ကိုတာ့အကြောင်း ပြောလိုက်တော့ ပြစ်နှမ်းမဂုဏ် အထိပါးခံရသလို ခံစားရ၏။

"ဟုတ်ရဲ့လား အာကြီးရယ်၊ မုန့်ဆိုင်မှာ ဖင်ပြဲနေတဲ့ ညည်းကနေ့ခင်းကြောင်တောင်ကြီး ဒီသတင်းရတာ ဟုတ်ပဲ ဟုတ်လို့လား"

"ဟား ဟား ဟား သိပ်ဟုတ်တာပေါ့ ပြစ်နှမ်းမရယ်၊ နိုင်လုံတဲ့ သတင်းရင်းကွက်က ရတာ ကောင်မရဲ့၊ ကိုတာက နိုးလာတာ၊ ဟိုမိန်းကလေးလည်း လိုက်လာတာ"

"ဟုတ်တယ် အာကြီး၊ ကျွန်တော်တို့အကြော်ဆိုင်မှာတောင် အဲဒီအစ်မ အကြော်လာစားသေးတယ်၊ ကိုတာနဲ့အဲဒီမမက ဟိုဒင်း ဟိုဟာလို့ အဲဒီမမ ကိုယ်တိုင် ပြောသွားတာ"

ရေခဲထုပ်လာဝယ်တဲ့ အကြော်သည် မြရင်သား ပိကျော်ဆိုတဲ့ ကောင်လေးပါ ဖြုန်းစားကြီး ထောက်ခံလာသည်။

"ဟဲ့ ပြစ်နှမ်းမ ကြားပြီလား၊ ပိကျော် ပြောနေတာလေ"

"ဟုတ်တယ်ဆို ပြီးရောလေ၊ ဒီသတင်းက ရှင့်ဆီက အရင်ထွက်ပေမယ့် ပြစ်နှမ်းမ ရပ်ကွက်နှံ့အောင် ကြော်ငြာပေးမယ်၊ ဘယ့်နှယ်လဲ"





"ကြော်ငြာပါတော် ကြော်ငြာပါ၊ ဒီသတင်းကို အာကြီး အရင်ရတယ် ဆိုတာပါ ထည့်ပြောဦး ကောင်မရဲ့"

"စိတ်ချ၊ အာကြီး ထုတ်ပြန်တဲ့သတင်းကို ပြစ်နှမ်းမ ဖြည့်ပေးမယ်၊ သက်သေက ပိကျော်"

"ကောက်ကွေးမနဲ့ ဝိုင်းချစ်လည်း ပါသတော့်၊ ဒါပဲ၊ ဟွန်း"

အားကြီးမာန်လေးဝင့်ကာ ဖုန်းချလိုက်သည်။ ထိုသတင်းကို ဒေါ်အာကြီး အာရုံစိုက်ပြောနေချိန်မှာ ပိကျော်၊ ကောက်ကွေးမနဲ့ ဝိုင်းချစ်တို့ မုန့်ထုပ်တွေ ခိုးစားနေကြသည်ကို စက်တပ်ထားသည့်နှယ်။

"ဟဲ့ ဟဲ့ သေချင်းဆိုးလေးတွေ ငါ့ဟာတွေ ကုန်ပြီဟဲ့"

"မကုန်သေးပါဘူး အာကြီးရဲ့၊ အများကြီး ကျန်ပါသေးတယ်၊ နောက်ထပ် သတင်းဦးရတော့ အာကြီးကို ကျွန်တော် လာပြောမယ်လေ"

"ဟုတ်တယ် အာကြီး"

"လေးလေးတို့ သတင်းအသစ်တွေ ကျွန်တော်တို့ သေချာပြောပြမယ်၊ အာကြီးကို အရင်ပြောပြမယ်"

ကလေးသုံးယောက် အချဉ်ထုပ်စားရင်း မက်လုံးပေးသလို ပြောတော့ ဒေါ်အာကြီး သဘောခွေ့သွား၏။

"အေး ကောင်းတယ်၊ ဘာသတင်းဖြစ်ဖြစ် ပြစ်နှမ်းမထက် ဦးဖို့ လိုတယ်၊ နင်တို့ မျိုထားတဲ့ မုန့်ဖိုးတော့ ငါ စာရင်းမှတ်မယ်နော်"

"အာကြီးကလည်း အာကြီးစာရင်းမှတ်ရင် ကျွန်တော်တို့ ဒေါ်ပြစ်နှမ်းမကို သတင်းသွားရောင်းလိုက်မယ်"

"အမယ်လေး ကျေးဇူးရှင်လေးတွေ၊ မှိုပါဟဲ့၊ မှိုပါတော့ဟဲ့၊ တကတဲ သတင်းဦးသာ ယူခဲ့၊ ဒါပဲ"

ဒေါ်အာကြီးဆိုတာ အဲသလို မိန်းမကြီးပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ ကိုတာ"

လမ်းဘေးအုတ်ခုံမှာထိုင်ပြီး ကောင်မလေးတွေကို ရှိုးနေသော လမ်း

ထဲက ကာလသားတစ်စု။

သူ့ကိုမြင်သည်နှင့် လက်ပြခေါ်သည်။ သူက ထိုလူငယ်စုဆီ

လှည့်ရင်း –

"ဘာပြောမလို့လဲကွ"

ကိုတာ ပြန်မေး၏။ ထိုအခါ လမ်းလျှောက်လျှင် ခြေတစ်ဖက်

နေသော မင်းသစ်က –

"ဘာမှမပြောဘူးကွ"

"ဟာ မင်းတို့ကောင်တွေကွာ၊ ခေါ်ပြီးတော့ ဘာမှလည်း မပြော

လူကို ဘယ်လိုထင်နေကြလဲ"

ကိုတာ ခပ်တင်းတင်း ဖြစ်၏။ ခြေလှမ်းတန့်ပြီးလည်း ဘုဘော





ပြောလိုက်မိသည်။ ထိုအခါ လူငယ်တစ်စု လက်ခုပ်လက်ဝါး တီးကာ ရယ်မောကြလေသည်။

ကျွတ်။ ကိုတာ့ဒေါသက ဆင်ပြောင်ကြီးနှယ် ပြူထွက်ချင်လာသည်။

ဒေါသထွက်ထွက်နဲ့ လက်သီးဆုပ်လိုက်သေး။ လက်သီးရွယ်မလို့ ဆုပ်ရုံရှိသေး၏။

'ကျွီ'

သူ့ဘေးမှာ ကားတစ်စီး ထိုးရပ်သည်။

"ဟော့ ကိုတာ"

ကားမောင်းသူနေရာမှ ကိုပြာမောင်။ သရိုးသရီရယ်ရင်း ခေါ်ပြန်

သည်။ ကိုပြာမောင်ဆီ သူ့အာရုံ ရောက်သွားတော့ –

"ဘာပြောမလို့လဲ၊ မင်းက"

"ဟဲ ဟဲ ဘာမှမပြောဘူး"

ဘာမှမပြောဘူးဆိုပြီး ကိုပြာမောင် ကားကို မောင်းထွက်ပြန်သည်။

"ဘယ်လိုကောင်တွေလဲကွာ"

"ဟား ဟား ဟား"

သူ ဒေါသနဲ့ ခံပြင်းနေသလောက် သကောင့်သား ကာလနာတစ်စုက

ပြန်သည်။

ကားပြင်ထားတာ ဝပ်ရှော့က မပြီးသေးဘူးပြောလို့ သူ စိတ်ပိန်ပိန်ဖြင့်

တနေ လှည့်ပြန်ခဲ့၏။ စိတ်နောက်နေရတဲ့အထဲ ဒင်းတို့က တမောင့်

ဗိုင်းရယ်ကြတာကို ပြဿနာရှာချင်ပေမယ့် မရှာရဲပေ။ ဒီလမ်းထဲမှာ

ဖြစ်တာနဲ့ ဒဏ်ငွေငါးထောင်။

ဟိုငနဲသားတွေ ငါးထောင်ပေးနိုင်ပေမယ့် သူမပေးနိုင်သေး။ ငါးထောင်

လိုက်ဦးမယ်။ နေနှင့်ဦး။ ငါးထောင်ပြည့်တဲ့နေ့ မင်းတို့နဲ့ တွေ့မယ်။

✿ ✿ ✿



www.burmeseclassic.com

လမ်းထဲက ဖြတ်လျှောက်ပြီး အိမ်ထဲဝင်တဲ့အထိ လမ်းတစ်လျှောက်မှာ မြင်မြင်သမျှ လမ်းသူလမ်းသားတွေ သူ့ကိုကြည့်ကြ၊ ရယ်ကြနှင့်။

သူ့လုံချည်ပဲ ပေါက်နေလို့လား။

မလုံမလဲနဲ့ ဝတ်ထားတဲ့ လုံချည်ကို လှည့်ပတ်ကြည့်သေးသည်။ လမ်းဘေးက ခွေးဝဲစားပင် သူ အီးယိုမလားဆိုပြီး မျှော်နေလို့ ပိတ်ကန်မိသေးသည်။

သူတို့ရယ်ပုံက စိတ်ထဲ နိုးလိုးခုလုဖြစ်စရာ။

ဒေါ်အာကြီးကလည်း သူ့ကိုကြည့်ရင်း တအာအာရယ်သည်။ သူ မြင်ပြင်းကတ်ကာ။

"ဟော့ ကောက်ကွေးမနဲ့ဝိုင်းချစ် လာကြစမ်း"

အမိန့်ပေးသလို မာန်နဲ့ ဖိခေါ်လိုက်သည်။ ကလေးနှစ်ယောက် အချဉ်ထုပ်စားရင်း ဟီးခနဲရယ်ကာ အနားပြေးလာ၏။

"လာစမ်း၊ အိမ်ကို"





ပြောလည်းပြောရင်း ကလေးနှစ်ယောက်လက်ကိုဆွဲပြီး အိမ်ထဲ ခေါ်သွားတာ –

"ပြောကြစမ်း၊ ရပ်ကွက်ထဲမှာ ဘာသတင်းထူးလဲ"

"သိဘူး"

နှစ်ယောက်သား ဖာတ်တိုက်ထားသလို ပြိုင်တူပြော၏။

"မသိလို့ ရမလားကွ၊ ငါ့ကို ကြည့်ကြည့်ပြီး ရယ်နေကြတာလေကွာ"

"ဟာ့ လေးလေးကလဲ၊ ရယ်တဲ့သူ အသက်ရှည်တယ်တဲ့၊ ရယ်ကြစေပေါ့"

ကောက်ကွေးမ စွတ်ခနဲပြောလျှင် သူ့လက်ကလည်း မြန်ပေသည်။ ကောက်ကွေးမဆံပင်ကို ဆုပ်ကိုင်လျှင် –

"အဲ အွဝဲ အွဝဲ"

"ဟာ"

မဆီမဆိုင် ဝိုင်းချစ်က အော်ငိုသည်။

"မင်းက ဘာဖြစ်တာလဲ"

"မမဆံပင်ကို လေးလေးဆွဲကိုင်တော့ ကျွန်တော့်ခေါင်း နာတာပေါ့"

"ဘာကွ"

"ဟုတ်တယ်လေ၊ ကျွန်တော်နဲ့မမက အမြွှာ"

"သေလိုက်ပါလား၊ ငါ တယ်"

"အွ အွ ဝဲ ဝဲ"

"အွ အွ ဝဲ ဝဲ"

တတ်လည်းတတ်နိုင်သည့် အမြွှာ။ ဘာမှလည်း မလုပ်ရသေးဘဲနဲ့ ကလေးသားလေးလို အော်ငိုကြ၏။

"ဟ တော်ကြတော့ဟ၊ မွေးအမြွှာရဲ့၊ ခင်းတို့ကို ရှာဖွေကျွေးမွေးထားရတာ လက်ကြောဆတ်တယ်ကွ၊ သွားကြစမ်း ငါ့ရှေ့က၊ နှစ်ကောင်လုံးကို

www.burmeseclassic.com



လှစ်လိုက်ရရင်”

“ပြိုင်တူ အော်ငိုမှာနော် လေးလေး”

“အေး အငိုနဲ့ပဲ အနိုင်ယူနေကြ၊ တော်ပြီ မင်းတို့ကိုလည်း မမေးတော့ဘူး”

ကိုတာ စိတ်အချဉ်တင်မက အခါးပါ ဖောက်ချင်လာသည်။

အမြှာနှစ်ယောက်ကို အိမ်ပြင်မှာ ထားရစ်ခဲ့ပြီး အိမ်ပေါ် ဖောက်ဖောက်နဲ့ တက်လျှင် ယိုင်နဲ့နေတဲ့ အိမ်လုံးလေး လှုပ်ခါသွား၏။

“ဟဲ့ ဘယ်သူလဲ၊ အိမ်ပေါ် တိရစ္ဆာန်လို တက်လာတာ၊ အိမ်ပြိုသွားရင် လမ်းဘေးသွားနေရမယ်ဆိုတာ မသိဘူးလား အကောင်ရဲ့”

အမယ်။

မယ်မင်းကြီးမက အိမ်အလယ်ခန်းဝမှာ ခါးထောက်ရပ်ပြီး ဆီးဟောက်၏။

“ဟင်း”

သူ ဘယ်သူ့ကို ဒေါသထွက်ရကောင်းမှန်း မသိတော့ပါ။ သူ့လက်ချောင်းတွေကို တင်းအောင်ဆုပ်ကာ သူ့ခေါင်းကိုသာ ထိုးခွဲမလို့ ချိန်မိသွားသည်။

ရပ်ကွက်ထဲက လူတွေက တစ်မျိုး။

ရွှေနှစ်မြှာက တစ်လွဲ။

ခြေသလုံးအိမ်တိုင်မ တစ်စခန်းထကာ။

နောက်ဆုံး ကိုယ့်ကိုယ်ကိုယ် သင်းကွပ်ပစ်ချင်ရဲ့။ အဲ ဟုတ်ဖူး။

သဂြိုဟ်ပစ်ချင်ရဲ့ ပြောတာပါ။

ဘွာ။ ဘွာ။

✿ ✿ ✿



ည။

ညက သရိုးသရီဖြစ်နေတာလား။

လူက သရိုးသရီဖြစ်နေတာလား။

ဘာလား ညာလား မသိတော့ပါ။

အိပ်လို့မရအောင် နှိပ်စက်လွန်းလှသည်။ ညက နှိပ်စက်တာမဟုတ်။ လူက နှိပ်စက်နေတာ။

နားထောင်ကြည့်ပါလား။

“မမက ညအိပ်ရာဝင်ရင် ရွှေချိုသံလေး နားဆင်ပြီးမှ အိပ်ပျော်တာ၊ အိပ်ရာကထရင်လည်း ရွှေချိုသံလေးနဲ့မှ နိုးထတတ်တာ ကလေးရဲ့”

ခြေသလုံးအိမ်တိုင်မ အသံ။

နေစရာမရှိတာတောင် ရွှေချိုသံနဲ့မှ အိပ်ရာဝင်သလို နိုးရင်လည်း ရွှေချိုသံနဲ့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ယိုသူ ရည်ညွှန်းနဲ့ ထိုးထတဲ့ ပုဂံတုရင်နရပတိစည်သူလို့ ထင်နေပုံရသည်။

တလေးနှစ်ယောက်ကတော့ ဘာမှန်းမသိရှာ။ သူမပြောတာကို စိတ်ဝင်တစားရှိသည်ထင့်။

"ဒါဆို မမက ပုံပြင်ထဲက မင်းသမီးလေးလိုပေါ့နော်"

"အစစ်ပေါ့ ဝိုင်းချစ်ရဲ့၊ မမ အိပ်ရာကထရင်း ရေချိုးပေးတဲ့သူ၊ မိတ်ကပ်ပြင်ပေးတဲ့သူနဲ့ ရှယ်ကျကျနေတာလေ၊ အစားအသောက်ဆိုလည်း တိုတယ်ပေါ်မှာပဲ စားတာ၊ ညအိပ်ရင်တောင် ထရေးဒါးဟိုတယ်မှာ အိပ်တဲ့အခါ အိပ်တာ ကလေးတို့ရဲ့"

"ဟယ် ပျော်စရာကြီးနော်၊ မီးတို့လည်း ခေါ်သွားပါလား မမ"

"အေး ခေါ်သွားမယ်၊ မမဝတ်တဲ့ အဝတ်အစားက ပြည်တွင်းမိတ်မဟုတ်ဘူး။ ပြင်သစ်ဖက်ရှင်ကုမ္ပဏီက အော်ဒါမှာဝတ်တာ သိရဲ့လား"

"ဟယ် အံ့သြစရာကြီး၊ ပြင်သစ်က အဝတ်မှဝတ်တာ"

"ဟုတ်တာပေါ့ မီးရဲ့"

"မမ အခုဝတ်ထားတဲ့ ရှင်မီပုံ အင်္ကျီကရော ပြင်သစ်ကပဲလား"

"အစစ်ပေါ့"

"ဟွန်း မီးမှာရှိတဲ့ ရှင်မီအင်္ကျီက ဘေထုပ်ထဲက ဝယ်ထားတာ မမရဲ့"

"ဟွန်း ဘေထုပ်ထဲက"

"ဟုတ်တယ်၊ လေးလေးက ဈေးပေါပေါနဲ့ ရမယ်ဆိုရင် အကုန်ဝယ်တာပဲ၊ လေးလေးဝတ်တဲ့ အင်္ကျီတွေဆိုရင်"

တောက်။

သူ သည်းမခံချင်တော့ပါ။ ခြေသလုံးအိမ်တိုင်မ ကြွားနေတာကို ကလေးတွေက အဟုတ်မှတ်ပြီး နားထောင်။

ပြီးတော့ ပြန်ပြောနဲ့။





နောက်ဆုံးတော့ သူ့ဘက် စကားဦး လှည့်လာသည်။

"ဟော့ အိပ်ကြတော့၊ တစ်ယောက်မှ အသံမထွက်နဲ့ကြ"

ကောက်ကွေးမ စကားဆုံးအောင် ပြောခွင့်မပေးနိုင်တော့ပါ။ အိပ်ရာထဲကနေ အသံကျယ်ဖြင့် သူ ဟန့်တားလိုက်သည်။

"လေးလေးကလည်း လေးလေးဝတ်တဲ့အင်္ကျီက ဘေထုပ်ထဲက မဟုတ်ဘူးလို့ ပြောမလို့ပါ"

"အပေါင်ဆုံးအင်္ကျီ လေးလေးက ဝယ်ဝတ်တာ မမရဲ့"

'ခွီး'

ကောက်ကွေးမ စကားနောက်မှာ ဝိုင်းချစ် ဒေါက်ခနဲ့ ပြောဒါ။ သူမက ခွီးခနဲ့ ရယ်၏။

"တောက် ဝိုင်းချစ်၊ မင်းတို့ပါးစပ်တွေ မပိတ်ကြဘူးလား"

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ရွှေထီးဆောင်းခဲ့တဲ့ ကျွန်မဇာတ်လမ်းကို ကျွန်မ ပြောပြနေတာ၊ ရှင် နားမထောင်ချင်ရင် နားထဲ ငှက်ပျောသီး ထိုးထည့်ထား"

"အောင်မာ မင်း မင်းနော်"

"တော်ပါတော့ လေးလေးနဲ့မမရယ်၊ ပုံပြင်ကို မနက်မှ ဆက်နားထောင်တော့မယ်၊ မမ နော် နော်"

ကောက်ကွေးမက ဟိုဘက် ဒီဘက်ကြားက စိတ်လျှော့ဖို့ စကားရောပြော၏။

မင်းသမီး ပုံပြင်ပြောချင်ပေမယ့် လက်လျှော့လိုက်ရသည်။

"အေး မနက်ဖြန် ဆက်ပြောမယ်၊ မနက်ဖြန်ကျရင် မမဝတ်တဲ့ ဖက်ရှင်အကြောင်း အပြည့်အစုံ ပြောပြမယ်၊ စားတဲ့အကြောင်း ဘာအကြောင်း ညာအကြောင်း အားလုံးပြောပြမယ်၊ ခုတော့ အိပ်တော့မယ်၊ ချွေးခြုံသံလေး ချော်မှန်းနာဆင်ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com

မနက်ခင်းတစ်ခု။

နေမင်းကြီး ဝင်းလက်စားလစ်သာနေချိန်။

"ညြှမထဆန်တစ်ပြည်ဝယ်၊ ရှစ်ရာနဲ့၊ လေးလုံးကို အိမ်မှာ သိမ်းထား။ လေးလုံးကို အာကြီးထမင်းအိုးမှာ ညမနက်စာ ပေါင်းချက်နိုင်း"

"ဟင်းကရော လေးလေး"

"ရော့ ဒီမှာ ငါးရာ၊ အမဲသားဟင်း တစ်ပွဲဝယ်၊ နှစ်ယောက် အညီအမျှခွဲစား"

"မုန့်ဖိုး မပေးသွားဦးမယ် လေးလေး"

"မပေးဘူး၊ မောင်မင်းကြီးသားလေး ဒီမှာ မင်းတို့နှစ်ယောက်အတွက် လေးရာ၊ တစ်ယောက် နှစ်ရာ၊ ဒါပဲနော်၊ မုန့်ဆိုင်တွေမှာ အကြွေးလုပ်ထားရင် ထမင်းအငတ်ထားလိုက်မယ်"

ပိုက်ဆံကို စီစစ်တွက်ချက်ပြီး ကလေးတွေကို ပိုက်ဆံပေးနေသော



'ဒုန်း'

'ခလွမ်း'

'ဒုန်း ဒုန်း ဒုန်း'

"ဟာ ဘာသံကြီးလဲ"

မေးခနဲ အိပ်ပျော်နေတုန်း ကြားလိုက်ရတဲ့အသံ ခေါင်းမိုးသွပ်ပြားပေါ်မှ အဆက်မပြတ်ကျသံ။

ရုတ်တရက် သရဲခြောက်သလားထင်ကာ လန့်ဖျန့်သွား၏။

နောက်မှမဟုတ်။ သရဲခြောက်သံ မဟုတ်ပါ။

ခေါင်းမိုးပေါ် ခဲမိုးရွာနေခြင်း။ အိမ်ခေါင်မိုးပေါ် ခဲမိုးရွာတာ မိုးနတ်မင်းရဲ့လက်ချက် မဟုတ်ပါ။

ကာလနာအုပ်စု။ အခုမှ သူ သဘောပေါက်သည်။ သူ့ကို ဝိုင်းရယ်ကြတာ ထိုသို့ရယ်ကြတဲ့အထဲမှာ လျှို့ဝှက်မှုတွေ ပါနေတာက ဒီလိုလုပ်မယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဖြစ်ခဲ့ပြီ မဟုတ်ဘူး။ ဖြစ်ကို ဖြစ်နေတာ။

သွပ်ခေါင်မိုးပေါ် တဝုန်းဝုန်း၊ တချွမ်းချွမ်းနဲ့ ခဲတွေကျလို့ ကောင်းနေသော

သူ အိပ်နေရာမှ ငေါက်ခနဲထထိုင်ပြီး –

"ဟေ့ ဘယ်သူတွေလဲကွ၊ ငါ့အိမ်ကို ခဲနဲ့ထုနေတာ"

"ဟား ဟား ဟား"

သူက ပါးစပ်နဲ့ မေးတယ်။ သူတို့က ပါးစပ်ကြီး ဖြဲရယ်ကာ။

"ဘယ်လိုလဲကွ၊ ဖိမ်ပျက်သွားလား"

ကာလသားခေါင်းဆောင် ချစ်ထွန်း၏ သရိုးသရီးမေးသံ။ သူ ပုဆိုး စွန်တောင်ဆွဲကာ အခန်းထဲက ဒရောသောပါးပြေးထွက်ပြီး –

"ဖိမ်ပျက်တာပေါ့ကွ၊ ဒီမှာ အိပ်လို့ကောင်းနေတုန်းကွ၊ နေပါဦး ဘာ ခဲလာထုနေရတာလဲ"

"ဖိမ်ပျက်မခံချင်ရင် ခဲဖိုးပေး"

"ဟေး ခဲဖိုး၊ ငါက ဘာကိစ္စ ခဲဖိုးပေးရမှာလဲ၊ ပေးချင်ပေး မင်းတို့ ပေးရမှာ၊ မင်းတို့ ခဲနဲ့ထုလို့ ငါ့အိမ်ခေါင်းမိုး ပျက်စီးသွားပြီ၊ မင်းတို့ပဲ ခဲဖိုး ပေးရမှာ"

"ဟေ့ ကိုတာ ပေးစရာရှိရင် ပေးလိုက်ကွာ၊ ခဲဖိုးကတော့ မပေး လို့မရဘူး၊ မပေးသလောက် ထုမယ်ကွာ"

"ဟာ"

တဒိုးဒိုး တခွမ်းခွမ်းနဲ့ ခဲသံတွေက မိုးခြိမ်းသလို ကျယ်လောင်သွား၏။

"တောက် ဟေ့ ဟေ့ မင်းတို့ ရူးနေကြလား၊ ငါ ခုချက်ချင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးနဲ့ သွားတိုင်လိုက်မှာနော်"

"ဒီမှာ အုပ်ချုပ်ရေးမှူးလည်း ပါလာတယ်ကွ"

"ဟင်"

ကိုတာ ပုဆိုး ကမန်းကတန်း ဝတ်ပြီး အိမ်ရှေ့တံခါးဖွင့်ကြည့်လိုက်





သည်။

ခြံဝမှာ ရပ်ကွက်ရုံးက ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေ၊ လူငယ်တွေ ခဲနဲ့ ထုနေ တာကို အားပေးတဲ့သဘောနဲ့ ကြည့်နေသည်။

"ဟေ့ ကိုတာ မင်းကလည်း ဒီကောင်တွေကို ခဲဖိုး ပေးလိုက်စမ်းပါ"

အုပ်ချုပ်ရေးမှူးအဆို။

သူ ကမန်းကတန်း အိမ်ပေါ်က ပြေးဆင်းသွားပြီး ဖြေရှင်းချက် ပေးရသည်။

"ဟာ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ၊ အဓိပ္ပာယ်မရှိတာပဲ ဥက္ကဋ္ဌ ရာ"

"ဘာအဓိပ္ပာယ်မရှိတာလဲကွ၊ အခု ညည့်စာရင်း စစ်လိုက်ရင် ကွိခနဲ ဦးသွားမယ်"

"ဟင်"

ကိုတာ့မျက်လုံးက ကွမ်းသီးလုံးလို ပြူးသွား၏။ ညည့်စာရင်းတဲ့။ သူ့အိမ်မှာ ညည့်သည်တော့ မရှိပါ။ ဟိုဟာမလေး ရှိနေတာ မဟုတ်လား။ ညည့်စာရင်းလည်း တိုင်မထား။

"မင်း မိန်းမခိုးလာတာ တစ်ရပ်ကွက်လုံး သိတယ်ကွ၊ ငါတို့ လူကြီး တွေက နားလည်မှုပေးပြီး ငြိမ်ခံနေတာ၊ ဟိုမှာ လူငယ်တွေ မငြိမ်ဘူး။ ပေးလိုက် ခဲဖိုး မြန်မြန်"

"ဟာ ရှုပ် ရှုပ်ကုန်ပြီ ဥက္ကဋ္ဌရာ"

"မရှုပ်ဘူး၊ ရှင်းရှင်းလေးပဲ၊ ခဲဖိုး ပေးလိုက်၊ ခဲဖိုး မပေးရင်း ညည့် စာရင်းမတိုင်တဲ့အမှုနဲ့ အိမ်ရှင်ဖြစ်တဲ့ မင်းကို ဖမ်းထည့်လိုက်လို့ရတယ်၊ မင်း ခိုးလာတဲ့ ကောင်မလေးအတွက် မင်း ညည့်စာရင်းမတိုင်ထားဘူး မဟုတ်လား။ ပြီးတော့ လက်မှတ်မထိုးဘဲ ကျိတ်နေကြတာ၊ ရပ်ကွက်ကို စော်ကားနေသလိုပဲ။ အဲကြောင့် ပေးလိုက် ခဲဖိုး"



www.burmeseclassic.com

www.burmeseclassic.com



"အဟွင်း"

ကိုတာ မျက်ရည်တွေ အတောင့်လိုက် ကျလာသည်။

"ဘယ်သူက မိန်းမနိုးလို့လဲ၊ အဲဒီ ကလေကချေမ သူ့ဟာသူ အနောက်က လိုက်လာတာ"

"သူလိုက်လာလို့ မင်း အိပ်ခန်းထဲထည့်ထားလို့ရတာလေ၊ မဟုတ်ဘူးလား"

"အား အားလုံး ရှုပ်ပြန်ပြီ၊ ဥက္ကဋ္ဌ ကျွန်တော်ပြောပြမယ်၊ ဒီလို၊ ဒီ"

"ဟာ ခဲလည်း အထုခံရသေးတယ်၊ ပိုက်ဆံလည်း ပေးရဦးမယ်တဲ့"

"ထုံးစံက ထုံးစံလေကွာ၊ နောက်ဆို မင်း ငါတို့နဲ့လိုက်ခဲ့"

ကာလသားခေါင်းဆောင် မကျော့မချမ်းနဲ့ သူ့လက်ကို ဝင်ဆွဲသည်။

"ဘာလိုက်လုပ်ရမှာလဲကွ၊ ယောက်ျားအချင်းချင်း"

"ယောက်ျားချင်းမှ ကစ်လို့ကောင်းတာကွ၊ ပုလင်းချင်းကိုင် ပြီး ဝမ်းပက်တူးပက် ကစ်ကြတာပေါ့ကွ"

"မကာစ်ဘူး"

"ဟာ ဒီကောင်တွေ၊ ကိုတာ"

ရပ်ကွက်လူကြီး စိတ်မရှည်ချင်တော့ပါ။

"ပေးမလား၊ မပေးဘူးလား တစ်ခွန်းတည်းပြော၊ ခဲဖိုးပေးမှ မင်း အိမ်မှာ မင်း ဒီညအိပ်ရမယ်၊ မပေးရင် ဟိုကောင်တွေနဲ့ ကင်းလိုက်စောင့်ဒါပဲ"

ဥက္ကဋ္ဌပါဝါနဲ့ ပြောဆိုဆုံးဖြတ်ကာ၊ နောက်ဆုံး ခဲဖိုးထုတ်ပေးရလေသည်။ လောလောဆယ် ပိုက်ဆံမရှိသေးလို့ ဥက္ကဋ္ဌမဟောသီဆီက ငါးကျပ်တိုးနဲ့ ညတွင်းချင်း ချေးပေးလိုက်ရ၏။ မိန်းမမရဘဲ ခဲဖိုးအဆစ်ပေးရတဲ့အဖြစ်။ ဘယ်သကောင့်သားမှ ကြုံဖူးမယ်မထင်။

✿ ✿ ✿





"တောက်"

ကိုတာ ထ,ရိုက်ချင်စိတ် ပေါက်လာသည်။

စကားကတော့ ရှေးခြိုသံကနေ မဆင်း။

ညက သရိုးသရီးဖြစ်နေတာ ဒင်းကြောင့်။

တွေ့မယ် မနက်ကျရင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ရွှေခြူသံလိုမသာယာ။

ဆန်တစ်ပြည် ရှစ်ရာ၊ အမဲသားဟင်း ငါးရာ။ ပြီးတော့ ကလေးမုန့်ဖိုး က တစ်ယောက် နှစ်ရာတဲ့။

ဟွန်း။

မင်းသမီးကို ဒီလိုလာပေးကြည့်ပါလား။ ကလေးတွေလို ချက်ချင်း ဆွဲယူလိုက်မယ်။

အဲလိုမထင်နဲ့။

"ကဲ ငါသွားမယ်၊ ဒီနေ့ ကားဆွဲရမယ်"

"ဒါနဲ့ မမအတွက်ကော ထမင်းဖိုးနဲ့ မုန့်ဖိုးပေးသွားဦး"

ကောက်ကွေးမက သတိတရ ဆိုသည်။

"အမယ် မမအတွက် ဟုတ်လား"

"ဟုတ်တယ် လေးလေး။ မမမှာလည်း သားတို့လိုပဲ ပါးစပ်ပါတယ် ဗိုက်ပါတယ်၊ မမအတွက်လည်း ပေးသွားဦး"

"ဘာပေးရမလဲ၊ အဲဒီ ခြေသလုံးအိမ်တိုင်မက ကျိုကျိုတက် ချမ်း သာတဲ့ သူဌေးသမီးဆို"

"ဟုတ်တယ်လေ၊ မမ အဲလိုပဲ ပြောတာ"

"အေး သူချမ်းသာနေတာပဲ၊ သူ့ပိုက်ဆံနဲ့သူ ဝယ်စားပစေ၊ ငါ သွားမယ်"

လေးလေး ပြောပြီးသည်နှင့် အိမ်ပေါ်က ဆင်းသွားသည်။

"လေးလေး"

ကလေးနှစ်ယောက် လိုက်ခေါ်ပါသည်။ ဒါပေမဲ့ လေးလေးကား ကျားပျို့လေးလို လည့်ပြန်လှည့်မကြည့်ပါ။

ကျွတ်။

မင်းသမီး ဝေါက်ခနဲ့ အိပ်ရာထကာ။





ရွှေခြူသံမကြားရလို့ မထချင်တဲ့ မင်းသမီးနားက သူ့အသံနဲ့ နိုးထ လာ နားထဲ လောက်ပြေးသလို ရှစ်ရှစ်နဲ့ ခံရခက်ပါသည်။

မင်းသမီး သူဌေးသမီးဆိုတာ မယုံသလိုလို ဘာလိုလိုနဲ့။

နေဦး။

မင်းသမီးအကြောင်း သိစေရမယ်။

မင်းသမီးဆိုတာ ဒင်းလို ညှော်မထဆန်နဲ့ နှစ်ပါးသွားနေတာ မဟုတ်ဘူး။

မင်းသမီး ဘယ်လိုစားကောင်းသောက်ဖွယ်တွေ မျိုဆို့နေလည်းဆိုတာ ဒင်းကြီး မကြာခင် သိစေရမယ်။

တစ်ဆိတ်လောက်ရှင်။

နေမင်းကြီး တိမ်ဘောင်းဘီဝတ်ထားပါလား။

မင်းသမီး အပြင်ထွက်ချင်တယ်။ ထီးမရှိဘူးဆိုတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ဖီးဖီးကို ပုလဲ အကြံသစ်ပေးမလို့"

"ဘာအကြံသစ်လဲ ပုလဲရယ်၊ ပေးစမ်းပါဦး"

"ဒီလို ဖီးဖီးရဲ့ ဖီးဖီးသမီး"

"သမီး"

ခုမှပဲ ဒေါ်ဖီးကွက်မ သမီးကို သတိရတော့သည်၊ သမီးကို တိုက်ပြီး ဆွဲထုတ်ထားတာ ရက်များစွာ ကြာနေပြီမဟုတ်လား။

ဒေါ်ပုလဲသစ် အနားတိုးကပ်ကာ –

"ဖီးဖီးရယ်။ ဖီးသမီးကို ဖီး ဒီလိုပဲ စွန့်ပစ်ထားရင် ဖီးသမီး လမ်းပေါ်မှာ အနေမဲ့ အစားမဲ့နဲ့ ပျက်စီးသွားမှာပေါ့"

ဒေါ်ပုလဲသစ် စကားဆုံးတာနဲ့ ဒေါ်ဖီးကွက်မ ခနိုခနဲ့ ရယ်ချ… ရယ်ရင်း …

"ဘာ၊ ပျက်စီးသွားမယ်၊ ဟုတ်လား"





"ဟုတ်တယ်လေ၊ မိန်းကလေးတွေ ပျက်စီးဖို့က အလွယ်လေးရယ်၊ နေစရာ စားစရာမရှိရင် ပျက်စီးဖို့ ပိုလွယ်သေး"

"သမီးစိတ်နဲ့သမီး ပျက်စီးချင်ရင် ပျက်စီးပစေလေ"

"အို၊ ဖီးဖီး ဘယ်လိုပြောလိုက်တာလဲ"

"ဟွန်း အိုးကမပူ စလောင်းက ဘာလို့ပူနေရတာလဲ ပုလဲရယ်"

"ပြော ဖီးဖီးသမီးကို သမီးချင်းကိုယ်ချင်းစာလို့ပါ၊ မတော်တဆ ပျက်စီးသွားရင် မိဘပဲ ရင်ကျိုးရမှာလေ"

"ဟင့် ဟင့် ဟင့် ပုလဲရယ်၊ သမီးက သာမန်မဟုတ်ဘူး၊ နိုင်ငံတကာ …ပြီး ပညာတွေသင်ခဲ့တာ၊ သူ့ကိုယ်သူ အပျက်စီးခံတဲ့အထိ အတွေးအခေါ် …ကျနေမယ်ဆိုလည်း သမီးထိုက်နဲ့ သမီးကံပဲ"

"အို၊ ဒီလို လက်လွှတ်စပယ် ပြောလို့ရမလား ဖီးဖီးရယ်"

"ရတာပေါ့ ပုလဲရဲ့၊ ပုလဲ စဉ်းစားကြည့်လေ၊ ဖဝါးလက်နှစ်လုံး …သက်နှစ်သစ် မဟုတ်တော့ဘူး၊ စဉ်းစားတွေးတတ်တဲ့အရွယ်၊ ပညာ …လည်းတတ်၊ မိဘကလည်း အလျှံပယ် ပံ့ပိုးထားလျက်နဲ့ ဒင်းက ဒီလမ်းကို …မယ်ဆိုသွားပေါ့ ပုလဲရယ်၊ ဘာဝမ်းနည်းစရာရှိလဲ"

ဖီးဖီးပြောသော စကားလုံးတွေကို ဒေါ်ပုလဲသစ် မျက်မှန်းကျိုးလာ…ည် ဘယ့်နှယ် သမီးလေးကို ဒီလောက်ထိ ဥပေက္ခာပြုရတယ်လို့။

ပြီးတော့ အမွေဆက်ခံခွင့်တောင် မရှိဘူးတဲ့။ ဒါ ဘယ်လောက် …ရားသလဲ။

"ပုလဲ စဉ်းစားကြည့်လေ၊ အင်္ဂလန်မှာ ပါရဂူသင်တန်းတက်ဖို့ အဆင် …ည့် ပါရဂူတန်းတက်ရင် ပင်ပန်းမယ်တဲ့၊ အဲဒါနဲ့ သူ့အနီးကပ်ရှိတဲ့ ဖင်လန် …ပြီး အရင်အပန်းဖြေတယ်၊ ဖင်လန်က ပြန်လာတော့ ပါရဂူတန်းတက် …ဘူးလား၊ ဟင့်အင်း မိဘကို သတိရလို့တဲ့ ပြန်လာတယ်၊ ပြန်လာပြီး …ည်းက လည်ပတ်သုံးဖြုန်းနေတာ နည်းသလား။ မိဘက မပြုပြင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



သုံးဖြုန်းပြီးရင် ကဲ အင်္ဂလန်ပြန်ပြီး ကျောင်းတက်တော့လို့ လွှတ်တာ မသွားဘူးတဲ့၊ မိဘနဲ့မခွဲနိုင်ဘူး ပြောပြန်တယ်"

ဖီးဖီးပြောနေတာက ရေတံခွန်က ကျတဲ့ရေလို အရှိန်ဟုန် ပြင်းနေသည်။

ဒေါ်ပုလဲသစ် အောင့်အည်းသည်းခံပြီး နားထောင်နေရတာ ရင်ထဲမှာ ခွေးသေပုပ်ကို လောက်ထိုးနေသလို ရွစိတက်ကာ။

ကိုယ်က ဒီစကားစထားသူဆိုတော့ ပြောသမျှ နားထောင်ရ၏။

"ကဲပါ မိဘနဲ့မခွဲနိုင်ဘူးဆိုလည်း မခွဲနဲ့၊ ဒီမှာပဲ မိဘအလုပ်တွေ ဝိုင်းကူလုပ်ပေါ့၊ ဒါလည်း မလုပ်ချင်ဘူး။ ဒါဆိုလည်း သမီးလုပ်ချင်တဲ့ အလုပ် တစ်ခု လုပ်ပါလား၊ ဒါပြောတော့လည်း No တဲ့၊ အဲလိုနဲ့ လူပါးဝပြီး သုံးဖြုန်း နေတာလေ၊ တစ်နေ့တစ်နေ့ သမီးသုံးတဲ့စရိတ်က သိန်းသုံးလေးဆယ်၊ ဒီ ရှင့်သမီးကော အဲလို သုံးဖြုန်းနေတာကို ရှင် ကြည့်ကြည့်ဖြုံဖြုံ ထုတ်ပေး နေမလား။ ပြောလေ ပုလဲ"

"အဲ ဒါ ဒါကတော့"

"အေး ပညာတတ်ပြီး အတွေးအခေါ် မရင့်ကျက်တာ ဖီးဖီး သမီး ပိုက်ဆံတန်ဖိုးမသိတာ ဖီးဖီးသမီး၊ ပိုက်ဆံသိန်းငါးရာကို ပန်းချယ်ရီကို ထုတ် ပေးလိုက်တာလေ၊ သူများပြောသမျှ ယုံနေတဲ့ ဒီလိုသမီးမျိုး တိုက်ပေါ်မှာ ဆက်ပြီးကိုးကွယ်ထားမယ်ဆိုရင် ဖီးဖီးတို့လင်မယား ရှာဖွေစုဆောင်းထားသမျှ ကုန်သွားမှာလေ၊ ကုဋေရှစ်ဆယ်သူဌေးသားတောင် သောက်လုပ်မလုပ်ဘဲ သုံးဖြုန်းနေလို့ သူတောင်းစားဖြစ်သွားတဲ့ပုံပြင် အရှိသား မဟုတ်လား ပုလဲရဲ့"

ချက်ကျလက်ကျပြောနေတဲ့ ဖီးဖီးကိုကြည့်ရင်း ဒေါ်ပုလဲသစ် အား နင်သလို ဖြစ်ချင်လာသည်။

သူမရည်ရွယ်ချက်က မင်းသမီးကို ဖီးဖီးတို့တိုက်ပေါ် ပြန်ခေါ်တင်ပြီး အသိအမှတ်ပြုဖို့၊ မင်းသမီးကို အသိအမှတ်ပြုတာနဲ့ သူမသားနဲ့ လော်လည်ပြီ





အမြန်ဆုံးပေးစားမယ်ပေါ့။

ဒီအကြံကြီးနဲ့ လာခဲ့တာ။

ခုတော့ ထင်သလိုဖြစ်မလာမယ့် အနေအထား။

ဒေါ်ဖီးကွက်မက တင်းလွန်းနေသည် မဟုတ်လား။

"အိုး ဘာပဲဖြစ်ဖြစ်ပေါ့ ဖီးဖီးရယ် တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံ မဟုတ်လားလို့"

"အေး သားသမီးဆိုတာလည်း တောင်းပဲ၊ အသုံးဝင်ရင် ဖက်ထားမယ်၊ ဆိုးသွမ်းနေမယ်ဆိုရင် ပစ်ရမှာပဲ"

"ဟွန်း တော်ပြီ၊ ဖီးဖီးနဲ့ စကားပြောရတာ ကြက်ဟင်းခါးသီးလိုပဲ အခုအထစ်များသလို ခါးလည်း ခါးတယ်၊ တော်ပြီ အကြံသစ်လည်း မပေးဘူး သွားပြီ"

ဒေါ်ပုလဲသစ် ဆိုးဆိုးဆတ်ဆတ် ထထွက်သွား၏။

ညှော်ခံထားတဲ့ ကော်ဖီလေးပင် သောက်မသွားရှာ။

ကော်ဖီတစ်ခွက် တစ်ရာတန်တယ်လေ။ တစ်ရာသက်သာလည်း နည်းသလား။

ဒင်းသောက်မသွားတော့ ကိုယ်တိုင်ပဲ သောက်ရတာပေါ့။

ဒေါ်ဖီးကွက်မ ကော်ဖီခွက်ကို ဖိမ်ခံသောက်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"အစ်မက ဦးမြတ်သော်တာ (ခေါ်) ဦးပုရစ်ကျော်ရဲ့သမီး ဟုတ်တယ်နော်"

ထရေးဒါး ဝင်ပေါက်နား ခြေချတာနဲ့ လုံခြုံရေးဝန်ထမ်းက မင်းသမီးကို ခြေစွန်းခေါင်းဖျားကြည့်ကာ သို့ကလို မေး၏။

"ဟုတ်တာပေါ့ မောင်လေးရဲ့ ဟဲဟဲ"

မင်းသမီး စိတ်အားထက်သန်စွာ ဟဲပြ၍ မျက်နှာမော့ပြော၏။

လုံခြုံရေးဝန်ထမ်း လက်နှစ်ဖက်ဆန့်ထုတ်လျက် –

"ဟုတ်တယ်ဆိုရင် အစ်မ ဝင်ခွင့်မရှိဘူး"

"ဟမ်း"

"ဦးပုရစ်ကျော် တားထားပါတယ်၊ အစ်မငှားထားတဲ့အခန်းကိုလည်း ပြန်အပ်လိုက်ပြီ၊ ဒီထဲဝင်ပြီး အရင်လို စားလားသောက်လား နေလားထိုင်လား လုပ်လို့မရတော့ဘူး"





"ဟမ်း"

မင်းသမီး ဖိမ်ကျကျ စားသောက်နေထိုင်ဖို့ အားခဲပြီးလာခဲ့ပါမှ အခ ပိတ်ဆို့တားဆီးခြင်း ခံရတဲ့အဖြစ်။

"အစ်မ နေကောင်းပါတယ်နော်"

"ဟမ်း"

မင်းသမီး နားရွက်ကို လက်နဲ့ ခါလိုက်ရသည်။

"အစ်မက ဦးပုရစ်ကျော်သမီးမို့"

"တော်ပါတော့ ကြားပြီ ဦးပုရစ်ကျော်သမီးမို့ ဝင်ခွင့်မရှိဘူး ဟုတ်လား ဆို ဦးပုရစ်ကျော်သမီး မဟုတ်ဘူးလို့ ယူဆလိုက်"

"အဲဒါဆို အစ်မမှာ ပိုက်ဆံပါလား"

"ဟီး အကြွေး"

မင်းသမီး ရယ်ပြပြီး မျက်နှာချိုသွေးသည်။ ထိုင်နဲ့က မျက်နှာချဉ်နဲ့–

"မရဘူး"

တဲ့။

"မရရင်ပြီးရော"

မင်းသမီး မျက်နှာလေး မော့ထားလိုက်သည်။

"နေနှင့်ဦး၊ ပိုက်ဆံအိတ် လိုက်သယ်ပြီး ပြန်လာခဲ့မယ်၊ ဘာထင်နေ ထိတ်ထိတ်ကြဲချမ်းသာတဲ့ ဦးပုရစ်ကျော်သမီး ဟွန်း"

မင်းသမီး မာနခြေလှမ်းကို ဘက်ဂီယာနဲ့ ပြန်ဆုတ်ခဲ့၏။ နေဦး ဆံရအောင် တစ်ခုခုလုပ်မယ်။

ဘာလုပ်ရရင် ကောင်းမလဲ။

ဟုတ်ပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ကိုတာ မင်း ငါတို့ကောင်တွေကို တစ်ဝိုင်းကျွေးရမယ်ကွ"

"ဘာ၊ ဘာကြောင့် ကျွေးရမှာလဲ"

"မင်း မိန်းမရတဲ့ကိစ္စ"

"ဖွတ်"

ကိုတာ သောက်လက်စ ရေနွေးပါ သီးသွား၏။

"မင်း မကျွေးလို့ကတော့ ဟိုကောင်တွေလို ခဲနဲ့ လာထုမှာနော်"

ကိုပြာမောင် တကယ်လုပ်မယ့်ပုံမျိုး ဖမ်းလျက် ပြော၏။

"ကျွတ်၊ ခဲနဲ့မထုနဲ့၊ အိမ်ကိုပါ ဖြိုပစ်လိုက်၊ အေးရော"

"ဟ"

တက္ကစီဒရိုင်ဘာအုပ်စု ပါးစပ်ဟာကုန်သည်။

"ဘယ့်နှယ်ကွာ မိန်းမရလို့ ခဲဖိုးတောင်းတာကွ၊ ငါတို့ကောင်တွေကို တစ်ဝိုင်းကျွေးလို့ ဘယ်လောက်ကုန်မှာမို့လဲ"





"တော် တော် မိန်းမရတယ်ဆိုတဲ့စကား ထည့်မပြောနဲ့"

"မပြောလို့ရမလဲ၊ မိန်းမခိုးလာပြီး ကျိတ်နေတဲ့ကိစ္စ၊ မင်္ဂလာဆောင်ဖို့ ပိုက်ဆံမရှိလို့လား။ မရှိရင်ပြော၊ ငါတို့ကောင်တွေ ဘော်ဒါအကန့်နဲ့ ကူညီနိုင်တယ်ကွ"

ကိုချစ်ထွန်း အလေးအနက်ပြော၏။ ထိုစကားကို ကိုမင်းမင်းတို့က လည်း ထောက်ခံ၏။

"ဟုတ်တယ်၊ နေမကောင်းဖြစ်လို့ ဆေးရုံတက်ရတယ်ဆိုရင် မကူညီချင် မကူညီဘူး၊ မိန်းမယူတဲ့ကိစ္စဆို လာထား‌ပေါ့၊ ကဲ ရော့ ဒီမှာ မင်းမင်္ဂလာဆောင်ဖို့ တစ်သောင်းကူညီမယ်"

ပြောရင်းဆိုရင်း ကိုမင်းမင်း ပိုက်ဆံတစ်သောင်း တကယ်ထုတ်ကာ စားပွဲပေါ်တင်သည်။ ဒီတော့ ကိုပြာမောင်ကလည်း လက်မနေ။

"ဒါမှပေါ့ကွ ဘော်ဒါဆိုတာ၊ ရော့ ငါက၊ အင်း ရေကြည့်လိုက်ဦးမယ်၊ လေးငါးခြောက်၊ အင်း တစ်သောင်း၊ တစ်သောင်းတစ်ထောင်၊ ဟောဒီမှာ ငါးရာတန် ရှိသေးတယ်၊ တစ်သောင်းနဲ့ ထောင့်ငါးရာ"

ခေါက်ပိုက်ဆံအိတ်ထဲရှိသမျှ ရေတွက်ပြီး ကိုပြာမောင်လည်း စားပွဲပေါ်တင်လေသည်။ နေရာတကာ ကောင်းသွင်းလိုစေးသော ကိုချစ်ထွန်းကလည်း

"ကဲရော့ နှစ်သောင်း"

ဆိုပြီး ပက်ခနဲ့ ချပေးပြန်သည်။

"မင်း ဘာမှစိတ်မပူနဲ့၊ လိုတဲ့ငွေကို ငါတို့ စိုက်ထုတ်ပေးဦးမယ်၊ လောလောဆယ် ငါတို့ကို တစ်ဝိုင်းကျွေး၊ ဟုတ်ပြီလား"

ကိုပြာမောင် ကျောသပ်ရင်သပ်နဲ့ ပြောရှာပြန်သည်။ ပိုက်ဆံတွေနဲ့ သူငယ်ချင်းတွေမျက်နှာကိုကြည့်ရင်း ကိုတာ ရယ်ရအခက် ငိုရအခက်။

သူ့အဖြစ် သူသာအသိ။ရပ်ကွက်ထဲက ပါးစပ်ပေါက်တွေကြောင့် နေရင်းထိုင်ရင်း အိုနေရတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် အဟီး"

ကိုတာ စိတ်မထိန်းနိုင်စွာ။

ခပ်ပျော့ပျော့လေး ဟင့်ခနဲ ရှိုက် ကာ ဟီးခနဲ ငိုချလိုက်လေသည်

"ဟာ ကိုတာ"

"ဝမ်းသာလုံးဆို့သွားလို့ဖြစ်မယ်၊ ဟား ဟား ဟား ဒီအချိန် ဒီလိုပဲ ဝမ်းသာလုံးဆို့ရမယ်၊ ဝမ်းသာပြီး ငိုချစမ်းကွာ၊ ငိုချ၊ ကိုယ့်တုန်းက ဝမ်းသာလွန်းလို့ ရပ်ကွက်ပတ်ပြေးတာကွ"

"ငါတုန်းကဆို လုံချည်တောင် မပါဘူး၊ အဟီး"

"ဘယ်ပါမလဲ၊ အိမ်သာထဲဝင်ထိုင်နေပြီးတော့"

"အဟဲ မင်းကလည်း"

"တော်ကြပါတော့ကွာ၊ ငါ ငိုနေတာ ဝမ်းသာလွန်းလို့ မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့ ငိုတာလဲ"

ကိုမင်းမင်းမေး၍ သူ့မျက်ရည်တွေကို လက်ဖဝါးနဲ့ ပွတ်သုတ်ရင်း

"မိန်းမ တကယ်မရလို့"

"ဘာ၊ ဘာ"

"မဘာကြနဲ့၊ မျိုးချင်းသမျှ မျိုးစုံကြကွာ၊ ဟီး"

ပိုက်ဆံသိမ်းယူရင်း ပြောလိုက်ရသည်။

"ဒါမှပေါ့ကွ"

သူငယ်ချင်းတွေ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြ၏၊ သူ့ခမျာ မနာ မရှုဆိတ်နိုင်ပါ။ ရှင်းပြလို့လည်း ရမှာမဟုတ်။

ချော်လဲပြီးဆိုမှတော့ ရောထိုင်ရုံပေါ့။

ခြေသလုံးအိမ်တိုင်မ၊ ကလေကချေမ။ အနုပ်စုတ်ကုတ်စုတ်မ။

ဒင်းကြောင့် ငါ့နာမည် လူပျိုရည် ပျက်နေပြီကွ။

✿ ✿ ✿



ချစ်သူကို မျှော်ရတာ ရင်ခုန်စရာ။

မိဘကို မျှော်ရတာ ကြည်နူးစရာ။

ပိုက်ဆံချေးပေးမယ့်သူကို မျှော်ရတာ ပီတိဖြစ်စရာ။

ဖုန်းလာဆက်မယ့်သူကို မျှော်ရတာ နှလုံးရောဂါ ရချင်စရာ။

ဟုတ်ပါပေသည်။

ဘယ်သူ ဖုန်းလာဆက်မလဲ၊ ဖုန်းလေးရှေ့ချပြီး ထိုင်စောင့်နေရတာ ရင်က တဒုတ်ဒုတ်မြည်လျက်။

ဖုန်းဆက်မယ့်သူမလာရင် ပိုက်ဆံမရဘူး မဟုတ်လား။ ပိုက်ဆံမရမှတော့ ဖုန်းအငှားထောင်စားတဲ့ မတူးတူး စီးပွားရေးအခြေအနေ မတွေးရဲစရာ

အကြွေးသည်းခံပါ။

ပြည်တွင်းပြည်ပ ဖုန်းပြောနိုင်သည်။

စတဲ့ ဆိုင်းဘုတ်လေးကို စားပွဲပေါ် ဒီတင်ဒီရွှေ့လိုက်ရင်း ပရိတ်ရေ



www.burmeseclassic.com

www.burmeseclassic.com



ဖြန်းကာ ဖုန်းလာဆက်မယ့်သူကို ကျီးကန်းမျက်လုံးနဲ့ ဟိုကြည့်ဒီကြည့် ရှာ ရှာနေသည်။

လမ်းထဲကလူတွေက တစ်ယောက်နဲ့တစ်ယောက် ဖုန်းဆက်ပြီး စကား ပြောဖို့ထက် လူချင်းတွေ့ပြီး ဒဲ့ပြောကြတာက များသည်။

ဒီတော့ ဘယ်မှာလာ စီးပွားဖြစ်တော့မလဲ။

ငှားထားတဲ့ ဖုန်းကြေး ပေးဖို့တောင် အနိုင်နိုင်ရယ်။ သူများ လမ်းထဲက ဖုန်းထောင်စားသမားတွေဆို တိုက်တောင် ဝယ်စီးနိုင် အဲလေ တိုက်ဝယ် ဆောက်နိုင်ပြီ။

တူးတူးမှာသာ –

ဟော

မျှော်ရင်း စောင့်ရင်း။

ဖုန်းဆက်ဖို့ ထင်တယ်။ လာနေပြီ။ အဝေးကတည်းက မတူးတူး ရယ်ပြုံးလာတဲ့ မိန်းကလေး။

မျက်နှာအဆီပြန်နဲ့။ ခေါင်းမဖြီးထားလို့ထင်တယ်။ ဆံပင်ကောက် ချုံ့ထနေသည်။

ကိုတာနောက်လိုက်လာတာ ဒီမိန်းကလေးကိုး။ အနီးကပ်လာ ပိုသေချာလေ။

အသားအရေက ယုန်လို ဖြူဖြူဖွေးဖွေး။

ဟန်ပန်အမူအရာလေးက သမင်ပျိုလို။

လမ်းလျှောက်ပုံလေးက ဘဲလို ဖင်ကလေး လှုပ်ခါလှုပ်ခါ။ ငန်း လည်ပင်းလေး ထောင်ပြလျက်။

ဟန်နဲ့ပန်နဲ့ လာနေပုံက ဆင်မနွယ်။

"လာ လာ ညီမ ထိုင် ဖုန်းဆက်မလို့မဟုတ်လား"

"မီးက သူဌေးသမီးရှင့်"





"ဟေ"

မတူးတူး နှာခေါင်းရှုံ့ပွသွားသည်။

"ဟုတ်တယ် သူဌေးသမီး၊ မီဘက Top One ချမ်းသာသလို ဆွေမျိုးတွေကလည်း နိုင်ငံခြားမှာ၊ အဲဒါ ဖင်လန်ကို ဖုန်းခေါ်မလို့"

မတူးတူး ခုမှ စကားရှည်လည်ကာ။

"ဪ ညီမက ဖင်လန်ကို ဖုန်းခေါ်မလို့လား၊ ရတယ်၊ ရတယ် ဖင်လန်တင်မကဘူး၊ ဥရောပနိုင်ငံတို့၊ ဂွါတီမာလာနိုင်ငံတို့ဆိုလည်း မတူး ဖုန်းနဲ့ခေါ်လို့ရပါတယ်၊ ခေါ် ခေါ်၊ ကြိုက်သလောက်ခေါ်ပြော၊ မတူးဖုန်းက တစ်ကမ္ဘာလုံးအနှံ့ ဆက်လို့ရတာ ညီမရဲ့"

"ဆက်မယ်နော်"

"ဆက်ပါဆို"

သူမ လက်ထဲ ဖုန်းခွက်လေး ကြည်ကြည်ဖြူဖြူ မတူး ထိုးပေးလိုက် သည်။ နာရီကိုလည်း မှတ်ရင်းပေါ့။

ဖုန်းဆက်ခွင့်ရသွားတဲ့ ညီမလေးက မျှော်နေတဲ့ချစ်သူကို တွေ့သလို ရှင်ခုန်ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်စိုး မီးပါ"

"အေး သိတယ်၊ အသံကြားတာနဲ့ မင်းသမီးမှန်း သိတယ်၊ ဘာ ပြော"

အန်ကယ်စိုး စိတ်အားပါပါ ပြောနေတာမို့ မင်းသမီး ထခုန်မတတ် ဝမ်းသာသွားသည်။

"မီးကို မုန့်ဖိုးပို့ပေး၊ ပိုက်ဆံ သိန်းငါးရာလောက်၊ ဟဲဟဲ၊ ခြောက်ရာ လောက်မှ အဆင်ပြေမယ်၊ ခြောက်ရာလောက် ပို့ပေးနော်"

မတူး လက်ချောင်းလေးများထောင်ကာ ပါးစပ်ကလည်း သိန်းငါးရာ သိန်းခြောက်ရာဆိုပြီး ပတွတ် ပတွတ် ရွတ်၏။

ဦးလေးဆီက တူမလုပ်သူ မုန့်ဖိုးတောင်းတာ သိန်းငါးရာ၊ ခြောက်ရာ။

"ဘာ"

မင်းသမီး အသံကြီး ခုန်ထွက်လာတော့ လက်ငါးချောင်း ထောင်ထား





မိတဲ့ မတူးတူး လက်ချောင်းတွေကို မကြည့်တော့ပါ။ မင်းသမီးကို ပြန်ကြည့်၏။

"အန်ကယ်စိုးကလည်း မီး လိမ်လိမ်မာမာနေပါတယ်၊ ဖေဖေနဲ့ မေမေသာ မလိမ်မာတာ အန်ကယ်စိုးရဲ့"

"အန်ကယ်စိုး သိပါတယ်"

"သိရင် ပို့ပေးနော်၊ နော် လို့"

"ပို့ပေးဖို့ ငါ့မှာတောင် အနိုင်နိုင်ရယ်"

"ဟာ အန်ကယ် မညစ်ပတ်နဲ့နော်၊ အန်ကယ့်အစ်ကို မီးကို"

"အန်ကယ် သိတယ်၊ မီးဖေဖေ အမိန့်ပေးထားတယ်၊ မီးအတွက် ပိုက်ဆံတစ်ကျပ်မှ မပေးရဘူးတဲ့၊ ဒါပဲ၊ ဂွဲလောက်"

ပြောလို့ပင် မဆုံးသေး ဖုန်းချသွားလေသည်။ မင်းသမီး ငိုချလိုက် ချင်ရဲ့။

ဒါပေမဲ့ ငိုလို့မရပါ။

ဖုန်းဆက်နေတဲ့ မင်းသမီးကို မတူးတူး ငုတ်တုတ်ထိုင်ကြည့်နေတယ် မဟုတ်လား။

ဟန်ကိုယ်ဖို့ဆိုတာမျိုးနဲ့ မျက်နှာကြီးကို ဖြဲပြပြီး –

"ဟီး အန်ကယ်စိုးက ပို့ပေးမယ်တဲ့"

"ဟယ် ဟုတ်လား"

"ဟုတ်တယ်၊ အဟင့်၊ နောက်တစ်ယောက်ဆီက ဖုန်းဆက်တောင်း ဦးမယ်"

"ဟင်"

မတူးတူး မျက်လုံးပြူးရပြန်သည်။

"အန့်တီချို မီးကို သိန်းလေးငါးခြောက်ရာလောက် မုန့်ဖိုးပေးနော်၊ ဒီမှာ မီး အခက်အခဲဖြစ်နေလို့"

"အခက်အခဲဖြစ်နေတာတောင် ညည်း လက်ကြောမတင်းချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ဒီမှာ ညည်းအဖေက ဆွေမျိုးအားလုံးကို အမိန့်ပေးပြီးသား။ ညည်းအတွက်ဆို ပိုက်ဆံတစ်ကျပ်မှ မထုတ်ကြနဲ့တဲ့၊ ညည်းလည်း ငါတို့ဆီ အန်တီရယ် ဘာညာနဲ့ ဖုန်းမဆက်နဲ့။ မပေးဘူး၊ လုံးကြီးတင် မပေးဘူး၊ ရှု လောက်''

မေမေ့ညီမ အန်တီချို ဖုန်းချသွားပြန်သည်။

မင်းသမီး ဣန္ဒြေပျက်လို့ မရပါ။ မတူး ပြုံးကြည့်နေတယ် မဟုတ်လား။

''ဟီး ပိုခဲ့မယ်တဲ့''

''ဒါ ဒါဆို သိန်းတစ်ထောင်၊ တစ်ထောင့်နှစ်ရာတောင်ပေါ့နော် ညီမ''

''ဟုတ်တယ် ဟီး ဟီး ဟီး''

မင်းသမီး မချိသွားဖြဲရုံမက မြင်းလို သွားဖြဲပြီး ဟီပြနေရသည်။ အလားအလာမကောင်းမှန်း သိနေတော့ မမဝါကို ဖျတ်ခနဲ သတိရသည်။

မီးကို အလုပြင်ဖို့ ခြောက်လစာ ကြိုပေးထားတာ မဟုတ်လား။ မင်းသမီးကို တစ်လလောက်ပဲ အလုပြင်ပေးရသေးတယ်။

လေးငါးလစာ မမဝါမှာ ပြန်ရမည်။

ဒါကြောင့် မမဝါဆီ ဖုန်းဆက်တောင်းလျှင် –

''အမယ်လေး မီးရယ် မမဝါ အသုံးလွန်ထားလို့ ပြန်မဆပ်နိုင်ဖြစ် နေတာလေ၊ အဲဒါနဲ့ မီးမေမေကို မီးကိုယ်စား အလုပြင်ပေးနေရတယ်''

''ဟမ်း မေမေ့ကို''

''ဟုတ်တယ်''

''ဟာ မေမေကလည်း အဘွားကြီးဖြစ်မှ ဘာအရှုးထရတာလဲ မေမေ့ကို အလုမပြင်နဲ့၊ မီးကိုပဲ ပိုက်ဆံပြန်ပေး၊ မီးလိုနေတယ်၊ အရမ်း အရမ်းလို''

ပြောလို့တောင် မဆုံးသေး ဖုန်းချသွားတဲ့ မမဝါ။

မင်းသမီး ဟန်ဆောင်နိုင်ဖို့ ခဲယဉ်းသွား၏။





''ဘာတဲ့လဲ၊ မမဝါဆိုတဲ့ သူကလည်း သိန်းငါးရာခြောက်ရာ ပေး မယ်တဲ့လား''

''အေး ပေးမယ်တဲ့''

မင်းသမီး ဟန်ဆောင်ရင်း ဖုန်းခွက်ချရပြန်သည်။

ဘယ်သူ့ဆီကမှ ရလမ်းမမြင်။ ဖုန်းဆက်ရလို့ ပိုက်ဆံထွက်တဲ့ လမ်းပဲ မြင်နေရသည်။

''ညီမလေး ထပ်ဆက်ဦးလေ''

အရေးထဲ မတူးတူးက သဘောရှကြောင်းနေပြန်သည်။

''နေဦး စဉ်းစားလိုက်ဦးမယ်၊ ဘယ်သူ့ကိုဆက်ရင် ကောင်းမလဲလို့''

မင်းသမီး မှင်တေတေနဲ့ ပြောနေချိန်မှာ မတူးတူးက ဖုန်းခေါ်ထား တဲ့အချိန်တွေကို တစ်ခုချင်း မှတ်နေသည်။

မတူးတူးရင်ထဲမှာလည်း ပျော်နေသည်။

ဒင်းလေးဆီက ဖုန်းဆက်ခ သာမန်ထက် နှစ်ဆလောက် ပိုယူရမယ်။ ပိုက်ဆံတွေက သိန်းထောင်ချီတာ မဟုတ်လား။

တူးတူး ပိုယူလို့ ဒီညီမလေး မှုမှာမဟုတ်ဘူး။

မတူးတူး ဖုန်းနဲ့ဆက်လို့ ပိုက်ဆံတွေ ရလေခြင်းလို့ ကျေးဇူးတင်ပြီး ဘောက်ဆူးတောင် ပေးချင်ပေးဦးမှာ။

ကြည့်ပါလား။ မျက်နှာလေးက သဘောကောင်းမယ့်ပုံ။ ရက်ရောမယ့် ပုံ။

''အား အီး ဟီး''

''ဟမ်း ဘာ ဘာဖြစ်တာလဲ''

မတူးတူး အတွေးလှလှနှင့်၊ ဖီလင်တက်နေတုန်း မင်းသမီး ပိုက်နှိပ် တာ မျက်နှာလေး ရှုံ့မဲ့ပြီး –

''မ မရတော့ဘူး အစ်မ၊ အိမ် အိမ်သာ တက်ချင်လို့''



www.burmeseclassic.com

www.burmeseclassic.com



"ကြော် ထ ထ၊ လာ လာ၊ အိမ်သာသွားလေ၊ မတူး လိုက်ပို့ပေးမယ်"

မတူးတူး စေတနာပိုကာ ထိုင်နေရာမှထပြီး အိမ်ထဲ ဦးဆောင်လှည့်သွားလျှင် –

မင်းသမီး သုတ်ခနဲ လှည့်ပြေးခဲ့သည်။

"မတူးတူးက နောက်လှည့်မကြည့်ပါ"

"လာ လာ"

ခေါ်ရင်း အိမ်ထဲဝင်၊ ရေအိမ်တံခါးပါ ဖွင့်ပေးပြီး –

"ကဲ တက်"

ဟု ပြောပြီး နောက်လှည့်ကာမှ ထိုသူဌေးသမီးလေးကို မမြင်ရတဲ့အဖြစ်။

ဟင်။

မတူးတူး မျက်လုံးပြူးပြီး ဖုန်းဆိုင်လေးဆီ ပြန်ပြေးဆင်း၏။

ဖုန်းဖိုးမပေးဘဲ လစ်ပြေးသွားတဲ့ မိန်းကလေးရဲ့အရိပ်လေးတောင် မမြင်ရတော့ပါ။

တောက်။ လူလိမ်မ။

✿ ✿ ✿



"ဟော့ ဟဲ့ ဟိုမှာကြည့်စမ်း"

ဒေါ်ဆွေဆွေအသံ ရုတ်ခြည်း ခုန်ထွက်လာသည်။

"ဘာလဲ ဘာကြည့်ရမှာလဲ"

ဒေါ်သင်းလဲ့ရှိန်နဲ့ ဒေါ်စုစု ပြိုင်တူမေးလျှင် –

"ဟိုမှာလေ ဟိုအတွဲကိုကြည့်စမ်း"

ကိုရီးယားဖက်ရှင်ဆိုင်ရှေ့မှာ ကိုရီးယားမိတ်ဝတ်စုံတွေ ရွေးပြီး တစ်ယောက်ကိုယ်မှာ တစ်ယောက် ကပ်ကြည့်ရင်း ဈေးဝယ်နေကြတဲ့ စုံတွဲ။

ကောင်လေးက အဲ ကောင်ကြီးက ခေတ်လူငယ်ဒီဇိုင်းနဲ့ လန်း ယ်ကျပ်တီရှပ်နဲ့။ ဘောင်းဘီတိုနဲ့။ သားရေအိတ်ကြီး သိုင်းလွယ်ကာ။

လူငယ်တစ်ယောက်လို ကာလာရွှေဝါရောင်ဆိုးထားတဲ့ ဆံပင်ကို ထောင်ထောင်ဖြစ်အောင် သနေသလို ကိုယ်ဟန်ကလည်း ကြွနေသည်။

သူ့ကောင်မလေး အဲ သူ့ကောင်မကြီး ကပ်ပြနေတဲ့ ဝတ်စုံနဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



သေချာကြည့်ရင်း အကြံပေးနေသည်။

သူ့ကောင်မကြီးက စကာတ်တိုနဲ့။

လက်ပြတ်အကျီလေးပေါ်က ဝတ်စကုပ်ပုံ ဇာပေါက်ကျဲအကျီ တစ်ထပ်ဝတ်ထားသည်က အတွင်းသားကို အသိုင်းသားမြင်ရ၏။

နားဆွဲရှည်က ကောင်မကြီး လှုပ်ရမ်းတိုင်း အမူအရာပိုကာ ခါရမ်းလျက်။

ခေတ်သမီးပျိုများလို ဖန်စီတွေဆင်လို့ရယ်။

ဖက်ရှင်တွေကြည့်ရင်း တစ်ယောက်လက် တစ်ယောက်ကိုင်လိုက်၊ ပခုံးဖက်လိုက်နဲ့ ကလေးကလားပြုကြသေး။

ဝယ်ခြမ်းနေတာက မပြီးနိုင် မစီးနိုင်။

"ဟဲ့၊ အဲဒါ ရစ်နဲ့ဖိုး မဟုတ်လား"

"ဟုတ်ပ့ါ ဟုတ်ပ့ါ"

ဒေါ်ဆွေဆွေ အငေါ်တူးလျှင် -

"ဟွန်း ဒင်းတို့နှစ်ယောက်က ငယ်မူပြန်နေကြတာလား၊ ကြည့်ပါဦး"

ဒေါ်စုစု အမြင်မကြည်။ ရွဲ့စောင်းစောင်းပြော၏။

"ဒင်းတို့က ဒီအကြံနဲ့ သမီးကို စွန့်ပစ်ကြတာဖြစ်မယ်"

"ဖြစ်နိုင်တာပေ့ါ သင်းလဲ့ရီရဲ့၊ သမီးရှိနေရင် ဒင်းတို့ ဒီလို လန်းနေလို့မရဘူးလေ၊ ဟော သမီးကို နှင်ထုတ်ပြီးတာနဲ့ ဒင်းတို့ သူငယ်ပြန်ပြီး ကိုရီးယားဆန်နေကြတာ၊ ဟွန်း အသည်းနာတယ်"

"ဖိုးဖိုးရေ ဖက်ရှင်ဝယ်ပြီးရင် ရတနာဆိုင်ဘက် ဂိုးစို့လား"

"ဘာလုပ်ဖို့လဲ ရစ်ရဲ့"

"ချစ်သက်သေလက်ဆောင် ဝယ်ပေးမလို့"

"အဟင့် ရစ်ရစ်ကလဲ"





အရေးထဲ သူ့လင်တော်မောင် အိုကြီးအိုမပြောတာကို ဖိုးကွက်မကလည်း အပျိုဖြန်းလို မူနွဲ့လျက်။

"အဟုတ်ပြောတာလေ၊ ရစ်ရစ်တို့ ချစ်လာတာ အနှစ်သုံးဆယ်တင်းခနဲပြည့်ပြီလေ၊ ရစ်ရစ်ရင်ထဲက အချစ်တွေ တစ်ကာစတဲ့အတိုင်း ဖိုးဖိုးအတွက် လန်းနေသေးတယ်၊ ဒါကြောင့် ချစ်တဲ့လက်ဆောင်ပေးမှာ၊ လာခဲ့"

"တောက်"

ဒေါ်သင်းလဲ့ရီတို့အုပ်စု ခါးတွေ ဘာတွေ ထောက်ကာ။ တောက်ခေတ်သူက ခေတ်နဲ့။

သူမတို့အုပ်စု ကျိတ်မနိုင် ခဲမရဖြစ်နေကြသည်။

"သမီးမျက်နှာကို မထောက်၊ ကမြင်းကြောထနေလိုက်တာ၊ ကြည့်ပါလား"

"ဒင်းတို့လင်မယား အပျော်ဆို့ရှံမက လေဖြတ်ပါစေတော်"

ဒေါ်ဆွေဆွေလင်း လက်သျှိုးတထိုးထိုးနဲ့ ပြောကာ ကော်ဆဲ၏။

ဖက်ရှင်ဆိုင်ရှေ့မှာ အမျိုးသမီးကြီးလေးယောက် ခါးထောက်လိုက်၊ လက်သျှိုးထိုးလိုက်နဲ့ လုပ်နေကြတာကိုး။ ဖက်ရှင်ဆိုင်ရှင်က ရန်ဖြစ်နေတယ်ထင်ကာ အနားလာပြီး ပြောသည်။

"ဒီက မမကြီးများ ရန်ဖြစ်ချင်ရင် အပြင်မှာ သွားဖြစ်ပါနော်၊ ဒီမှာ ဈေးဝယ်သူတွေ အနှောင့်အယှက်ဖြစ်ကုန်လိမ့်မယ်၊ ဟိုမှာ နောက်လိုက်သွားပြီဖြစ်ကြ"

"အေး အနောက်လိုက်ပြီး ဖြစ်မယ်၊ လာကြ"

ဒေါ်သင်းလဲ့ရီ ဦးဆောင်သွားတဲ့နောက် ဒေါ်စုစုတို့ အသော့လိုက်ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

“ကိုတာ မင်းဟာလေး နိမ့်ရဲ့လား”

“ဘာ မင်းဟာလေးလဲ”

“မင်းမိန်းမလေကွာ၊ တစ်ရပ်ကွက်လုံးက ပြောနေကြတယ်ကွ”

“ချောတယ်တဲ့လား”

“လိုက်လိမ်နေတယ်တဲ့”

“ဘာ”

ကိုတာ့မျက်လုံးက လိပ်ခေါင်းလိုပြူထွက်လာသည်။ ကိုပြာမောင်က ကိုတာ့ပခုံးကို ရင်းနှီးစွာဖက်ရင်း –

“အလကားပါ၊ ရပ်ကွက်ထဲက သတင်း၊ ဘာမှ နိုင်လုံတာ မဟုတ်ဘူး တစ်ယောက်က နှမ်းစေ့ပြောရင်း နောက်တစ်ယောက် ပါးစပ်ထဲက ဘောလုံးလို အကြီးကြီးဖြစ်ပြီး ဘောလုံးကွင်းလို ကျယ်သွားတာ၊ အဲဒီသတင်းကို အရေး မထားနဲ့၊ ငါသိချင်တာက မင်းမိန်းမက ငါ့မိန်းမလောက် ချောရဲ့လား၊ ခုချိန်ထိ





မင်းဟာလေး မမြင်ဘူးသေးတော့ မြင်ချင်တယ်ကွ”

“မြင်ချင်ရင် အိမ်မှာသွားကြည့်”

“နေ့လယ်က ငါ မယောင်မလည်နဲ့ သွားပြီးပြီ၊ မတွေ့ခဲ့ဘူးကွ၊ အခု မင်း အိမ်ပြန်မယ် မဟုတ်လား၊ ငါ လိုက်ခဲ့မယ်”

ကိုပြာမောင် နှာခေါင်းရောဂါက ဘယ်တော့မှ မီးမသေ။ ဘယ်သူ့မိန်းမကိုဖြစ်ဖြစ် စိန်ပြေနပြေကြည့်လိုက်ရမှ။

ကြည့်ပြီးရင် သူ့မိန်းမနဲ့ နှိုင်းတော့မှည်။

“မင်းမင်းမိန်းမက ငါ့မိန်းမလို မျက်လုံးမပြူးပေမယ့် ငါ့မိန်းမလောက် မလှဘူးကွ”

ကိုမင်းမင်းမိန်းမ မတင်ဇာစိုးကိုကြည့်ပြီးတာနဲ့ သူ့ကို လက်တို့ပြောသလို ကိုချစ်ထွန်းမိန်းမ သီသီမြင့်ကိုလည်း ပြော၏။

“သီသီက ကိုယ်လုံးလှပေမယ့် ငါ့မိန်းမ လိပ်ခါးငါးရှဉ့်တင်လေးက ပိုလှသကွာ၊ ဟား ဟား”

အဲဒါသာကြည့်။

ကိုပြာမောင့်မိန်းမ မျက်ပြူးရုံမက လိပ်ခါးနဲ့ ငါးရှဉ့်တင် ဖြစ်နေတာကြောင် မျက်လုံးမပြူးဘဲ ကိုယ်လုံးလှတဲ့ သီသီမြင့်နဲ့ တင်ဇာစိုးတို့ထက် လှသတဲ့။

အခုလည်း သူ့မိန်းမ။ ဟုတ်ပေါင်၊ သူ့ဟာကလေး မဟုတ်သေးပါဘူး

အနုပ်စုတ်ကုပ်စုတ်မကိုကြည့်ပြီး မျက်ပြူးမ လှကြောင်း ပြောဦးမှာ ကြားယောင်သေး။

ဒါကြောင့် ညာလိုက်ရသည်။

“ငါ အိမ်မပြန်သေးဘူး၊ တစ်ကြောင်းနှစ်ကြောင်း ရလိုရငြား ဆွဲလိုက်ဦးမယ်”

“ဒါဆို ငါလည်း စောင့်မယ်ကွာ၊ ပြီးတော့ အတူတူသွားကြတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"တာ မင်း ဘယ်လိုကောင်လဲ ကိုပြာမောင်"

"ငါ မင်းမိန်းမကို ရှိုးချင်လို့"

"တောက်"

သူ လက်သီးပင့်လိုက်တော့ –

"မယားထိ လက်သီးကြည့်မလုပ်နဲ့၊ သူငယ်ချင်းအချင်းချင်းကွာ"

"သူငယ်ချင်းမို့ ထိုးချင်တာကွ၊ မင်းဘာသာမင်း ငါ့ဟာလေး သွား ရှိုးချင်ရင် တစ်ပွေတည်းသွားရှိုး၊ ငါ မလိုက်ဘူး၊ တောက်"

ကိုတာက ငှက်ဖျားတက်သလို ဒေါသတဆတ်ဆတ်တုန်တက်လေ သည်။

ကိုပြာမောင်က အရေးပင်မစိုက်။

သူ့မျက်နှာပြာကြီးကို သဘောကျစွာ လှုပ်ခါရင်း –

"မင်းခွင့်ပြုတဲ့အတိုင်း ငါ သွားရှိုးပြီ"

"ရှိုး ရှိုး"

ကိုတာ စကားမဆုံးလိုက်ပါ။ ကိုပြာမောင် လေကလေးလည် အ လေကလေးချွန်ကာ ကားပေါ် လွှားခနဲတက်ပြီး မောင်းသွားလေသည်။

တွေးပလေရော့။

ဝဲစားမနဲ့။

✿ ✿ ✿



ကိုယ်လုံးလေးများ ကော့ကာ၊ တစ်ယောက်ကိုတစ်ယောက် တွန်း ထိုက်ပြီး စားသောက်ဆိုင်ထဲ ဝင်လာသည့် ဆတ်ဆလူးစုံတွဲ။

ဒေါ်ပုလဲသစ် ပါးစပ်ကြီးဟလျက်သားနဲ့ သွားရည်တွေကျလာတဲ့အထိ ငေးကြည့်သွားလေသည်။

ကိုရီးယားကိုယ်ကျပ်ဝတ်စုံတွေအောက်မှ မုန့်ကျွဲသည်းလို ပျော့စိစိ ဖြစ်နေတဲ့ ဗိုက်ခေါက်တွေက ရုပ်ဆိုးစွာ ရှန်းကြွလျက်။

လက်မောင်းသား ပျော့ပျော့ကြီးတွေကလည်း ကြက်သီးထချင်စရာ။ အရင်က မြန်မာဝတ်စုံ ပုံဆန်းလေးတွေနဲ့ ကျက်သရေရှိနေတဲ့ ဒေါ်စီးကွက်မ။

ခုတော့ ကိုရီးယားဆန်စွာ ရုပ်ထွက်မကောင်းဖြစ်နေကြသည်။ ဒါကိုပဲ သူတို့လင်မယား အဟုတ်မှတ်ပြီး။

တစ်ယောက်လက် တစ်ယောက်တွဲလွဲခိုကာ စားသောက်ဆိုင်ထဲ မြိုင် ဆပြီးဝင်လာတာ သွားရည်မကျဘဲ မနေနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်ရောင်ဟာ ရှုလို့ကျတာမျိုးပါ။ သွားရည်ကို ကမန်းကတန်း မြိုချရင်း –

"ရှူး ရှူး ဒီမှာ"

လို့ လှမ်းခေါ်လိုက်ရသည်။ ဒင်းတို့ကလည်း –

"ဟိုင်း"

လက်ပြကာ အားရဝမ်းသာပြုမူသည်က ကိုရီးယားဆန်စွာ–

"လာ လာလေ ရစ်နဲ့ဖီး"

ဒေါ်ပုလဲသစ် ကြွေရရ ဖိတ်ခေါ်လိုက်ရသည်။ ဒင်းတို့က ကြွေ မရတမ်း လွှားခနဲရောက်လာကာ ယှဉ်တွဲထိုင်သည်။

"ပုလဲတစ်ယောက်တည်းလား ပုလဲရဲ့၊ ပုလဲမောင်တော်ကော မပါ ဘူးလား"

သူတို့လို သူငယ်ပြန်နေလို့လားမသိဘူး။ မေးပုံကိုက ဟိုစိတ် ဒီစိတ် ရှုစိထလျက်။

ဒေါ်ပုလဲသစ် မှင်လေးနဲ့။

"အို အေ အသက်ကြီးမှ လိုက်တွဲနေလို့ ဘယ်သင့်တော်မလဲ သားတွေ သမီးတွေ မျက်နှာကို ငဲ့ရမယ်လေ"

"ဖီးတို့မှာက ငဲ့စရာ ဘာသားသမီးမှ မရှိတော့ဘူး ပုလဲရဲ့"

ဖီးကွက်မစကားနောက်မှာ ဦးပုရစ်ကျော် ခေါင်းကို ပုတ်သင်ညိုလို တဆတ်ဆတ်ညိတ်ကာ ထောက်ခံရှာသည်။

ဒေါ်ပုလဲသစ်က မျက်စောင်းကို နှစ်ဆထိုးရင်း –

"သမီးတစ်ယောက်ကို စွန့်ပစ်ထားတာ သတိရပါဦး"

"သတိမရနိုင်ဘူး ပုလဲရေ၊ ဒင်းကြောင့် ဖီးတို့လင်မယား ကုန်းရုန်း ရှာဖွေပြီး စုဆောင်းခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ သုံးဟယ် ဖြုန်းဟယ် မရှိခဲ့ဘူး၊ အလုပ်, အလုပ်၊ ငွေ, ငွေနဲ့ လုံးပန်းနေခဲ့တာ၊ သမီးမျက်နှာကို





ငဲ့ပြီးတော့၊ ခုတော့ ငဲ့စရာ မလိုတော့ဘူး၊ ဒီနေ့က ဖီးနဲ့ရစ်ရဲ့ နှစ်သုံးဆယ် ပြည့်အချစ်နေ့ ဟန်းနီးမွန်းဆိုလည်း မမှားဘူး၊ ဒါကြောင့် သူငယ်ပြန်နေကြတာ၊ ရှေ့ဆက်ပြီးလည်း ဒီလိုပဲ သူငယ်ပြန် ကြမယ်၊ သုံးမယ် ဖြုန်းမယ်၊ လည်မယ် ပတ်မယ်"

"ဖီးဖီးပြောတဲ့အတိုင်းပဲ ပုလဲရဲ့"

"ဟွန်း မိဘဖြစ်ပြီး စိတ်နှလုံးသားမရှိတဲ့ဟာတွေ၊ တော်ပြီ ရှင်တို့နဲ့ အားပြောနေရရင် သူငယ်ပြန်ရုံမက သူကြီးပါ ပြန်ဦးမယ်"

ဒေါ်ပုလဲသစ် ပြောရင်း ဆိုးဆိုးဆတ်ဆတ် ထထွက်သွား၏။

"ဟဲ့ ဟဲ့ ပုလဲ ဒီမှာ ညည်းစားထားတာ ဘောလ်ရှင်းသွားဦးလေ"

ဖီးကွက်မ အားမနာ ပါးမနာ အော်ပြောတော့ ဒေါ်ပုလဲသစ် ရှက် သွေးလို့ မျက်နှာကြီး ကျိုးကန်းရောင်ထသွားသည်။

သူများတွေကြည့်ကုန်ကြပြီ မဟုတ်လား။

"ရော့ ရော့ ဒီမှာ"

ပိုက်ဆံအိတ်ကြီးဖွင့်ပြီး တစ်သိန်းတန်တစ်အုပ်ကို လူမြင်အောင် ဆွဲထုတ်သည်။

ပြီးတော့ သောက်ထားတဲ့ ကုတ်အေးအေးဘူးဖိုးကို သိန်းထုပ်ထဲက ထောင်တန်တစ်ရွက်ကို ရွှန်းခနဲ ဆွဲထုတ်ပြီး ပေးလိုက်လေသည်။

ပြီးတော့ ရင်ကော့ကာ ဘောက်ဆတ်ဆတ်နဲ့ ထွက်ချသွား၏။

ဟို ဆတ်ဆလူး လင်မယားကတော့ စားသောက်ဆိုင်ထဲမှာ ကလူး ကလဲပြုနေမှာ မြင်ယောင်သေး။

ဘာတဲ့။

နှစ်သုံးဆယ်ပြည့်အချစ်နေ့တဲ့။

ဟန်းနီးမွန်းနေ့တဲ့။

ပြောရင်းဆိုရင်း ကိုယ်တစ်ခြမ်း လေဖြန်းနေတဲ့လက်တဲ့မယ်ဟာကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ယောင်လာသည်။

အသက်ကြီးပေမယ့် ဦးပုရစ်ကြော်လို ဖြစ်မနေ။ တုတ်ကောက်အား **ကိုးရဲ့ နှစ်ငါးသွားနေတဲ့ လင်တော်မောင်။**

ဒေါ်ပုလဲသစ် သားသမီးအရေးတွေးနေရာမှ သူ့မယောကျ်ား မစွမ်းတဲ့အရေးဘက် စိတ်ကူးမြားလှည့်၏။

သူမရဲ့အချစ်ပန်းက ပွင့်ချင်သေးပေမယ့် ဒင်း မစွမ်းတော့လို့ ငုံထားရတဲ့တာဝ။

စိတ်ပိန်တယ်၊ အိမ်ကဟာကြီးရဲ့။

✿ ✿ ✿



"ဟော့ ကိုတာ၊ လာဦး"

"ငါ ဖုန်းဆက်စရာ မရှိသေးဘူး"

"နင့်ကို ဖုန်းဆက်ခိုင်းဖို့ မဟုတ်ဘူး"

"သိဘူးလေ၊ နင်က လူမြင်ရင် ပါးစပ်အယားပြေ ဖုန်းလေး ဘာလေး ဆက်မလား၊ ဘာလားနဲ့၊ လူတွေ့တာနဲ့ ဖုန်းပဲ ဆက်ခိုင်းနေတော့"

"မဆက်ခိုင်းဘူးဆို"

"ဖုန်းမဆက်ခိုင်းရင် ကျေးဇူးတင်တယ်၊ ကဲ ပြော ဘာပြောမလို့လဲ"

ကိုတာ ဖုန်းဆိုင်လေးထဲ လှမ်းဝင်လာတော့ မတူး ထိုင်နေရာမှ ဆတ်ခနဲ ထ၏။ နှစ်ယောက်သား ဖုန်းတင် စားပွဲခြားလျက်။ မျက်နှာချင်းဆိုင်မြင်လျှင် ...

"နင် ကားသိမ်းပြီးပြီ မဟုတ်လား"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



“အဆင်ပြေလား”

“ပြေတာပေါ့ဟ၊ ဒီမှာကြည့်”

သူကလည်း ပိုက်ဆံလေး ရလာတုန်း ကြွားချင်စိတ် ဝါးချင်စိတ် ဝင်လာသည်။ အင်္ကျီအိတ်ထဲက ခေါက်ပိုက်ဆံအိတ်လေး ဆွဲထုတ်ကာ ပိုက်ဆံတွေရှိကြောင်း ဖြဲပြလိုက်၏။

မတူးမျက်လုံးက မီးရောင်ဟပ်သွားသလို လင်းလက်သွားပြီး–

“နင့်ပိုက်ဆံ တစ်သောင်းနဲ့ထောင့်နှစ်ရာ ပြည့်ရဲ့လား”

“အောင်မာ ပြည့်လားမမေးနဲ့ ကျော်တယ်ကွ၊ ကျော်တယ်”

“မယုံပါဘူး”

မတူးတူးက သူမအကြံနဲ့သူမမို့ မယုံချင်သလို ပြောသည်။

မယုံရင် လုံးကွင်းပါ ချွတ်ပြရဲတဲ့ ကိုတာ့စရိုက်ကို မတူးတူး သိနေသူပီပီ မယုံဘူး ပြောလိုက်တာနဲ့ –

“ဒီမှာ ရေကြည့်စမ်း မတူးတူးရဲ့”

တူးတူးလည်း လက်မနှေးပါ။ ပိုက်ဆံတွေ ဆွဲထုတ်ကာ ရေတွက်လိုက်သည်။

“ဟာ နှစ်သောင်းကျော်တောင်”

“ယုံပြီမဟုတ်လား မတူးတူးရဲ့၊ ကိုတာ့ကို အထင်မသေးပါနဲ့”

“မသေးပေါင်တော်၊ ရော့ ရော့”

မတူးတူးက တစ်သောင်းနဲ့ထောင့်နှစ်ရာကို ဖယ်ထားပြီး ကျန်တဲ့ ပိုက်ဆံကို အိတ်ထဲ ပြန်ထည့်ပြီး ကမ်းပေး၏။

“ဟ ကျန်သေးတယ်လေ၊ နင့်လက်ထဲက ပိုက်ဆံ”

“ဟင့် ဟင့် ဟင့် ဒီပိုက်ဆံ ငါ ယူတယ်”

“ဘာ”

“ငါ ယူလိုက်တယ်၊ မကျေနပ်ရင် နင့်မယား ငါ့ရှေ့ ခေါ်လာခဲ့





မတူးတူးက နင့်အိတ်ထဲက ပိုက်ဆံ ဘာလို့နှိုက်ယူရလဲဆိုတာ လူစုံ တက်စုံမှ ပြောမယ်၊ ကဲ နင် ပြန်ပေတော့”

“ဟာ မတူး နင် မညစ်နဲ့တော့”

“ညစ်တာ ငါ မဟုတ်ဘူး”

“မတူး နင် ရူးနေလားဟာ”

“မရူးဘူး၊ နင့်ပိုက်ဆံ နင်ပြန်လိုချင်ရင် နင့်မိန်းမ သူဌေးသမီးကို ငါ့ရှေ့ခေါ်လာ”

“အဓိပ္ပာယ်မရှိတာဟာ”

“အဓိပ္ပာယ်ဘယ်လောက်ရှိလဲဆိုတာ သိသွားစေရမယ် ဟွန်း”

‘ကျွတ်’

ကိုတာ ကြွားမိတာကို နောင်တရချင်လာသည်။ ချေးတာလည်း မဟုတ်၊ အလှူခံတာလည်း မဟုတ်။

“ကဲ နင် ဒီပိုက်ဆံ ပြန်လိုချင်တယ် မဟုတ်လား”

“လိုချင်တာပေါ့ဟ၊ ငါ့ချေးနဲ့စာ”

“ဟုတ်ပြီ၊ နင့်မိန်းမကို ငါ့ရှေ့ခေါ်လာ၊ ဖုန်းဆိုင်က မတူး ခေါ်တယ်လို့ ဒါပဲ”

မတူးတူး ပြောပြီး ပိုက်ဆံကို အံဆွဲထဲ ထည့်ကာ သော့ခတ်လိုက်သည်။ ကိုတာ စိတ်ပိန်သွားသည်။

“အေး ငါ့မိန်းမကို ခေါ်လာမယ်၊ နင် ငါ့ပိုက်ဆံ ဖြုန်းမပစ်နဲ့နော်”

“စိတ်ချ ကိုတာရေ၊ စိတ်ချ၊ နွားချ၊ မြင်းချဟေ့”

ကိုတာ ဘာမှမတတ်နိုင်တော့ပါ။ ပိုက်ဆံတစ်သောင်းကျပ်နဲ့ ထောင့်နှစ်ရာကို ထားရစ်ခဲ့ရကာ သူဌေးသမီးအယောင်ဆောင်မဆီ သုတ်ခြေတင်ခဲ့ရသည်။ သူ့ဇနီးကို မတူးရှေ့ အမြန်ခေါ်လာရမယ်။ ဒါမှ သူ့ပိုက်ဆံ မရှုံးမှာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

နေလုံးကြီး ညှောင်းတော်မူလို့ထင့်။ မျက်လုံးပိတ်လေပြီ။

သူ အိမ်ပြန်ရောက်ချိန်မှာ ကောက်ကွေးမ (ခေါ်) မူမူချစ်နှင့် ဝိုင်းချစ် အိမ်ရှေ့မှာ စာကျက်နေကြသည်။

"ဟော့ ဝိုင်းချစ်တို့ ထမင်းစားပြီးပြီလား"

"စားပြီးပြီ လေးလေးရဲ့"

"လေးလေး အဖော်ရအောင် သားတို့ပါ ပြန်ဝိုင်းစားမယ်လေ"

ဖိုးချစ် သွက်သွက်ကလေး ပြောသည်က ချစ်စရာ။ ဖိုးချစ်ခေါင်းကို သူ ဆုပ်ကိုင်၍ –

"အမယ် ငါ အဖော်ရအောင်"

"စာကျက်လိုက်တာ ဗိုက်ထဲ ကလိုင်ပေါက် ပြန်ဖြစ်သွားလို့ လေးလေးရာ၊ အဲဒီ ကလိုင်ပေါက်ကြီး ဖြည့်လိုက်မှ စာပြန်ကျက်လို့ရမှာ၊ နောက်ဆို မလွယ်ဘူး လေးလေးရဲ့"





"သိပါတယ်ကွာ၊ မင်း ကလိုင်ပေါက်ကြီးဖြည့်ဖို့ ဒီမှာ မင်း အကြိုက် ဆိတ်ကလီစာဟင်း၊ ငါးပိကြော်နဲ့ ချဉ်ပေါင်ကြော်ပါသေး။ ဟိုသူငွေးမအတွက် ငှက်ပျောတုပ်အကြွပ်ကြော်၊ ရော့ ကောက်ကွေး၊ ဟင်းထုပ်တွေ ယူသွား။ ထမင်းပွဲပြင်ထားလေး ရေချိုးလိုက်မယ်"

လေးလေး ပြောဆိုကာ ဟင်းထုပ်တွေပေးပြီး အခန်းထဲ တန်းဝင်သွားသည်။ ပြီးတော့ ရေလဲပုဆိုးဝတ်ကာ အိမ်ရှေ့က အုတ်ရေကန်လေးဆီ ဆင်းသွားသည်။

ကောက်ကွေးမနဲ့ဝိုင်းချစ်က ထမင်းပွဲပြင်ရင်း ရင်ထဲမှာ ခြကိုက်သလို ခံစားနေရသည်။ လေးလေးကတော့ ဘာမှမသိရှာ။

မနက်ကတည်းက မမ ထွက်သွားတာ ခုချိန်ထိ ပြန်မရောက်သေး။ မမ ထွက်သွားတာ ရိုးရိုးလေး ထွက်မသွား။

ကောက်ကွေးမရဲ့ရွှေနားဆွဲလေး ငှားဝတ်သွား၏။ လေးလေးမေးရင် ဘယ်လိုပြန်ဖြေရမလဲ။

နားရွက်ကို ဆံပင်တွေနဲ့ ဆွဲအုပ်ထားမိတာ လုံပါ့မလား။

မီးနားရွက်လေးကို လေးလေး မမြင်ပါစေနဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

ချွေးဆိုတာ ထမင်းခဲပြရင် ခေါ်တိုင်းလာသည်။

ကလေးဆိုတာလည်း မက်လုံးလေး ပေးလိုက်ရင် ပြောတိုင်း ယုံသည်။ ဟုတ်တယ်လေ၊ လက်တွေ့ရယ်ပါ။

မင်းသမီး အကြံကုန်ကာ ဂဠုန်လို ဆားချက်ဖို့ စိတ်ကူး၏။ ဘယ်လိုချက်ရင်ကောင်းမလဲပေါ့နော်။

ဒါနဲ့ ဖျတ်ခနဲဆို မြင်ယောင်လာသည်။

နားဆွဲလေး တရမ်းရမ်းနှင့် ချစ်စရာကောင်းသော ကောက်ကွေးမ နားရွက်ပိုင်းလေး။

အိမ်စာလုပ်နေသည့် ကလေးမနား မင်းသမီး ကပ်ထိုင်သည်။

"မီးနားဆွဲက သိပ်လှတာပဲနော်"

"ဟီး"

ကောက်ကွေးမ သဘောကျပြီး သွားဖြဲပြသည်။ မင်းသမီးက





ကောက်ကွေးမနားဆွဲလေးကို လက်နဲ့ တို့ကြည့်ပြီး –

"နားဆွဲက အတုလား၊ အစစ်လား"

"အစစ်ပေါ့ မမရဲ့၊ ရွှေနားဆွဲစစ်စစ်လေ၊ လေးလေး ကားပွဲစားလုပ်လို့ ကော်မရှင်ဆံထောလာတဲ့နေ့က ဝယ်ပေးတာ၊ မီးနားပါ ဖောက်ပြီး ချက်ချင်းပဲ နားဆွဲဆင်ပေးတာပေါ့"

"သားလည်း နားဖောက်ပြီး နားဆွဲဆင်ချင်တာ လေးလေးက ဆင်မပေးဘူး မမ"

ပိုင်းချစ် မကျေမနပ် ထုတ်ပြောသည်။ ကလေးဆိုတော့ တစ်ယောက်ဆင်တာမြင်ရင် နောက်တစ်ယောက်လည်း ဆင်ချင်မှာပဲ။

"နင်က ယောက်ျားလေးလေ"

"ကျားဖြစ်ဖြစ်၊ မ,ဖြစ်ဖြစ် ရွှေတော့ ဆင်ချင်တာပဲ၊ နားဆွဲမဟုတ်ရင် နားကွင်းပေါ့ ဟုတ်ဖူးလား မမ"

"ဟုတ်တာပေါ့၊ ပိုင်းချစ်ကို မမ နားကွင်းဝယ်ပေးမယ်"

"ဟေး"

ပိုင်းချစ် လက်ခုပ် တဖျောင်းဖျောင်းတီးကာ။ ပိုင်းချစ်နားကွင်း ဝတ်တော့မယ်ဆိုတော့ ကောက်ကွေးမကလည်း လိုချင်လာသည်။

"မီးကိုလည်း နားကွင်းဝယ်ပေး၊ မီးနားဆွဲဝတ်ရတာ မကြိုက်ချင်တော့ဘူး"

"အဲဒါဆို မီးနားဆွဲ မမဝတ်ထားမယ်လေ၊ ငှားမလား"

"ငှားမှာပေါ့၊ မမ,ဝတ်ချင် ဝတ်လေ၊ ခုချက်ချင်း မီးဆီက ချွတ်ယူပြီး ဝတ်ထားလိုက်"

"အိုကေ"

ကောက်ကွေးမ ကြည်ကြည်ဖြူဖြူ ပြောလို့ပင် မဆုံးသေးပါ။ မင်းသမီးလက်က ကောက်ကွေးမနားဆီ ရောက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နားဆွဲကို ကမန်းကတန်း ချွတ်ယူပြီး မင်းသမီးနားမှာ ဆင်လိုက်ေ
ကလေးနှစ်ယောက် သဘောတွေကျလျက်။

"ကဲ မမ နားကွင်းဝယ်ဖို့ သွားလိုက်ဦးမယ်"

"မမ မြန်မြန်ပြန်လာနော်"

"စိတ်ချပါ ရွှေနှစ်မြွာရဲ့"

မင်းသမီး လေကလေးချွန်ကာ အိမ်ကလေးပေါ်ကနေ၊ အပြေးတစ်
ပိုင်း ဆင်းချသွားသည်။

ကလေးငယ်နှစ်ယောက် နားကွင်းလေးတွေကို မြင်ယောင်ရင်း ရွှေ
ရောင်ပြုံး ပြုံးနေကြမှာ မလွဲ။

✿ ✿ ✿



မင်းသမီး ပျော်နေပါသည်။

မြစ်ချောင်းထဲ ဘေးမဲ့အလွှတ်ခံရတဲ့ ငါးလေးလို ပျော်နေပါသည်။

ရွှေဆိုင်မြင်တာနဲ့ တန်းဝင်ကာ နားဆွဲလေး ချွတ်ပေးပြီး ပိုက်ဆံပိုက်
ခဲ့၏။

ရွှေက တစ်မူးသားပဲဆိုတော့ ပိုက်ဆံက ထင်သလောက်မရပါ။

ပိုက်ဆံလေး ခုနစ်သောင်းပင် မပြည့်ချင်။ ဒါတောင် ရွှေဈေး မိုး
ပေါ်တက်နေတုန်းမို့။

လောလောဆယ် စားချင်ရာစားဖို့ ထရေးဒါး ဟိုတယ်ပေါ်တက်ကာ
တစ်ဖြုန်စ်ဖြုံ စားချ၏။ ပြီးတော့ အနားယူ၏။ ဗိမ်ခံစားသောက် နားပြီးပြီး
ထရေးဒါးပေါ်က ပြန်ဆင်းလာတာ ထောင်တန်တစ်ရွက် ကျန်သေးသည်။

ဒီပိုက်ဆံကို ဘယ်လိုသုံးရမလဲ။ စိတ်ကူးတုန်း ဝတ်စရာ လိုနေမှန်း
သတိရ၏။ ပေါင်တစ်ဝက်သာဖုံးတဲ့ လက်တစ်လုံးအင်္ကျီလေး တစ်ထည်တည်းနဲ့

www.burmeseclassic.com



နေလာရတာ လှုရုပ်ပင်မပေါ်။

ထူရှင်ပေါ်အောင် ဒီတစ်ထောင်နဲ့ ဘယ်လိုလုပ်ရမလဲ စဉ်းစားနေတုန်း–

"လာကြ ရွေးကြ ယူကြ၊ ဈေးပေါတယ်၊ တန်တယ်နော် တန်တယ်၊ မိန်းကလေးဝတ်၊ မော်ဒန်ဝတ် ဒီဇိုင်းစုံရှိတယ်၊ အရောင်စုံတယ်၊ အင်္ကျီတစ်ထည်လုံးမှ ငါးရာ၊ ဂျင်းဘောင်းဘီ အကောင်းစား တစ်ထည်လုံးကိုမှ ထောင့်နှစ်ရာတည်း။ တန်တယ်နော်၊ တန်တယ် တန်အောင် ရောင်းတုန်း ဝယ်ထားကြပါ"

ပလက်ဖောင်းပေါ် ပုံထားတဲ့ နိုင်ငံခြားဖြစ် ဘောထုပ်အဝတ်တွေ အင်္ကျီချွတ်ထားတဲ့ဈေးသည်က တစ်ထည်ပြီးတစ်ထည် ကောက်ပြပြီး ကြော်ငြာနေသည်။

သူကိုယ်တိုင်က အင်္ကျီမဝတ်ဘဲနဲ့။

ဝတ်ထားတဲ့ဘောင်းဘီရှည်ကလည်း ဘာရောင်မှန်း ခွဲခြားလို့ မရအောင် ဖြူခါလျက်။ ဒါပေမဲ့ လုံခြုံနေပါသည်။

မင်းသမီးလည်း ဈေးနှုန်းကိုကြားပြီး မျက်နှာလေး ဝင်းလက်သွားသည်။ အင်္ကျီတစ်ထည်လုံးကိုမှ ငါးရာ။

ဂျင်းဘောင်းဘီရှည် တစ်ထည်လုံးကိုမှ ထောင့်နှစ်ရာ။

"ရပ်ကြည့်မနေနဲ့ ဘာမှမရလိုက်ပဲနေမယ်၊ ဝယ်ထားနော် ဝယ်ထား"

ဈေးသည်ကောင် မင်းသမီးကို စောင်းမြောင်းပြောသလို ပြော၏။ မင်းသမီးက အားကျမခံ၊ ရပ်ကြည့်မနေတော့ပါ။

သူများတွေ ရွေးဝယ်နေသလို မင်းသမီးလည်း ဝယ်ဦးမှ။

"အင်္ကျီတစ်ထည်လုံးမှ ငါးရာ၊ ဘောင်းဘီတစ်ထည်လုံးမှ ထောင့်နှစ်ရာ၊ ဝယ်ကြ ဝယ်ကြ၊ ရော့ မမလေး ဒါလေးက ကောင်းတယ်"

မိန်းမဝတ် ဂျင်းဘောင်းဘီရှည်တစ်ထည်ကို ဆွဲပြ၏။ ဘောင်းဘီက မဆိုးလှပါ။ ဂျင်းအနက်။

လိုချင်ပေမယ့် ပိုက်ဆံကမပြည့်။





"တစ်ထည်လုံးမှ တစ်ထောင့်နှစ်ရာပဲ၊ အစ်မ ယူယူ လုံးဝ လျှော့ထားတဲ့ဈေး၊ အလကားပေးသလို ပေးတဲ့ဈေး၊ ဝယ်ပါ မမလေးရဲ့၊ သူများနည်းတူ ဝယ်သွားစမ်းပါ"

ဈေးသည် အတင်းအကျပ်ဝယ်ခိုင်းသည်နှင့် မင်းသမီး ဝယ်ချင်စိတ်ဖြစ်လာသည်။ သူများတွေဆို တစ်ထည်တည်း မဟုတ်ဘူး။

သုံးလေးငါးထည် ဝယ်နေတာ အားကျစရာကြီး။ ဒါကြောင့် ဂျင်းဘောင်းဘီကို ကိုင်ပြရင်း –

"ဒီတစ်ထည်လုံးမှ ထောင့်နှစ်ရာတည်းနော်"

"ဟုတ်တယ် ထောင့်နှစ်ရာတည်း မမလေး"

"ဝတ်ကြည့်မယ်နော်"

"ဝတ်ကြည့်"

မင်းသမီး ခြေနှစ်ချောင်း တစ်လှည့်စီ သွင်းပြီး ဝတ်ထည့်လိုက်သည်။ ဆိုးပါဘူး တိုင်းချုပ်ထားသလို ကွက်တိ။

ဂျင်းဘောင်းဘီရှည်လေးနဲ့မှ ဣန္ဒြေရသွားသည်။

ဒီတစ်ထည်လုံး ထောင့်နှစ်ရာဆိုတော့ တစ်ဝက်ပဲယူမယ်ဆို ခြောက်ရာကျမယ်။ ဟုတ်ပြီ။

ဒူးခေါင်းနားက ပြနေတဲ့နေရာကို ကတ်ကြေးနဲ့ထိုးညှပ်ခိုင်းလိုက်သည်။ ဈေးသည်ကောင်ကလည်း ရောင်းရမယ်ဆိုပြီးရော။

မင်းသမီး လုပ်ခိုင်းတဲ့အတိုင်းလုပ်ကာ။

ဒူးနှစ်ဖက်လုံး ဖြတ်လိုက်တော့ ဘောင်းဘီက တစ်ဝက်စီ ဖြစ်သွားသည်။

"ရော့ တစ်ပိုင်းပြန်ယူ"

"ဒါလည်း ဖြစ်တာပဲ"

ဘောင်းဘီရှည် ဒူးအောက်နှစ်ပိုင်းကို ဈေးသည်ကောင်လေး ပြန်



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်သည်။

"ရော့ ထောင်တန်၊ လေးရာပြန်အမ်း"

မင်းသမီးပိုက်ဆံပေးတော့ ငနဲသားလည်း ဆွဲယူပြီး

"တစ်ပိုင်း ဆိုတော့ ခြောက်ရာ။ ရော့ ပြန်အမ်းငွေလေးရာ"

ငွေလေးရာရသည်နှင့် မင်းသမီး သုတ်ခြေတင်ပြေးကာ။ ဈေးသည်က ပိုက်ဆံပြန်အမ်းပြီး ထိုဘောင်းဘီနှစ်ပိုင်းကို ပြန်ကိုင်ကြည့်၏။

"တစ်ထည်လုံးမှ ထောင့်နှစ်ရာ၊ တစ်ပိုင်းဆိုတော့ ခြောက်ရာ"

သကောင့်သားအသံ ဆက်ထွက်မလာတော့ပါ။

သူ ဆွဲကိုင်ထားသော ဂျင်းဘောင်းဘီခြေတစ်ပိုင်းဆီကို ကြည့်ကာ။

✿ ✿ ✿



"ဟင် မင်း"

တက္ကစီခမပေးဘဲ ရစ်+ဖီး စံအိမ်ထဲ ပြေးဝင်သွားတဲ့ မိန်းကလေး ကိုပြာမောင် မြင်တာနဲ့ ဒက်ခနဲ့ မှတ်မိသွားသည်။ ဒီတစ်ခါ ပြာမောင့်ကို ပတ်ပြေးလို့ မရတော့ဘူး။ ပြာမောင်က အပေါ်စီးရနေပြီ။

အပေါ်စီးဆိုတာက ကိုပြာမောင်က အိမ်ပေါ်မှာ။ သူမက အပြင်က ပြန်လာတာ နောက်ကြောင်းမအေးတဲ့ပုံစံနဲ့။

အိမ်လှေကားရင်းနားမှာ။

ပြာမောင် အိမ်အပေါ်စီးကနေ လက်နှစ်ဖက် ခါးထောက်ကာ မတ်မတ်ရပ်လိုက်ပြီး –

"ဟိတ် ရပ်လိုက်စမ်း"

အပေါ်စီးက လှမ်းပြောနေတဲ့အသံကြောင့် မင်းသမီး ခြေလှမ်း တန့်သွားပါသည်။ အသံရှင်ကို မော့ကြည့်လိုက်တော့ တက္ကစီဒရိုင်ဘာ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဘာ အိမ်တိုင်ရာရောက် အကြွေးလာတောင်းတာနေမှာ။ အကြွေးတောင်းရင်လည်း တောင်းပါစေ။

မင်းသမီး မမှုပါ။

လက်ထဲမှာ ပိုက်ဆံသုံးရာကျန်သေးတယ်။ ဒါတောင် ဘေထုပ်သည် လက်က လွတ်အောင်လို့ ဘတ်စ်ကား တိုးစီးမိပြီး ကားခတစ်ရာ ပေးလိုက်ရလို့ နောက်ဆို လေးရာလုံးကျန်နေမှာ။

သူမမှာ ငွေယားလေးရှိတော့ ခပ်မာမာပဲ။

ခင်း ရပ်နိုင်းတိုင်း မရပ်ပါ။ အိမ်ပေါ်ဆက်တက်ခဲ့ပြီး –

"ရှင်က သူများအိမ်ပေါ် ဘာတက်လုပ်နေတာလဲ"

"နေ နေစမ်းပါဦး၊ မင်းက သူဌေးသမီးဆို ဒီအိမ်စုတ် အိမ်ယိုင်ပေါ် ဘာတက်လုပ်မလို့လဲ"

"အမယ်မယ်၊ ဒါ ကျွန်မအိမ်"

"ငါ့သူငယ်ချင်းအိမ်ပါကွ"

"ရှင့်သူငယ်ချင်းအိမ်ဆိုတာ ကျွန်မအိမ်ပဲ"

"ဟမ်း"

ကိုပြာမောင် ခုမှ အတွေးမီးတောက်ကာ –

"ဒါ ဒါဆို မင်း မင်းက ကိုတာ့ဥစ္စာပေါ့"

"ဟုတ်တယ်"

"ဟဲ"

ဟုတ်တယ်လည်း ပြောရော ကိုပြာမောင်ပါးစပ်ကြီး တိုက်ခေါက်ရတဲ့အထိ ကျယ်ဟသွားသည်။

ခင်းကို ရှာချင်နေခဲ့တာ ကြာလှပါပကော။

ခင်းကို ရှာဖို့လာတိုင်း ခင်းနဲ့မတိုးလို့ မရှာရတာ။ ခင်းကို မရှာရပေ ရင်ထဲမှာ ဆားပေါ့လေ။





ခုတော့ ရှာစမ်း။

အိမ်ပေါ်တက်လာတဲ့ ခင်းလေးကို စက်ဝိုင်းလို လှည့်ပတ်ကြည့်လိုက်သည်။ ချစ်ထွန်းပစ္စည်း သီသီမြင့်ထက် ကိုယ်လုံးကိုယ်ထည် ကြော့နေပေမယ့် သူမဟောသီ ငါးရှဉ့်ဖင်လေးလောက် ဆွဲအားမကောင်းပါ။

မှန်းစမ်း။

မျက်နှာတော်အောက်နားက မောက်သလား ပိန့်သလား။

သူ့မိန်းမရင်ဘတ်လို ပါးပါးချပ်ချပ်လေး မဟုတ်ဘူး။ အံမယ် ရှန်းလို့ ကြွလို့။

သို့သော်လည်းပဲ သူ့မိန်းမ ဇာဘော်လီပုံတု ဝတ်ထားသည့် ရင်အုံလို ကိုယ်ရည်ကိုယ်သွေး အလှမကြွယ်။

ခင်းရဲ့ အမို့အမောက် အဖွံ့အကြွက သူ့မိန်းမနဲ့ယှဉ်လို့မရပါ။ ဘယ်နေရာယှဉ်ယှဉ် သူ့မျက်လုံးထဲမှာ သူ့မိန်းမလှနေသည်။

ဒါကြောင့် –

"မလှပါဘူး မလှပါဘူး၊ ငါ့မိန်းမလောက် မင်းမလှဘူး"

"ဘာ၊ မင်းသမီး ဘာမလှဘူးလဲ၊ လှလွန်းလို့ နာမည်တောင် မင်းသမီးလို့ ပေးထားတာရှင့်"

"အံမယ်၊ မင်းကိုယ်မင်း ဘယ်လောက်လှတယ်လို့ပြောပြော ငါ့မျက်စိထဲမှာ ငါ့မိန်းမလောက် မင်းမလှဘူး၊ ဟောဒီရွှေတွေ ဆင်ရင်တောင် ငါ့မိန်းမလောက် မင်းလှမှာ မဟုတ်ဘူး"

"ဘာ ဘယ်လို ရွှေတွေ"

"ဟုတ်တယ်လေ၊ ဟောဒီရွှေတွေ"

ကိုပြာမောင့် အင်္ကျီကော်လာ လှန်ပြတော့ ဖါဝင်းနေတဲ့ ရွှေဆွဲကြိုးကြီး ပေါ်လာသည်။ ဆွဲကြိုးက သံကြိုးပုံစံ တုတ်တုတ်ခဲခဲကြီး။ အနည်းဆုံး ငါးကျပ်သားလောက် ရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မတ်ကလည်း နှစ်ကျပ်အောက်ထစ် ရောက်မှာမလွဲဘူး။ လက်ခွပ်တလည်း နဝရတ်ကိုးသွယ်နဲ့။

ကိုပြာမောင့်ကိုယ်ပေါ်က ရွှေတွေကိုမြင်တော့ မင်းသမီးအကြိုက ရွှေရိုဝင်းသွားတော့။

ဟုတ်ပြီ။

မင်းသမီး လက်ဖျစ်တီးကာ –

"မီးကို အဲဒီရွှေတွေဆင်ရင်တောင် မီးက ကိုပြာမောင့်မိန်းမလောက် မလှဘူး။ အဲလိုလား"

"အဲလို၊ အဲဂလို"

"အဲဂလိုဆို ဆင်ကြည့်လေ"

"ဘာလဲ မင်းက ငါ့မိန်းမနဲ့ မလှကြောင်း ယှဉ်ကြမယ်ပေါ့"

"အင်း"

မင်းသမီး စက်တပ်ထားသလို ခေါင်းညိတ်၏၊ ကိုပြာမောင့်သဘောက ပျားရည်လျက်သလို ချိုရှရှမြိန်ကာ –

"ရတယ်၊ ရတယ်၊ ငါ့မိန်းမနဲ့ ဘယ်မိန်းမမှ ယှဉ်လို့မရဘူး။ ရှေ့နင့်ကို ငါ့ရွှေတွေ ဆင်ပေးမယ်၊ ပြီးရင် ငါ့မိန်းမဆီခေါ်သွားမယ်၊ အဲဒီတော့နင် ငါ့မိန်းမလောက် မလှဘူးဆိုတာ ပိုသိသာသွားမယ်"

"အိုကေ"

ကိုပြာမောင်ချွတ်ပေးတဲ့ ရွှေတွေကို မင်းသမီး အငမ်းမရ ဆင်လိုက်သည်။ ပြီးတော့ 'လာ သွားမယ်' ဆိုပြီး ရှေ့က ဦးဆောင်သွားလျှင် ကိုပြာမောင်လည်း မြင်းသိုးကြီးလို တဟီးဟီးနဲ့ လိုက်ပါခဲ့ပြီး။

✿ ✿ ✿



"ဒီအထဲမောင်းဝင်"

"ဘာလုပ်မလို့လဲ မင်းသမီးရဲ့"

"ကိစ္စရှိလို့ပေါ့"

"ကိစ္စရှိရင် နောက်မှရှိလေ၊ ငါ့မိန်းမနဲ့ အရင်ဆုံး ယှဉ်ကြည့်ပြီးမှ"

"ဟင့်အင်း မရဘူး၊ အရင်ဝင်"

မင်းသမီး ဖွတ်ပြော၏။ ကိုပြာမောင်က ကူညီပါရစေ ဆိုင်းဘုတ်ကြီးတပ်ထားသော ရဲစခန်းထဲ မဝင်ချင်သေး။

ဒီရဲစခန်းကျော် ဟိုဘက်ရပ်ကွက်ရဲ့လမ်းကျယ်မှာ သူ့မိန်းမ စတိုးဆိုင်ဖွင့်ထားတယ် မဟုတ်လား။

မိန်းမဆီရောက်ခါနီးမှ ဒင်းက ရဲစခန်းထဲ ကားကွေ့ဝင်ခိုင်းရတယ်လို့။

"ကဲပါ မြန်မြန်ဝင်လိုက် ပြီးတဲ့ဟာကို၊ ပြီးမှ ကိုပြာမောင့်မိန်းမနဲ့ ယှဉ်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ယုဉ်ပြီးကြည့်ချင်စေက လောက်တွေလို ရှုပိုးထိုးနေသည် မဟုတ်လား။

အင်္ကာ ကျွေ့ဝင်နိုင်းတော့လည်း ပြီး ပြီးရောဆိုပြီး ဝင်လိုက်သည်။

ကားကို စခန်းဝမှာရပ်လိုက်သည်နှင့် ကားပေါ်မှ ဦးစွာ သူမ ဆင်းသည်။

ပြီးတော့ သူ့ကိုပါ ခေါ်၏။

"လာ"

ကိုပြာမောင်လည်း ဟဲခနဲ့ ပါးစပ်ဖြဲရယ်ပြရင်း သူမနောက်က လိုက်ပါသွားသည်။

တာဝန်ကျစခန်းမှူး ရုံးခန်းဝရောက်တာနှင့် –

"လာ လာကြ ထိုင်ကြ"

စခန်းမှူး စေတနာပါပါ ဖိတ်ခေါ်ရင်း အလုပ်စားပွဲရှေ့ အဆင်သင့်ချထားတဲ့ ထိုင်ခုံတွေကို ညွှန်ပြသည်။

နှစ်ယောက်သား ယှဉ်တွဲထိုင်မိသည်နှင့် ခွန်အားဗလနဲ့ပြည့်စုံသော စခန်းမှူးက ပြုံးရွှင်စွာကြည့်ရင်း ဆိုသည်။

"ကျွန်တော် ဘာကူညီပေးရမလဲ"

"ဟုတ်ကဲ့ မီးကို ကူညီပါ"

"ဘယ်လိုကူညီရမလဲ ပြောပါ သမီး"

"သူက တက္ကစီဒရိုင်ဘာပါ"

မင်းသမီး သူ့ကို မိတ်ဆက်ပေးလျှင် ကိုပြာမောင်ကလည်း ရင်းရင်းနှီးနှီး ရယ်ပြရင်း –

"ဟုတ်ပါတယ်၊ ကျွန်တော် တက္ကစီဒရိုင်ဘာပါ၊ တက္ကစီဒရိုင်ဘာထဲမှာတောင် သူ့ယောက်ျား ကိုတာလို တက္ကစီကားအငှားမောင်းတဲ့ တက္ကစီဒရိုင်ဘာမျိုး မဟုတ်ဘူး၊ ကိုယ်ပိုင်တက္ကစီ ဒရိုင်ဘာ"





ကိုပြာမောင် သူ့ကိုယ်သူ ကြွားဝါခြင်းမပါဘဲ ပြောလိုက်သည်။

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

စခန်းမှူးက လက်ဆန့်ပေးလျှင် ကိုပြာမောင်လည်း ဂုဏ်ယူစွာ လက်ဆွဲနှုတ်ဆက်လိုက်သည်။

နှုတ်ဆက်ပြီးတော့ စခန်းမှူးက –

"ကဲ သမီး ဆက်ပြော"

"သူက မီးကို ကားပေါ်တင်ခေါ်လာပါတယ်"

"ဟုတ်တယ်"

"ပြီးတော့ ဒီရွှေတွေဟာလည်း သူ့ရွှေလို့ ပြောပါတယ်"

"ဟုတ်ပါတယ်"

မင်းသမီးက ဆင်ထားတဲ့ရွှေတွေကို ကိုင်ပြရင်း ပြောသမျှ ကိုပြာမောင်က အမှန်အကန် ထောက်ခံ၏။ စခန်းမှူးက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး ဆက်ပြောခိုင်းသည်။

မင်းသမီးကလည်း ဆက်ပြောလေသည်။

"မီးကိုယ်ပေါ်က ရွှေတွေက သူ့ရွှေလို့ပြောပြီး ကားနဲ့တင်ပြေးသွားမလို့လုပ်တာနဲ့ မီးက စခန်းမှူးဆီမှာ အကူအညီလာတောင်းတာပါ၊ သူ့ကို ခေတ္တထိန်းသိမ်းထားပေးပါ စခန်းမှူးကြီး၊ သူ နည်းနည်း လိုင်းမကောင်းဘူး၊ ဒါကြောင့် သူ့ကားနဲ့ လိုက်မစီးရဲတော့ဘူး၊ စခန်းမှူးလက်ထဲ အပ်ခဲ့မယ်၊ ဒါပဲနော်၊ မီးသွားမယ်"

မင်းသမီး သို့ကလိုပြောပြီး သုတ်ခနဲ့ ထွက်သွားလျှင် ကိုပြာမောင် ဝုန်းခနဲ့ထပြီး –

"ဟေ့ ဟေ့ မင်းသမီး၊ ဂျလောက်"

ကိုပြာမောင် မင်းသမီးနောက် လိုက်သွားဖို့ ခြေတစ်ကြွပဲ ကြွရသေးသည် တာဝန်သိစခန်းမှူးက ကိုပြာမောင့်လက်ကို လက်ထိပ်ဖမ်းခတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တာ ခေန်းမှူးကြီး သူပြောသွားတာတွေ မယုံနဲ့"

"နောက် ခင်ဗျားပဲ ဟုတ်တယ်ဆို"

"ဟုတ်တယ်ဆိုတာ ဟုတ်တယ်"

"ဟုတ်ရင် ပြီးရော၊ လာ ဟိုထဲမှာ ခဏအနားယူ"

ဒီလိုနဲ့ ကိုပြာမောင် သံတိုင်တွေနောက်မှာ ခေတ္တအပန်းဖြေရလေပြီ။ တက္ကစီမောင်းရတာလည်း ညောင်းလှသကိုး။



'ကျွိ'

ကားရပ်သံကြားရသည်နှင့် ခန္ဓာကိုယ်ကို ဆပ်ပြာမွှေးတိုက်နေရာမှ ကိုတာ လှမ်းကြည့်၏။

ဆတ်ဆလူးထသော ဘဲမလို ပျာယီပျာယာ ဆင်းချလာသည့် ကိုပြာမောင့်မဟောသီ။

ဒေလီယာပြာမောင်။

ခြံဝင်းထဲ ဖားပြုတ်လို ခုန်ဆွခုန်ဆွနှင့် အရေးတကြီး ဝင်လာသည်။

"ကိုတာရေ၊ ဟော့ ကိုတာ၊ နင် ပြန်ရောက်ပြီလား"

"ငါ ဒီမှာ ရေချိုးနေတယ်ဟ"

"ဟင် ရှင်ကတော့ ပြန်ရောက်ပြီး ဒါလင်ပြာ ပြန်မရောက်သေးဘူး"

"ရောက်လာမှာပေါ့ဟာ နင်ကလဲ"

ကိုတာ အရေးမပါဟန်ပြောရင်း ကိုယ်ပေါ် ရေတွေလောင်းချိုး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေလီယာ ခေါင်းတစ်ချက်ရမ်းရင်း –

"နောက်ကျနေပြီလေ၊ ဒါလင်ပြာ တစ်ခုခုများ ဖြစ်နေသလား"

"ဟာ နင်ကလည်း မဦးမချွတ်၊ တစ်မိနစ် တစ်စက္ကန့်တောင် နောက်ကျမခံနိုင်ဘူးလား ဒေလီယာရယ်"

"နောက်ကျနေလို့ မဖြစ်ဘူး၊ ဒေလီယာ စိတ်မချဘူး၊ ဒါလင်ပြာကို ဖမ်းထားနိုင်မှ မြဲမှာ၊ အခု နောက်ကျနေပြီ၊ ရှင့်ဆီလည်းမရောက် အိမ်လည်း ပြန်မလာဆိုတော့ ဘယ်ကောင်မချောချောတွေကို လိုက်ငမ်းနေလဲမှမသိတာ"

ဒေလီယာက သူမယောကျ်ားအကြောင်း အသိဆုံးမို့ ဆိုချေပြီ။

"ဒေလီယာရယ် ဘယ်မိန်းမ ဘယ်လောက်လှလှ နင့်လောက် မလှဘူး၊ ဆွဲဆောင်မှုမရှိဘူးလို့ နင့်ယောကျ်ားပြောပြောနေတာလေ၊ နင့်ကိုသာ ကိုပြာမောင် တိုးလို့တွဲလောင်း စွဲနေတာ၊ နင်လည်း သိသားနဲ့"

"သိတယ်တော်ရေ သိတယ်၊ ဒေလီယာမလှတာ ဒေလီယာ သိတယ်၊ အဲဒါကို သူက ဟိုဒင်းမိန်းမထက် လှတယ်၊ ဒီဒင်းမိန်းမထက် လှတယ်၊ လှတယ်လို့ မြှောက်ပင့်ပြောပြီးတော့ မိန်းမလှမြင်တိုင်း နှာခေါင်း ကြာကူလီရိုက်နေတာလေ၊ အခုလည်း ဘယ်မှာ နှာခေါင်းကြာခိုနေလဲမှ မသိတာ"

"ဒါတော့ ငါလည်း မတတ်နိုင်ဘူး ဒေလီယာရယ်၊ ခဏစောင့်ကြည့်ပါဦး၊ လမ်းကြောင်းရနေလို့ ဖြစ်မှာကွာ"

ကိုတာ ပုဆိုးလဲလှယ်ရင်း သူငယ်ချင်းဘက်က ဖာဖာထေးထေး ပြောသည်။

ဒေလီယာပြာမောင် လက်တစ်ဖက် ခါးထောက်ပြီး မျက်နှာကို ထမင်းအိုးလို ပွက်ပွက်ဆူရင်း ပြော၏။

"ဘာလမ်းကြောင်းမှ ရစရာမလိုဘူး"

"နင်ကလည်း လမ်းကြောင်းများများရမှ ပိုက်ဆံရမှာလေ"

"ပိုက်ဆံမလိုဘူး၊ လင်ပဲလိုတယ်"





"နင်ကလည်း ကိုယ့်ယောကျ်ား ပိုက်ဆံရှာနေတာကို မျက်မှန်ကျိုးနေပြန်ပြီ"

"မျက်မှန်ကျိုးနေတာ မဟုတ်ဘူးတော်ရေ၊ ဟိုဟာ ဒီဟာမတွေ့နားရောက်နေမှာ စိတ်ပူလို့ပြောရတာ၊ ကဲလာ ငါနဲ့လိုက်ခဲ့၊ ဒင်းကို လိုက်ဖမ်းမယ်"

"ကျွတ် ငါ ထမင်းတောင်မစားရသေးဘူး"

"နောက်မှစား၊ ငါ့လင်ကို အရင်လိုက်ရှာမယ်၊ လာခဲ့"

ထုံးစံအတိုင်း သူ့ကိုဆွဲခေါ်ပြန်သည်။

ဒေလီယာပြာမောင်ဆိုတာ အဲသလိုမိန်းမ။ သူ့ယောကျ်ားကို အချိန်တစ်မိနစ်မှ နောက်ကျခွင့်ပေးမထား။

နောက်ကျတိုင်း သူ့ကိုဆွဲခေါ်ကာ သူ့ဒါလင်ကို သူ အမိဖမ်းနေကြပြီးရင် သူတို့နှစ်ပါးက မုန့်ကျိုးလိမ်လို ကြည်လင်လိမ်ယှက်နေမယ်။

သူက လှည့်ပြန်။

ဘာမှ အရေးပါတာလည်း မဟုတ်ဘူး။

မလိုက်ပေးရင်လည်း မကောင်းဘူး။

"နေပါဦးဟ၊ အင်္ကျီဝတ်ပါရစေဦး"

"မြန်မြန်ဝတ်"

ကိုတာ အိမ်ပေါ်တက်ပြီး အင်္ကျီဝတ်၏။

ထိုစဉ် ပြာမောင့်မဟေသီက သူတို့ပျဉ်ထောင်အိမ်လေးဆောင်းတိုက်ကြီးဘက် စိတ်မရှည်သလို လမ်းလျှောက်နေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

‘တီ တီ တီ’

တိုက်ကြီးနဲ့ပျဉ်ထောင်အိမ်လေးရှေ့ ခေါက်တုံ့ခေါက်ပြန် လျှော
နေတုန်း ဒေလီယာပြာမောင်၏လက်ကိုင်ဖုန်း အနီရောင်လေး ထအော်၏

လက်မှာ အဆင်သင့်ကိုင်ထားတဲ့ဖုန်းမို့ ဒေလီယာပြာမောင် စိတ်
လှုပ်ရှားစွာ ဖုန်းဖွင့်ပြီး နားနားကပ်၏။

ဟဲလိုလို့ပင် မထူးရသေး။

‘ဟီး ဟီး ဟီး’

နဲ့ ဟီသံအဆက်ပြတ်ကြားရ၏။ ဒီဟီသံက ဘယ်သူ့အသံဖြစ်မှန်း
ဒေလီယာပြာမောင် ဒက်ခနဲ့ သိသွားသည်။

“ဒါလင်ပြာ”

“ဟီး ဟီး ဟီး၊ ဟုတ်တယ်၊ ဒေလီယာ ဒါလင်ရဲ့”

“ဘာ ဟုတ်တာလဲ၊ တဟီးဟီးနဲ့ ဘယ်နေရာမှာ နှာခေါင်းဘော





နေတာလဲ”

“အချုပ်ခန်းထဲမှာ”

“ဘာ”

“ဟုတ်တယ်၊ ဒါလင်ပြာ ငိုနေတာပါ ဒေလီယာရယ်၊ ဒါလင်ပြာ ငို
နေတာပါ၊ ဒါလင်ပြာ့အဖြစ်ကို လာကြည့်ပါဦး”

“နေပါဦး ဒါလင်၊ ဘာဖြစ်နေတာလဲ”

“အချုပ်ခန်းထဲ ရောက်နေတယ်ဆိုမှ သေချင်းဆိုးမရဲ့”

“ဟင် အချုပ်ခန်း၊ ရှင် အချုပ်ခန်းထဲ ဘာသွားဝင်လုပ်တာလဲ”

“ဒါလင် ဘာမှ ဝင်လုပ်တာမဟုတ်ဘူး၊ ကိုတာ့မိန်းမ လာထည့်သွား
တာ”

“ဘာ ကိုတာ့မိန်းမ”

အိမ်ပေါ်က အကျီဝတ်ပြီး ဆင်းလာတဲ့ ကိုတာ၊ လှေကားရင်းနားမှာ
ခြေလှမ်းတန့်သွားသည်။

ကိုတာ့မိန်းမတဲ့။

ဒါ ဟိုအယောင်ဆောင်မကို ပြောနေတာ။ ဒင်းလည်း ခုချိန်ထိ ပြန်
ရောက်သေး။

ကိုတာ စိတ်ဝင်တစား နားထောင်လျှင် –

“ကိုတာ့မိန်းမ ဟုတ်လား၊ ရှင် ကိုတာ့မိန်းမကို ဘာသွားလုပ်လို့လဲ”

“ဒါလင်ပြာ ဘာမှမလုပ်ရပါဘူး မိန်းမရယ်၊ ဒါလင်ပြာ့စကားနဲ့
ဒါလင်ပြာ့ကို ထောင်ချောက်ဆင်ထည့်လိုက်တာပါ၊ ပြီးတော့ ဒါလင်ပြာ့ ရွှေ
တွေလည်း ‘မ’ ပြေးသွားတယ်၊ အဲဒါ ရဲစခန်းကို အခုလိုက်ခဲ့၊ ဒါလင်ပြာ့ကို
အာမခံနဲ့ လာထုတ်ပါ မိန်းမရယ်၊ မိန်းမ အာမ,မခံရင် ဒီတစ်ညတော့ ဒါလင်
ပြာတို့ ကန္တရီချောင်းခြားဖြစ်ပြီး မိန်းမရဲ့၊ ဟီး ဟီး ဟီး”

“တောက်”



www.burmeseclassic.com

www.burmeseclassic.com



ဒေလီယာပြာမောင် တောက်တခေါက်ခေါက်နှဲ့။

"ကိုတာ နင့်မိန်းမ ဒေလီယာ့ယောက်ျားကို လုပ်သွားပြန်ပြီ၊ အမြန်လာခဲ့၊ ဒါလင်ပြာ့ဆီက ရွှေတွေလည်း ယူပြေးသတဲ့၊ ဒါလင်ပြာ့ကိုလည်း အချုပ်ခန်းထဲ ထည့်ထားသတဲ့"

ဒေလီယာပြာမောင် ပြောလည်းပြောရင်း ကိုတာ့လက်ကို ဆွဲခေါ်သွားလေသည်။

ကိုတာလည်း ဒလဟောပါသွားရတဲ့အဖြစ်။

ကောက်ကွေးမနဲ့ပိုင်းချစ်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ကျန်ရစ်ခဲ့သည်။

မမက လေးလေးသူငယ်ချင်းဆီက ရွှေတွေ မ,ပြေးသတဲ့။

ဒါဆို သူမရဲ့ ရွှေနားဆွဲလေးလည်း အဆစ်ပါသွားပြီပေါ့။

✿ ✿ ✿



"ကျွန်တော့်မိန်းမ ကျပ်မပြည့်လို့ပါ စခန်းမှူးကြီး"

"ဟေ မင်းမိန်းမပြောတော့ ကိုပြာမောင်က လိုင်းမကောင်းတာဆို"

"ဒါ ဒီလိုပါ၊ သူကိုယ်တိုင် ကျပ်မပြည့်တာ သူ မသိဘူး။ အားလုံးကို
ိုင်းမကောင်းဘူးလို့ စွပ်စွဲနေကြပါ။ ကျွန်တော့်မိန်းမအတွက် ကျွန်တော်
ာင်းပန်ပါတယ်"

"ရပါတယ်"

စခန်းမှူးက ခပ်အေးအေးခေါင်းညိတ်ပါသည်။ သို့သော် ကိုပြာမောင်
ာ်ရည်တွေသုတ်ရင်း –

"ကျွန်တော့်ဘက်က မရဘူး စခန်းမှူးကြီး၊ ကျွန်တော့်ရွှေတွေ ပါ
ွားတယ်လေ"

"ဟုတ်တယ်၊ ကျွန်မယောက်ျားဆီက ရွှေတွေ၊ သူမိန်းမ လိမ်ပြေး
ာ အဲဒါ"

www.burmeseclassic.com



ကိုပြာမောင်တို့လင်မယား သည်းမခံဘဲပြော၏။ သူငယ်ချင်းထက် သူတို့ရွှေတွေက အရေးကြီးတယ် မဟုတ်လား။

ထိုအခါ စခန်းမှူးကြီး ခေါင်းတဆတ်ဆတ်ညိတ်၍ –

"ဟုတ်တယ်၊ ရွှေကိစ္စ မင်း ဘယ်လိုရှင်းပေးမလဲ"

စခန်းမှူးမေးလျှင် ကိုတာ ဘာမှမဖြေနိုင်တော့ပါ။

မျက်နှာကလည်း ရေနံချေးလို မဲမှောင်ချိတ်တူးလျက်။ သူငယ်ချင်း လင်မယားဘက် အသနားခံစွာလှည့်၍ –

"ငါ တောင်းပန်ပါတယ်ဟာ"

"တောင်းပန်ရုံနဲ့ ပြီးသလား ကိုတာရယ်၊ နင့်မိန်းမ ယူသွားတာ ရွှေတစ်မတ်သား ငါးမူးသားမဟုတ်ဘူး။ အားလုံးပေါင်း ငါးကျပ်ခွဲသား ရှိတယ်"

"ငါတို့လင်မယားက ဒိုးတူပေါင်းဖက် ရှာဖွေပြီး ကျစ်ကျစ်ပါအောင် ဒီရွှေတွေ စုရတာ ငါးနှစ်မကဘူး၊ မင်းမယားက ငါးမိနစ်တည်းနဲ့ ငါ့ရွှေတွေ မ,သွားတာ၊ ငါတို့ ဘယ်လိုခွင့်လွှတ်ပေးရမလဲ၊ ဒီကိစ္စ မင်းမှာ တာဝန်ရှိတယ် မင်းလျော်ပေး"

လင်မယားနှစ်ယောက်လုံး ကိုတာကို မငဲ့ညှာပါ။

ရွှေမျက်နှာပဲကြည့်ကာ အလျော်တောင်း၏။

"ဒါနဲ့ မောင်ရင့်ဇနီးကော"

စခန်းမှူးကြီးလည်း ပြေလည်အောင် ဖြေရှင်းပေးလိုပါသည်။ ဒါကြောင့် ကိုတာ့ကို စာနာစွာမေး၏။

ကိုတာ ခေါင်းရမ်းကာ –

"ခုထိ အိမ်ပြန်မရောက်သေးဘူး"

"ဘယ်က ပြန်လာမလဲ၊ ဒီမိန်းမ ဒီလိုပဲ လိုက်လိမ်နေကြ၊ ဘယ်က လိမ်ပြီး ထွက်ပြေးလာလည်းမှ မသိဘူး၊ သူနဲ့ညားမှ မြင်ဖူးတာ၊ အခုလည်း လိမ်ပြေးပြီပေါ့ကွ"





ကိုပြာမောင် အားမနာတမ်း ပြော၏။

"ကဲပါ မင်းတို့ရွှေ ငါပဲ လျော်ပေးပါ့မယ်"

"လျော်မယ်ဆို ခုချက်ချင်းလျော်"

လင်မယားနှစ်ယောက် အသံပြိုင်တူထွက်၏။

"ကဲ မောင်ရင် တတ်နိုင်ရင်လည်း လျော်ပေးလိုက်"

စခန်းမှူးကလည်း ကိစ္စမြန်မြန်ပြီးစေလိုသည်။ ဒါကြောင့် ဝင်ပြောသည်။ ထိုအခါ ကိုတာ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲသွား၏။

လောလောဆယ် သူ့မှာ ငွေပို့ငွေလျှံမရှိတာ သူအသိဆုံး။ ရွှေဆိုလို့ နားရင်ရှူစရာမရှိပါ။

အဲ ကောက်ကွေးမလေး နားဆွဲတစ်ရံတော့ရှိသည်။

အဲဒီရွှေနားဆွဲနဲ့ အလျော်ပေးဖို့က မြင်းမိုရ်တောင်နဲ့ ရွှေးစေ့မျှသာ။

ဒါပေမဲ့ ဘယ်ဘဝကရေစက်ကြောင့် ဒီမိန်းကလေး သူ့ကို ဒုက္ခပေးဖို့ ရောက်လာမှန်း မသိပါ။

သူမပေးတဲ့ဒုက္ခအပေါ်မှာ သူ သာယာနေမိပြီ မဟုတ်လား။

"ကဲ ကိုတာ လျော်မယ်ဆို လျော်ပေးလေကွာ"

"စိတ်ချပါ၊ ငါ့မှာ လျော်စရာပိုက်ဆံ ရွှေငွေ မရှိပါဘူး"

"ဒါ ဒါဆို နင် မလျော်ဘူးပေါ့"

ကိုပြာမောင် ဝုန်းခနဲ့ထရပ်ရင်း လက်သီးရွယ်လေသည်။ သူ့ လက် တန့်တား၍ –

"လျော်မှာပါ၊ ငါတို့နေတဲ့ အိမ်ငယ်လေးနဲ့ ပေသုံးဆယ်မြေက မင်း ရွှေငါးကျပ်ခွဲသားထက်မက တန်ပါတယ်၊ အဲဒါကို ငါ လက်မှတ်ထိုးပေးမယ်၊ နောက်ဖြန် ဒီကိုပြန်လာ၊ ငါ စာချုပ်စာတမ်းတွေ တစ်ပါတည်း ယူခဲ့မယ်၊ ကျွန်တော် ကတိပေးပါတယ် စခန်းမှူး"

စခန်းမှူး သက်မတချချနဲ့ ခေါင်းညိတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုပြာမောင်တို့လင်မယား မျက်နှာတွေလည်း အရောင်ဖျော့ကျသွားသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကိုတာ ဒါပဲပြောကာ ထထွက်သွားသည်။

ကိုပြာမောင်တို့လင်မယား ဟန့်တားချင်ပေမယ့် ဘာသံမှ မထွက်လာနိုင်။

လည်မျိုမှာ ဒူးရင်းသီးကြီး နင်နေသလို ထိရှခံစားရတာတွေ နင်လျက်

✿ ✿ ✿



ည။

လက နှစ်ခြိုက်စွာ အိပ်မောကျလျက်။

ကိုတာ အိပ်လို့ မရနိုင်ပါ။

ထို့အတူ ကောက်ကွေးမနဲ့ ဝိုင်းချစ်လည်း မျက်ခွံကို ဒေါက်ထောက်ထားသည့်အလား ဟင်းလင်းပွင့်နေပါသည်။

ရဲစခန်းက ပြန်လာပြီးကတည်းက လေးလေး အိမ်ပေါ်တက်မလာ။ ခြံရှေ့က အုတ်ခုံလေးမှာ ကျောက်ချသလို ထိုင်လျက်။

ထမင်းစားဖို့ ဝိုင်းချစ်လေး မရဲတရဲသွားပြီးခေါ်တော့လည်း လာမစား။

"သားတို့ ဆာနေတယ် မဟုတ်လား၊ စားလိုက်ကြလို့"

ခပ်တိုးတိုးပြော၏။

ဝိုင်းချစ်တို့လည်း စားချင်စိတ်မဖြစ်ပါ။ ညတိုင်းဆိုရင် ပေးလေး ပြန်ရောက်ရင် တစ်ကြိမ်စားနေကြ။



www.burmeseclassic.com

www.burmeseclassic.com



မမရယ်၊ လေးလေးရယ်၊ သူတို့မောင်နှမနှစ်ယောက်ရယ်။ လေးလေးက မအေကြိုက် ပုစွန်ထုပ်အကြွပ်ကြော်ကို ညတိုင်းဝယ်ပြီး ကျွေး၏။

မမက သူတို့မောင်နှမကိုပါ ဖွဲ့ကျွေး၏။ လေးယောက်သား ထမင်းဝိုင်းဖွဲ့စားကြတဲ့အရသာက သူတို့မောင်နှမနှစ်ယောက်အတွက် အတိုင်းမသိကြည်နူးစရာ။

ဒီညတော့ မမလည်းပြန်မလာ။

လေးလေးလည်း ထမင်းမစား။

သူတို့မောင်နှမလည်း အိပ်လို့မပျော်နိုင်စွာ။

ညရဲ့လမင်းရယ် ဒင်းလိုပဲ အိပ်နိုင်စွမ်းအား ပေးလှည့်ပါလား။

✿ ✿ ✿



မင်းသမီး ပျော်နေပါသည်။

ချည်တိုင်က လွတ်တဲ့ နွားတစ်ကောင်လို ပျော်နေပါသည်။ လှောင်အိမ်ထဲက ခုန်ထွက်ခွင့်ရတဲ့ ငှက်တစ်ကောင်လို ပျော်ပျော်ကြီး မြူးလို့ရယ်။

ရွှေတွေရောင်းချလို့ ရတဲ့ပိုက်ဆံနဲ့ မင်းသမီး မြန်မာတိုးရစ် လုပ်၏။

နိုင်ငံတကာလည်ပတ်ဖူးပေမယ့် ကိုယ့်မြေကိုယ့်ရေကို ကိုယ်မရောက်ဖူးတော့ ပိုက်ဆံလေးရထားတုန်း လိုက်လည်လေပြီ။

မန္တလေး၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ လားရှိုးနဲ့မူဆယ်ပါမကျန်။

ပန်းချယ်ရီတို့လင်မယား သူမဆီက သိန်းငါးရာယူသွားပြီး ကမ္ဘာလှည့်နေတာကို မင်းသမီး အားကျ၏။

ဒါကြောင့် ပိုက်ဆံအလုံးအခဲလေး ကိုင်ထားရတုန်း လက်လှမ်းမီသမျှ လိုက်လည်နေခြင်း။

ခရီးစဉ်စစချင်းမှာ အလန်းလေးကို ကားဂိတ်မှာ သွားခနဲ တွေ့ရလို့



www.burmeseclassic.com

www.burmeseclassic.com



ခင်းကို ဂိုက်ငှားလိုက်သေးသည်။

ခင်းကလည်း အလုဖန်တီးရှင်လုပ်ဖို့ ကောင်းကျိုးမပေးတာနဲ့ လော

လောဆယ် ရမိရရာ ဂိုက်အလုပ် ဝင်လုပ်ခြင်း။

မသိတဲ့သူကို မတတ်တဲ့သူက စာသင်ပေးသလိုပေါ့။

မင်းသမီးကလည်း ဒီခရီးကို တစ်ခါမှမရောက်ဘူး။

အလန်းလေးကလည်း ကျွမ်းကျွမ်းကျင်ကျင် ဂိုက်မလုပ်ဖူးလေတော့

ဘယ်လိုဂိုက်လုပ်ရမှန်းလည်း နားမလည်။

ဒီလိုနဲ့ပဲ မြန်မာပြည်အနှံ့ အပျော်တောင်ပံတပ်ရင်း လျှောက်လည်

ကာ။

✿ ✿ ✿



ကိုတာ့သတင်းကြားကတည်းက သူတို့တစ်ရပ်လုံး စိတ်မကောင်းပါ။

ကိုပြာမောင်တို့လင်မယားကိုလည်း အပြစ်မဆိုသာ။

အပြစ်ဆိုရမှာ မင်းသမီးဆိုတဲ့ လူလိမ်မကို။

"မင်း ဒီမိန်းမနဲ့ ဆက်ပေါင်းမနေနဲ့တော့"

ကိုမင်းမင်းက အကောင်းဆုံးအကြံဉာဏ်ကို စဘူးထဲက ဆုငွေ ထုတ်

သလို ထုတ်ပေး၏။

"ငါကလည်း ပေါင်းနေလို့လားကွ"

"အောင်မာ မင်းပေါင်းနေတာ တစ်ရပ်ကွက်လုံးအသိ"

"ကဲ ပြောပြော ကြိုက်သလိုပြောတော့"

ကိုတာ့စိတ်က ရထားသံလမ်းလို မရှည်တော့ပါ။ သူနဲ့သူမကို လင်

မယားလို့ တစ်ရပ်ကွက်လုံးက အသိအမှတ်ပြုထားပြီးပြီ မဟုတ်လား။

ရှင်းပြလို့လည်းမရ။



www.burmeseclassic.com

www.burmeseclassic.com



ငြင်းရင်လည်း ဘယ်သူမှ လက်မခံ။

ရှိတဲ့အတိုင်း ရှိစေတော့။

"ပြောရတာ မင်းအတွက်ကွ"

ကိုချစ်ထွန်းပါ ဝင်ပြောပြန်သည်။ ကိုတာ ကောင်း၏၊ ဆိုး၏၊ တစ်ခွန်းမှ ဝင်မပြောဖို့ ပါးစပ်ကို ပလာစတာနဲ့ ကပ်ထားလိုက်သည်။

ထိုအခါ ကိုမင်းမင်းတို့ အားတက်သရောပြောသည်။

"မင်းပဲ စဉ်းစားကြည့်လေ၊ သူ့ကိုယ်သူ သူဌေးသမီးလို့ ပြောလိုပြော၊ နိုင်ငံခြားက ဘွဲ့ဘယ်နှစ်ခု ယူထားတာလို့ ကြွားလိုကြွားနဲ့၊ တကယ်လုပ်နေတာက ကလိမ်ကကျစ်၊ ရေရှည်မှာ ဒီမိန်းမကြောင့် မင်း ဒုက္ခရောက်မယ် ကိုတာ"

"ငါလည်း အဲဒါပဲပြောတာ၊ ကလေးတွေ ဘာတွေ မရသေးခင် ကွာပစ်လိုက်"

သူ့ပါးစပ်ကြီး ပွင့်ထွက်ချင်ချင်။

"ငါလည်း အဲဒါပဲ ပြောနေရတာကွ"

ကိုပြာမောင်လည်း ကားထိုးရပ်နှင့် စကားအဆက်အစပ်မိအောင် ပြော၏။

"ဒီလိုမိန်းမမျိုး ရှောင်းရှောင်း လကီရှောင်းပဲ၊ တသသဖြစ်နေစရာ လိုလဲ၊ သူ့ထက်လှတဲ့ တစ်ယောက်ကိုရှာယူလိုက်"

"ငါတို့ ရှာပေးမယ်ကွာ"

သူငယ်ချင်းတွေအားလုံး မခံချိမခံသာ ပြောကြသည်။

"ရပ်ကွက်အုပ်ချုပ်ရေးမှူးအမိန့် ထုတ်ထားပြီးပြီ၊ ကိုတာ့မိန်းမကို ရပ်ကွက်ထဲ အဝင်မခံနဲ့တဲ့၊ တော်ကြာ တစ်ရပ်ကွက်ဆီက တစ်အိမ် တက်ဆင်း လိုက်လိမ်နေဦးမယ်တဲ့၊ မင်းကို အားနာပေမယ့် မင်းမယားကို ဘယ်သူမှ အားမနာဘူး၊ မြင်တာနဲ့ဖမ်းပြီး ရဲစခန်းပို့ကြမယ်လို့ ကြိမ်းနေကြတယ်"





"မင်းသာ မင်းမိန်းမပြန်လာလို့ လက်ခံမယ်ဆိုရင် မင်းတို့ တစ်မိသားစု သုံးယောက်လုံးကို ဒီရပ်ကွက်ထဲမှာ မထားဘူးလို့လည်း ပြောတယ်"

"မထားလည်း မနေရုံပေါ့"

"ဒါဆို မင်းက ပြန်ပေါင်းမယ်ပေါ့"

"ပေါင်းတာတွေ မပေါင်းတာတွေ ငါမသိဘူး၊ လောလောဆယ် သူ ဘယ်မှာဒုက္ခရောက်နေမလဲ တွေးရင်း ရင်ပူရတယ်ကွ"

"————"

သူငယ်ချင်းတစ်သိုက် ဝိုင်းဆဲတဲ့အသံတွေ ဘဝင်ညံသွား၏။

"တောက် မင်းမယားလား ဒုက္ခရောက်မှာ၊ လိမ်လို့ရတဲ့ငွေကို အရည်ဖျော်ပြီး ဘယ်မှာ ဒူးနှံ့နေမလဲဆိုတာ ပြေးမကြည့်ဘဲ မြင်တယ်ကွ"

"ကောက်ကွေးမနားဆွဲတောင် တစ်ထိုင်တည်းနဲ့ ကုန်အောင် ဖြုန်းတတ်တဲ့ မင်းဟာမ ခုလည်း ပျော်ပျော်ကြီး လိုက်ဖြုန်းနေမှာလေ၊ ကုန်သွားရင် နောက်တစ်နေရာ စားကျက်ရှာမယ်၊ ဒီလိုပဲ ရေကြည်ရာ မြက်နုရာပြောင်းပြီး လိုက်လိမ်နေမှာပဲ၊ ဒါကြောင့် မင်း ဒီမိန်းမကို ဖြတ်ပစ်"

"မင်း မဖြတ်ရင် မင်းကို ငါတို့ကောင်တွေ ဖြတ်မယ်"

သူငယ်ချင်းအားလုံး ဓားကြိမ်းကြိမ်းကာ သူ့ကို ဖြတ်မယ် တကဲကဲ။

ဘယ်နေရာ ရွေးဖြတ်ကြမလဲ မသိဘူး။ ဖြတ်ချင်ရာ ဖြတ်စေ တော့။

နှလုံးသားခံစားမှုဆိုတာ ရေကို ဓားနဲ့ဖြတ်သလို ပြတ်နိုင်စွမ်းမှတဲ့ လား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

နေ့တွေ။

တစ်နေ့ပြီးတစ်နေ့ သစ်ကာ နေ့တွေ သစ်လာလေ မင်းသမီး ကိုင်ထားတဲ့ ပိုက်ဆံ ဒီရေကျလေ။

မင်းသမီးခေါ်ထားတဲ့ ဂိုက်တောင် အခြေအနေမကောင်းတော့မှန်း သိလို့ လစ်ပြေးလေပြီ။

ဒင်းပြေးတာ ရိုးရိုးမပြေးဘူး။

မင်းသမီးအိပ်ပျော်နေတုန်း အိတ်ထဲက ပိုက်ဆံတွေ နှိုက်ယူသွားသေး၏။

"တောက် အလန်းလေး တွေ့မယ်၊ တွေ့လို့ကတော့ လန်းနေတဲ့ ညည်းဟာ မလန်းရအောင် သင်းကွပ်ပေးလိုက်မယ်"

ပိုက်ဆံမရှိတော့ ကိုပြာမောင့်မျက်နှာကို ပြေးမြင်သည်။ ကောက်ကွေးမကို သတိရသည်။





မတူးတူးကို လွမ်း၏။

ဖေဖေနဲ့မေမေကိုလည်း ဒေါသမပြေယ်တမ်း အောက်မေ့ပါ၏။

မေမေနဲ့ဖေဖေက မင်းသမီးကို စွန့်ပစ်နိုင်ပေမယ့် မင်းသမီးက မစွန့်ပစ်နိုင်သေး။

မိဘမဟုတ်လား။

မိဘက မလိမ္မာလို့ တစ်ခါမိုက်သဘောမျိုးနဲ့ သမီးကို စွန့်ပစ်တာလို့ မင်းသမီး နားလည်သည်။

အချိန်က ဆုံးမရင် မိဘပြန်လိမ္မာမှာပဲ။

ဒီလိုတွေးတာမို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို"

ဖေဖွေ့အသံကြားလျှင် မင်းသမီး လည်တံလေးကို ကုလားအုတ်လို ဆန့်ထုတ်ကာ –

"ဖေဖေ မီးပါ"

"မီး ဘယ်ကမီးလဲ"

"မင်းသမီး၊ ဖေဖေနဲ့မေမေ့သမီး၊ မီးကို စွန့်ပစ်ထားကြတာလေ ခုချိန်ထိ ဖေဖေတို့ နောင်တမရကြသေးဘူးလား"

"ဟမ်း"

"နောင်တလေ၊ နောင်တ"

"နောင်တတဲ့လား သမီး၊ ဟက် ဟက် ညည်းကို မစွန့်ပစ်ရင် ငါတို့ နောင်တရနေမှာ၊ စွန့်ပစ်မိတဲ့အတွက် ငါတို့လင်မယား ဂုဏ်ယူနေရတယ် ငါတို့ကိုယ်ငါတို့ လေးစားနေရတယ်ကွဲ့၊ ခုဆို ဖေဖေနဲ့မေမေ အရမ်းလန်းနေ





တာ မီးရဲ့"

"ဘာ ဘာလန်းနေကြတာလဲ၊ မကြီးမငယ်နဲ့ ဖေဖေနဲ့မေမေနော်၊ မီး အရှက်ကွဲအောင် မလုပ်နဲ့၊ ဖေဖေတို့မေမေတို့ နောင်တရပြီး မီးကို ပြန်ခေါ်ပါတော့၊ အခု မေမေကော"

"ရှိတယ်"

"ဘာလုပ်နေလဲ"

"ကိုရီးယားက အလှဖန်တီးရှင်နဲ့ အလှပြင်နေတယ်လေ"

"ဘာ"

"ဟုတ်တယ် မီးရဲ့၊ မီးလှတယ်ဆိုတာ ခုနေခါ မီးအမေ ခြေသည်းတောင် မမီဘူး မင်းသမီးရဲ့၊ မီးအမေ ငါ့မယား ဒီလောက် အလှသွေးကြွယ်မှန်း ခုမှ သိရတဲ့အဖြစ်ပါ မီးရယ်၊ ဟက် ဟက် ဟက်၊ ဒါပဲနော် မီး၊ မီးအမေ ဖုန်းပြောဖို့ မအားဘူး၊ ဂျလောက်"

"ဖေဖေ"

ပြောချင်ရာပြောပြီး ဖုန်းချသွားတဲ့ ဖေဖေသူငယ်ပြန်ကြီး။ မီးကို စွန့်ပစ်ထားတာ ခုထိ နောင်တမရကြသေးဘူးတဲ့။ မီး ဘာဆက်လုပ်ရမလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ကိုတာရေ ပဲခူးသွားမယ့်ခရီးသည်ရှိတယ်ကွ၊ မင်းလိုက်ပို့လိုက် မြက်မြက်လေးရမယ်"

သူ့ကားလေး တက္ကစီဂိတ်မှာ ထိုးရပ်ရုံရှိသေးသည်။ ကိုချစ်ထွန်း အနားလာပြီး ပြော၏။

"မြက်မြက်ကလေးရမယ်ဆို မင်းပို့ပေါ့ကွာ"

"မင်းကို ရစေချင်လို့ကွ၊ ဈေးညှိထားတယ်၊ ဘယ်လိုလဲ မသွားဘူး လား"

"သွားမယ်"

သူ အလေးအနက်ပြောလိုက်တော့ ကိုချစ်ထွန်း ဆဲ၏။

"လူမသား"

"ခွေးမသား လုပ်စမ်းပါ၊ ဘယ်မှာလဲ ခရီးသည်"

"လက်ဖက်ရည်ဆိုင် ထိုင်နေတယ်၊ နေဦး ငါ ခေါ်ခဲ့မယ်"





ကိုချစ်ထွန်းပြောရင်း လမ်းတစ်ဖက်က လက်ဖက်ရည်ဆိုင်ကို သွားမလို့ ခြေလှမ်းပြင်သည်။

သူ့ကားပေါ်မှာပဲ ကိုတာ ထိုင်စောင့်နေလိုက်သည်။

ခုတစ်လော သူငယ်ချင်းတွေ သူ့အပေါ် အဖြူရောင်စေတနာတွေ ဗိုလ်ျက် သူ့ကိုသာ ဦးစားပေး၏။

အိမ်နဲ့ခြံစာချုပ် လက်မှတ်ထိုးပြီး ကိုပြာမောင့်တို့လင်မယားလက်ထဲ တတိအတိုင်း အပ်နှံကာ ဈေးပေါသော အခန်းကျဉ်းတစ်ခု ငှားရသည်။

သူတို့တူဝရီး အိမ်ပေါ်က ဆင်းဖို့ ပစ္စည်းပစ္စယတွေ သိမ်းနေချိန်မှာ သူ့သူငယ်ချင်းတွေနဲ့အတူ ကိုပြာမောင် ရောက်လာသည်။

"မင်းတို့ တခြားပြောင်းနေစရာမလိုဘူးကွာ၊ ဒီမှာပဲဆက်နေကြ ပါလည်း ခေါသအလျောက် အလျှော်တောင်းမိတာပါ၊ မင်းစိတ် ဘယ်လောက် နာသွားလဲဆိုတာ ငါတို့သိတယ်၊ ဒါကြောင့် မင်းတို့ ဆက်နေကြကွ"

"ရပါတယ်၊ မင်းတို့လင်မယား ကျေနပ်အောင် ငါ့မှာရှိတာ ထိုး ပေးရပေမယ့် ငါကျေနပ်တယ် ကိုပြာ၊ ကိစ္စမရှိဘူး။ ငါ နှင်းဆီလမ်းထဲမှာ အိမ်ခန်းလေးငှားပြီးသား လစာလည်း ကြိုပေးပြီးသား ဖြစ်နေတယ်၊ ဒါကြောင့် ငါတို့ ဟိုပဲ ပြောင်းနေလိုက်မယ်"

"မပြောင်းရဘူးကွ"

ကိုပြာ ပြတ်ပြတ်သားသား ပြောသလို စုပုံထားတဲ့ ပစ္စည်းတွေကို လည်း အိမ်ထဲပြန်ဆွဲသွင်း၏။

"မပြောင်းပါနဲ့ကွာ၊ ကိုပြာ စိတ်မကောင်းဖြစ်အောင် မင်း ဖွတ်မလုပ် ပါနဲ့၊ အခြေအနေအရဖြစ်သွားတဲ့ကိစ္စ၊ ပြီးတာပြီးပြီလို့ သဘောထားပြီး အေး အေးဆေးဆေး နေစမ်းပါ၊ မင်း ရွှေနှစ်မြှာကိုလည်း ငဲ့ဦး"

မျက်နှာငယ်လေးတွေနဲ့ ရပ်နေကြတဲ့ နှစ်မြှာက နှပ်ချေးလေးများ သို့လျှက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ကိုတာရယ်၊ မင်းငှားထားတဲ့အခန်းက ကျဉ်းကျဉ်းလေးရယ်၊ ကလေးတွေ စာဖတ်ဖို့နေရာတောင် မရှိဘူး၊ ဆော့ဖို့ဆိုတာ ဝေးလာဝေး။ မင်းအတွက်ဖြစ်ပေမယ့် ကလေးတွေအတွက် အဖြစ်ဘူး၊ ပြီးတော့ မင်းက တစ်နေ့လုံး ကားဆွဲနေတာ၊ ဒီကလေးနှစ်ယောက်ကို သူစိမ်းဝင်းကျင်မှာ မင်း စိတ်ချလက်ချ ထားသွားဖို့ လွယ်သလား၊ ဒီမှာက ဒေါ်အေးကြီးတို့ ဝိုင်းကြည့်ကြတယ်၊ အမြင်မတော်ရင် ဆူဟယ် မာန်ဟယ်နဲ့ ကလေးတွေကို ထိန်းထားကြတာလေ၊ ဒီကလေးနှစ်ယောက်နဲ့ မျက်နှာစိမ်းတွေကြားမှာ မင်းသွားနေလို့ လုံးဝ မဖြစ်နိုင်ဘူးကွ၊ ကိုပြောသဘောအတိုင်း ဒီမှာပဲဆက်နေ၊ စာချုပ်ကတော့ ကိုပြုံ့မိန်းမ ကျေနပ်အောင် ပေးထားရတယ်လို့ မှတ်လိုက်"

"ကဲ ကဲ ကောက်ကွေးမနဲ့ဝိုင်းချစ် နင်တို့အခန်းထဲမှာ နင်တို့ပစ္စည်းတွေ ပြန်ထား၊ လာ ဦးဦး ဝိုင်းသယ်ပေးမယ်"

ကိုမင်းမင်းနဲ့ကိုချစ်ထွန်း ပြောရင်းဆိုရင်း ကလေးတွေပစ္စည်းကို အခန်းထဲ ဆွဲပို့၏။

ကလေးနှစ်ယောက်က သူ့မျက်နှာကိုပဲ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေရှာသည်။

သူတို့ ဒီမှာပဲ ဆက်နေရရမလားဆိုတဲ့ မေးခွန်းပါတဲ့ အကြည့်မျိုးနဲ့

သူငယ်ချင်းသုံးယောက် ပစ္စည်းအားလုံး နေရာတကျ ပြန်ထားပြီးလျှင်–

"လာခဲ့ ကိုတာ၊ ကားဆွဲရအောင်"

ကိုတာ့ကို သုံးယောက်သား အိမ်ပေါ်က ဆွဲခေါ်သွားလေသည်၊ ထိုအခါ ကောက်ကွေးမနဲ့ဝိုင်းချစ်က ဒီအိမ်လေးမှာ ဆက်နေရမယ်လို့ သဘောပေါက်ထားရဝမ်းသာ အော်ဟစ်သံက သူ့နှလုံးသားကို ခွန်အားပြည့်သွားစေသည်။

✿





"ဟော့ ကိုတာ ဘာတွေးနေတာလဲ၊ ဒီမှာ ပဲခူးသွားမယ့် အန်တယ်ကြီး"

ကိုချစ်ထွန်းအသံကြားမှ ကိုတာ ပစ္စုပ္ပန်ကို သတိရလေသည်။

"ဩော် ဟုတ်၊ လာပါ ကားပေါ်တက်ပါ အန်ကယ်"

ဥပဓိရုပ်ခံ့ညားသော အန်ကယ်ကြီးကို သူ လိုက်လိုက်လှဲလှဲ ဆိုလိုက်သည်။

အန်ကယ်ကြီး ကားရှေ့ခန်းမှာ ဝင်ထိုင်ပြီးလျှင် ကိုချစ်ထွန်း ကို လက်ပြနှုတ်ဆက်၏။

အဲဒီနောက် သူ့ကားလေးက ပဲခူးဆီ နဂါးခေါင်းလှည့်သလို ဦးတည်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ရှာတော့မတွေ့၊
မရှာတော့တွေ့၊
ငါးရံ့ပြာလူးအချစ်"

အိုး ဘာမှလည်း မဆိုင်ဘဲနဲ့။

နေရင်းထိုင်ရင်း ကဗျာဆရာ ဖြစ်လို့နေသည်။

ဟိုအန်ကယ်ကြီးက ပဲခူးဟိုတယ်ထဲ ဝင်သွား၏။ စောင့်ပါဆိုတာနဲ့ ကိုတာ စောင့်နေခြင်း။ စောင့်နေရင်း ဟိုငေး ဒီငေးနဲ့ ဒင်းလေး ဘယ်ရောက်နေမလဲ။

မင်းသမီးဆီ စိတ်ရောက်သွားသည်နှင့် ကဗျာစပ်နေမိသလို ဖြစ်၏။ သူမနဲ့ ကြုံဆုံပုံက ကဗျာစပ်ချင်စရာမကောင်း။

ကော်ဆဲဖို့ပဲ ကောင်း၏။

အဲ အဲလို မဆိုလိုပါ။





တော်ပြီ ကဗျာလည်း မစပ်တော့ဘူး။ စာလည်း မဖွဲ့တော့ဘူး။ ဗိုက်က ဆာလာတာနဲ့ စားသောက်ဆိုင်အကြီးကြီးနဲ့ ခြေဆယ်လှမ်းအကွာ မှာရှိနေတဲ့ လမ်းဘေးမုန့်ဆိုင်လေးဆီ ခြေဦးလှည့်ခဲ့၏။

လမ်းဘေးမုန့်ဟင်းခါးဆိုင်လေးက ထုံးစံအတိုင်း စည်နေဆဲ။ ဆိုင်လေးထဲ သူဝင်လာတာနဲ့ –

"တောက် မျိုဆို့ပြီး ပိုက်ဆံမပေးဘဲ လစ်ပြေးတဲ့ဟာမ၊ ကား ရင်ခွင်ထဲရောက်ပြီး နှစ်ပါးသွားက,ရပါစေတော်"

မုန့်ဟင်းခါးသည် အဒေါ်ကြီး ကျိန်ဆိုသံ။ ကားတိုက်သေပါစေလို့ မိုက်မိုက်ရိုင်းရိုင်းလေး မကျိန်ပါ။ ကားရင်ခွင်ထဲရောက်ပြီး နှစ်ပါးသွား က,ရပါစေတော်တဲ့။ ကျိန်ဆဲတာတောင် ကဗျာဆန်နေသည်။

ကိုတာ ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။ ဘယ်သူ့ကို ဆဲနေ မှန်းသိမှ။ သူ့ကိုတော့ မဖြစ်နိုင်။

လွတ်နေတဲ့စားပွဲမှာ ဝင်ထိုင်ပြီး မုန့်ဟင်းခါးတစ်ပွဲ မှာသည်။ စားပွဲထိုးကလေးမ မုန့်ပန်းကန် လာချပေးသည်။

"ပိုက်ဆံမပေးဘဲလည်း စားလို့ရလို့လား"

"အို ဘယ်ရမလဲ"

"နောက် လစ်ပြေးတဲ့ဟာမဆိုတာက"

"သိပါဘူးရှင်၊ ဘယ်က ကလေကလွင့် မမလည်း မသိဘူး။ မုန့်ဟင်းခါး နှစ်ပွဲစားပြီး ထထွက်သွားတာ၊ မီးလိုက်တော့ ပြောတယ်"

"ဘာပြောတာလဲ"

"သူက သူဌေးသမီးတဲ့"

"ဟမ်း"

ကိုတာ ခေါင်းကြီးထောင်ကြွသွားသည်။

"ဟုတ်တယ်၊ သူဌေးသမီး၊ နိုင်ငံခြားက ဘွဲ့တွေလည်း အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ယူထားသတဲ့၊ နောက်လည်း ဘာတွေမှန်းမသိဘူး ပြောပြီး ရူးသလိုလို ပေါသလိုလို လုပ်ပြပြီး လစ်ပြေးသွားတာလေ၊ အဲဒါကြောင့် ဒေါ်ကြီး ကျိန်ဆဲနေတာ"

သူ့ဆံပင်တွေ ထောင်ထသလို ဖင်ထိုင်မိပြီးသား ကိုယ်က ကြွကာ-

"အခု အဲဒီမိန်းကလေး ဘယ်မှာလဲ"

"ဒီတည့်တည့်ကနေ လမ်းကြားထဲပြေးဝင်ပြီး ကိုယ်ယောင်ဖျောက်သွားတယ်"

"ဟာ ကျေးဇူးပဲ ကလေးရယ်"

ကိုတာ ဝုန်းခနဲ ထပြေးလျှင် -

"ဟဲ့ ဟိုတစ်ယောက် ဘာဖြစ်ပြန်ပြီလဲ၊ မုန့်ဟင်းခါးပန်းကန်ရောက်နေတာ မမျှိမဆိုဘဲနဲ့ လစ်ပြေးပြန်တာလား"

"ဟာ ဆော ဆောရီး"

ဆိုင်ရှင်အဒေါ်ကြီး ဒေါသက သူ့ဘက်လှည့်လာသည်။ ထိုအခါ အိတ်ထဲက ထောင်တန်တစ်ရွက် ကမန်းကတန်း ထုတ်ပေးပြီး အပြေးတစ်ပိုင်း ထွက်ခဲ့သည်။

သူမ ဝင်သွားတယ်ဆိုတဲ့လမ်းထဲ တစ်ရှူးထိုး ချိုးဝင်ကာ ရှာဖွေသည်က ငါးရုံ့ပြာလူးအချစ်။

ဟုတ်ပေါင်။

မင်းသမီးကို။

✿ ✿ ✿



လောကမှာ ရူးသွပ်ခြင်းနှစ်မျိုး ရှိသည်။ တစ်မျိုးက တကယ်ရူးခြင်း။

နောက်တစ်မျိုးက ရူးချင်ယောင်ဆောင်ခြင်း။

ရူးခြင်းနှစ်မျိုးလုံးကို လူတို့က အပြစ်တင်ခြင်းနဲ့ ခွင့်လွှတ်ပေးတတ်လေသည်။ ကိုယ်တွေ့မို့ ပြောတာပါ။

ရူးချင်ဟန်ဆောင်တဲ့နည်းနဲ့ မင်းသမီး လွတ်မြောက်နေခဲ့သည်။

စားချင်တာ စား၊ ပြီးသည်နှင့် ရူးချင်ဟန်ဆောင်ပစ်လိုက်၊ အဲဒါ အကောင်းဆုံး ညာစားနည်းပဲ။

သူမှားလိုက်ရင်တော့ ပြေးပေါ့။

ဆဲရင် ခံပေါ့။

ကိုယ့်အသား ပုံပါသွားတာမှ မဟုတ်တာ။

ခုလည်း ဘာစားချင်လို့ စားချင်မှန်းမသိ ဟိုပတ် ဒီပြေးရင်း ဗိုက်ဆာလာတာသိရတဲ့အချိန်မှာ လမ်းဘေးဆိုင်ခင်းရောင်းတဲ့ ထမင်းဆိုင်သန့်



www.burmeseclassic.com

www.burmeseclassic.com

သန့်လေးရှေ့ ရောက်ခဲ့ပြန်ပြီ။

နှုတ်ခမ်းကို လျှာနဲ့သပ်ကာ ထမင်းဆိုင်လေးထံ ပြေးဝင်လျှင် ...

"မီး"

ခေါ်သံနှင့်အတူ မင်းသမီးလက်မောင်းကို ဆုပ်ကိုင်သလို အားနဲ့ဆွဲယူတဲ့လက်ထဲ ပါရတဲ့အဖြစ်။

"ဘယ်သူလဲ မီးကို လာဆွဲ"

ပြောရင်း မော့ကြည့်လိုက်တော့ သက်တန့်တာ။

မင်းသမီး နှုတ်ခမ်းကြားမှ စကားလုံးတွေ သူခိုးခိုးခံရတဲ့ပစ္စည်းလို ပျောက်ဆုံးသွားလေပြီ။

အဲဒီနောက် သက်တန့်တာ ဆွဲခေါ်ရာနောက် ပါတော်မူကာ။

✿ ✿ ✿



"မီး မီး ဒီလိုပဲ လိုက်လိမ်နေတော့မှာလား"

"အိုး မမေးနဲ့"

"မမေးလို့ရမလား။ မီး လိမ်သွားတာ နည်းသလား။ ပြီးတော့ တစ်လ တောင်မကြာဘူး အားလုံး ဖြုန်းပစ်လိုက်တာလေ"

"အလကားပဲတင်း ဖြုန်းပစ်တာ မဟုတ်ဘူး၊ လည်ပတ်လိုက်တာ၊ ပြီးတော့ ဟိုကောင် အလန်းလေး အလစ်သုတ်သွားသေးတယ်၊ ရှင် ဘာမှမသိဘဲနဲ့"

"ခက်တယ် မီးရယ်"

"မခက်ဘူး။ မီး ဒီလိုပဲသုံးနေကြ"

"အဲလို သုံးနေလို့ မီးမိဘ မီးကို စွန့်ပစ်လိုက်တာမဟုတ်လား"

"အဲဒါပေါ့ မေမေနဲ့ဖေဖေ မတရားတာ"

အရိုင်းဆန်ဆန် ပြေးလွှားနေတဲ့တိမ်တွေကို ကိုတာ ငေးနေလိုက်


www.burmeseclassic.com

www.burmeseclassic.com

သည်။ မင်းသမီးစိတ်ကလည်း တိမ်ဆိုင်တွေလို။

ခုချိန်ထိ အသုံးနဲ့အဖြုန်းကို နားမလည်နိုင်သေးတဲ့ မိန်းကလေး။

နားလည်ဖို့ မကြိုးစားတာထက် မိဘကို အရွဲ့တိုက်နေမှန်း ပိုသိသာသည်။

မီးအတွက် ကိုတာ့ရင်မှာ ထိခိုက်ခံစားရသည်။ သို့သော်လည်း အကြောတင်းနေတဲ့ မီးမျက်ဝန်းကို စူးစိုက်ကြည့်ပြီး –

"မီးမိဘစည်းစိမ်တွေကို မီး ထင်တိုင်းသုံးဖြုန်းနေလို့ ပြုတ်ပြုတ်ပြုန်းသွားမှာ မစိုးရိမ်ဘူးလား"

"အိုး မီးတစ်သက် စားလို့မကုန်ဘူး"

"အဟင့်"

ကိုတာ မျက်နှာလေး မဲ့ချလိုက်သည်။

"ဘာလဲ ရှင်က မယုံဘူးလား"

"မယုံတာ မဟုတ်ဘူး။ မီးလိုပဲ ဆယ်သက်စားမကုန်ဘူးလို့ သွေးနားထင်ရောက်နေတဲ့ တစ်ဦးတည်းသောသားတစ်ယောက်အကြောင်းကို သတိရလို့"

"ဘယ်လို"

"မီး နားထောင်ချင်ရင် ကိုယ်ပြောပြမယ်"

ကိုတာ့စိတ်က အရိုင်းဆန်ဆန် ပြေးလွှားနေကာ၊ တိမ်ဆိုင်တွေရဲ့ အတိတ်ဆီ လွင့်မျောသွား၏။

✿ ✿ ✿



ရတနာကုန်သည်ဦးတောက်ထွန်းနဲ့ ဒေါ်မိမိမင်း။ သူတို့ရဲ့ ရင်နှစ်သည်းချာ တစ်ဦးတည်းသောသားက သက်မောင်မောင်။

ရတနာတွေဆိုတာ တင်းတောင်းတိုက်မက ပိုင်ဆိုင်ကာ မိဘဆုံးပါးသွားတဲ့အချိန်မှာ သားဖြစ်သူက လူငယ်လူရွယ်။ ငယ်ငယ်ကတည်းက အသုံးကြမ်းသူပီပီ။

သုံးလိုက်ဖြုန်းလိုက်တာများ လက်မလယ်။ ဒီလိုနဲ့ သီရိနဲ့ အိမ်ထောင်ကျသည်။ သမီးတစ်ယောက် သားတစ်ယောက် ရ၏။

မိန်းမလည်း သက်မောင်မောင်လိုပဲ ပုလင်းတူဘူးဆို့။

ဘာအလုပ်မှလည်း မလုပ်ဘူး။ ရှိတဲ့လုပ်ငန်းတွေလည်း ဖျော်ပစ် သုံးစွဲနေကာ။

ဆယ်သက်စားမကုန်တဲ့ စည်းစိမ်ဟာ တစ်သက်ရဲ့ သုံးပုံနှစ်ပုံတွင် ရေခမ်းသလို ခမ်းခြောက်သွားတဲ့အဖြစ်။


www.burmeseclassic.com

www.burmeseclassic.com



နေထိုင်တဲ့တိုက်နဲ့ ခြံမြေပါ ရောင်း၏။

ရောင်းလို့ရတဲ့ငွေကို ပိုက်ပြီး လင်မယားနှစ်ယောက် ညီတူမျှတူ သုံးကြ၏။ နေကြတော့ အလုပ်သမားနေဖို့ ဆောက်ထားတဲ့ ပျဉ်ထောင်လေးမှာ နေကာ။

ဒီလိုနဲ့ နှစ်နှစ်မကြာ။

လက်ထဲမှာ ငွေခမ်းသွားတော့ လင်မယားနှစ်ယောက် မသုံးရ မစွဲရုံနဲ့ စိတ်ဂယောက်ဂယက်ဖြစ်ကာ ဦးသက်မောင်မောင်က နောက်တစ်နှစ်မှာ စိတ်ရောဂါနဲ့ဆုံး၏။

ဒေါ်သီရိမူကား ခင်ပွန်းဆုံးပြီး မကြာခင် နှလုံးရောဂါနဲ့ သေရှာကြ၏။

ဆယ်သက်စားမကုန်တဲ့စည်းစိမ်ဟာ တစ်သက်ရဲ့သုံးပုံနှစ်ပုံမှာ ကုန်ပြီး ချောက်ချားညှိုးငယ်စွာ ဘဝနိဂုံးချုပ်သွားတဲ့ သူဌေးသားအဖြစ်။

"ကိုယ့်မေမေနဲ့မေမေက ကိုယ်တို့အခုနေတဲ့ ပျဉ်ထောင်အိမ်လေးမှာပဲ ဘဝနိဂုံးချုပ်သွားတာလေ"

သူ့ပုံပြင်အဆုံးသတ်မှာ မင်းသမီး ငိုချလိုက်သည်။

'ဗြဲ'

"အိုး မီး ဘယ်သူငိုနိုင်းလဲ"

"မီး ပုံပြင်မကြိုက်ဘူး၊ ဗြဲ"

"ဟာ ဟိုမှာ သူများတွေ ကြည့်ကုန်ပြီး"

'ဗြဲ'

တဗြဲဗြဲအော်ငိုနေတဲ့ မင်းသမီးပါးစပ်က မိုးပြဲဒယ်အိုးလို ကျယ်ကာ ပြဲနေတာ အဆုံးသတ်မနိုင်တော့တဲ့အဖြစ်။

"ဒါဆို ရှင်တို့ပျဉ်ထောင်အိမ်ဟောင်းက တိုက်ကြီးက"

"တစ်ချိန်က ကိုယ့်မိဘဘိုးဘွားပိုင်တဲ့တိုက်ကြီးပေါ့"





"ဗြဲ၊ ဒါနဲ့ ကလေးနှစ်ယောက်ကရော"

"ကိုယ့်အစ်မ မွေးတာလေ၊ မွေးပြီး တစ်နှစ်အကြာမှာ ကိုယ့်လက်ထဲထည့်ပြီး နိုင်ငံခြားမှာ စီးပွားထွက်ရှာတာ၊ ခုချိန်ထိ ပိုက်ဆံ တစ်ကျပ်မှ မပို့နိုင်သေးဘူး"

'ဗြဲ'

"ဟိုတစ်ပတ်ကတော့ ဖုန်းဆက်လာတယ်၊ ပို့လာမယ်တဲ့"

"သိန်း ဘယ်နှစ်ရာတဲ့လဲ"

မီး လောဘဇောနဲ့ မေးလျှင် –

"ကလေးတစ်ယောက်တဲ့"

'ဗြဲ'

လက်ရှိ ငါ့မိဘဘိုးဘွားချန်ခဲ့တဲ့ ပျဉ်ထောင်လေးနဲ့ မြေပိုလေးကာ မီးလိမ်ပြေးတဲ့ ရွှေအတွက် သူများလက်ထဲ ထိုးပေးလိုက်ရပြီးလေ။

'ဗြဲ'

"အခုလက်ရှိ ကိုယ့်မှာ ဘာမှမပိုင်တော့ဘူး"

'ဗြဲ'

"ဒါပေမဲ့ စိတ်မပူပါနဲ့၊ မီးကိုတော့ ကျွေးထားမှာပါ"

"တကယ်နော်"

ပြောရင်း နောက်ဆုံးပိတ် ငိုချလေသည်။

'ဗြဲ'

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ကဲ တိတ်တော့"

"ဟင့်အင်း ငိုမှာပဲ"

"အဲလို မလုပ်နဲ့လေ၊ မီးမိဘတွေ မတရားကြတာ ကိုယ်သိပါတယ်၊ မီးအပေါ် မီးမိဘလို ကိုယ် မတရားမလုပ်ပါဘူး၊ မီးအပေါ်ထားတဲ့ ကိုယ့်စေတနာကို နားလည်ပေးပါ မီးရယ်"

"ဟင် နားလည်တာပေါ့၊ အင်္ကျီအပေါ်စားဝယ်ပေးပြီးတော့"

မီးမျက်ရည်တွေကို ကိုတာ ကြင်နာစွာ သုတ်ပေးမိသည်။ ဟုတ်ပါသည်။

"မီးရယ် မီး လုံလုံခြုံခြုံဝတ်ရဖို့ အရေးကြီးတယ် မဟုတ်လား"

"မီးမှမကြိုက်တာ"

"နောက်ဆို မီးကြိုက်တာ လက်ညှိုးထိုး ကိုယ်ဝယ်ပေးမယ်"

မင်းသမီး နှုတ်ခမ်းဆူထားသေးသည်။ ပြီးတော့ ပြောသည်။





"မုန့်ဖိုးပေးတော့လည်း လေးရာတဲ့"

လက်ချောင်းလေးချောင်းထောင်ပြီး ပြောတာကှာ ချစ်စရာ။ ကိုတာ ခေါင်းဆတ်၍ –

"ကလေးတစ်ယောက်ကို နှစ်ရာလေ၊ မီးကလူကြီးဆိုတော့ လေးရာပေးတာ၊ ပိုလိုချင်လို့လား ရတယ်၊ တစ်ရာ တိုးပေးဦးမယ်၊ ငါးရာ၊ ငါးရာဆို ကျေနပ်ပြီလား"

"ဟွန်း မီးအတွက် ဝယ်ခဲ့တဲ့ပုစွန်ကြော် ဟိုနှစ်ကောင်ပါ ပိုင်းစားကြတာလေ"

"ဒါက မီးကျွေးတော့ ကလေးတွေ စားမှာပေါ့ မီးရယ်၊ နောက်ဆို တစ်ကောင် ပိုဝယ်ခဲ့မယ်၊ မီးဘာသာ မီးစား"

အမြှုပ်ထွက်သည်အထိ အာမခံချက်တွေ ပေးရတဲ့အထိ ကိုတာ စိတ်ရှည်နေခဲ့သည်။

ဒါတောင် မင်းသမီး အိုင်တင်ခံလျက်။ အတန်ကြာမှ–

"သိတယ် အဲလိုစေတနာတွေရှိတယ်ဆိုတာ ဟွန်း"

"သိရင် လာ လိုက်ခဲ့၊ ကိုယ့်မှာ ကားပါတယ်"

"ကားပါရင် သွားယူခဲ့၊ မီး ဟိုဘက်မသွားချင်ဘူး။ ဟိုအခေါ်ကြီးတွေ့ရင် ကော်ဆဲမှာလေ၊ ဒီကပဲ စောင့်မယ်"

မီးပြန်လိုက်မယ်ဆိုတော့ ကိုတာ ဝမ်းသာသွား၏။ ပြီးမှ စိတ်မချနိုင်ဖြစ်ကာ –

"မီး ထွက်မပြေးရဘူးနော်"

"ပြေးပါဘူး"

"ဟင့်အင်း ကိုယ်မယုံဘူး နေဦး"

ကိုတာ အပြေးအလွှား စဉ်းစား၏။ မျက်စိက လမ်းဘေးက ဆိုင်ကား ဝိတ်ဆီရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကားသမားတစ်ဦး သူ့ဆိုက်ကားကို ဗံဒါပင်တစ်ပင်နှင့် တွဲချည် သော့ခတ်လိုက်တာမြင်သည်။

ဒါနဲ့ ကိုတာကြီပေါက်ကာ ထိုဆိုက်ကားသမားဆီသွားပြီး အကူအညီ တောင်း၏။

ဆိုက်ကားသမား ကူညီပေးရှာသည်။ ဒါနဲ့ပဲ မီးကို ဆွဲခေါ်၏။

"လာဦး"

"ဘာလုပ်ဖို့လဲလို့"

"သော့ခတ်ထားမလို့"

"ရှင်နော်"

မီး ငြင်းဆန်တာကို မမှုပါ။ မီးခါးနဲ့ လမ်းဘေးက ပေါင်လုံးရှည် ဗံဒါပင်ပင်စည်နဲ့ တွဲကာ သံကြိုးကြီးနဲ့ သော့ခတ်လိုက်၏။

"ဟီး"

မီး ခြေဆောင့်ကာ အော်ငိုတာကို သူ မမှုနိုင်။ စိတ်ချရဖို့က အရေး ကြီးတယ် မဟုတ်လား။

✿ ✿ ✿



အချစ်သည် ရှိးသား၏။

လူ့စိတ်သည် မရိုးသားတတ်ပါ။

မှသားတွေ လျှို့ဝှက်စွာထုပ်ပိုးလျက် ရှိတတ်သည်။

ဒါကို အချိန်လွန်မှ သိရလျှင် မည်သို့ခံစားရမည်နည်း။

✿ ✿ ✿


www.burmeseclassic.com

www.burmeseclassic.com

နေလုံးကြီး ပါးစပ်ပြကာ ရယ်မောနေချိန် ကိုတာ အိပ်ရာမှ နိုးလာ၏

ကိုတာ့စိတ်က မင်းသမီးသာ အရာရာထက် အရေးကြီးနေသည်။

ဒါကြောင့် ခရီးသည် အန်ကယ်ကြီးကို စောင့်မနေတော့ပါ။

ချက်ချင်း ကားယူပြီး မင်းသမီးကို တင်ခေါ်ခဲ့၏။

ညဆယ့်တစ်နာရီမှာ အိမ်ပြန်ရောက်၏။ စိတ်အေးလက်အေးနဲ့ ကိုတာ အိပ်ရာဝင်သည်။

မီးက ထုံးစံအတိုင်း အိပ်မောကျနေသော ကလေးနှစ်ယောက်ကြား ဝင်အိပ်ကာ။

ပြန်နိုးလာချိန်မှာ အိပ်ရေးဝသွားတာမို့ ကိုတာ့စိတ်နှလုံးသားနဲ့ မျက်ဝန်းက ရေသန့်လို ကြည်လင်နေပေသည်။

အိပ်ခန်းထဲက ထွက်ခဲ့လျှင် ကလေးနှစ်ယောက်လည်း အိပ်ရာ ထလာ တာနဲ့ ဆုံသည်။





"ဟင် လေးလေး ညက ပြန်လာတယ်ပေါ့လေ"

"လာတာပေါ့ဟ၊ ညည်းလေးတို့ အိပ်ပျော်နေကြတာကိုး"

"ဟုတ်တယ်၊ မီးတို့ လေးလေးကိုစောင့်သေးတယ်၊ လေးလေး မလာတာနဲ့ အိပ်ရင်းစောင့်နေကြတာ"

"အမယ် အိပ်ပြီးစောင့်တယ်တဲ့၊ မင်းတို့မမကော အိပ်နေသေး တယ်ဖြစ်မယ်၊ အိပ်ပါစေ မနိုးနဲ့၊ အိပ်ရေးဝမှ ထပါစေ"

ကိုတာ ပြောတာကို ကလေးနှစ်ယောက် နားမလည်၊ မျက်လုံးတွေ စုံပွတ်ရင်း သူတို့ရဲ့အိပ်ခန်းထဲ ချောင်းကြည့်ကြသည်။

အိပ်ရာထဲမှာ မမကိုလည်းမမြင်။

"လေးလေး ဘာတွေပြောနေတာလဲ"

"မင်းသမီးလေ၊ ဒင်းတို့မမ လေးလေးလာတာ တစ်ပါတည်း အမိ မ်းပြီး ခေါ်လာတယ်၊ အပြင်ကို မပေါက်ကြားစေနဲ့နော်"

"ဟွန်း ဘယ်မှာလဲ မမ"

"ညည်းတို့နဲ့ အိပ်နေတယ်လေ"

"အိုး မအိပ်ပါဘူး၊ ဗိုင်းချစ်တို့ ထကတည်းက မမကို မမြင်ဘူး"

"ဟင်"

ကိုတာ ကလေးတွေအိပ်ခန်းထဲ ကမန်းကတန်း ဝင်ကြည့်သည်။ တကယ်ပဲ မမြင်ရပေ။

"မီး"

ကိုတာ စိတ်လှုပ်ရှားစွာ အော်ခေါ်ရင်းက ရေအိမ်တံခါး သွားခေါက် ကြည့်သည်။

ထူးသံမကြား။ တံခါးဖွင့်ကြည့်တော့လည်း မရှိ။

မီးကိုမမြင်တော့ ကိုတာ မျက်ဝန်းမှာ စိုးရိမ်မီးတောက်သွား၏။ အိမ်ရှေ့ ကမန်းကတန်း ထွက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာလည်း မမြင်။

အိမ်ရှေ့က ရေချိုးကန်နားမှာ မျက်နှာသစ်နေတာများလား။ အတွေးနဲ့ တစ်ပြိုင်နက် အိမ်မတံခါးချပ်ကြီးကို ဆွဲဖွင့်ပြီး ကြည့်၏။ ရေကန်နားမှာလည်း မရှိ။

"ဟင်"

ကိုတာ ပို၍ မျက်လုံးပြူးသွားသည်။

အိမ်ရှေ့တည့်တည့်မှာ သော့ခတ်ပြီး ရပ်ထားတဲ့ တက္ကစီကား မရှိတော့ပါ။

ညက နောက်ကျနေပြီးမို့ အုံနာဆီ ကားမပြန်မအပ်ဘဲ အိမ်ရှေ့မှာပဲထိုးရပ်ကာ ခြံဝင်းသံတံခါးကြီးကို အသေအချာ သော့ခတ်ခဲ့သည်။

ခြံသော့နဲ့ကားသော့နှစ်ခုလုံး ကိုတာ့အင်္ကျီအိတ်ထဲ ထည့်သည်။ ပြီးတော့ အိမ်ခန်းထဲ တန်းဝင်ခဲ့ခြင်း။ ကိုတာ အားလုံးမှတ်မိနေပါသည်။

ခုတော့–

ခြံဝင်းတံခါးလည်း ဖွင့်လျက်။ ကားကိုလည်း မမြင်။ ထိုအခါ ကိုတာ့ခေါင်းက ကမ္ဘာလုံးကြီးလောက် ကြီးတက်သွား၏။

အိပ်ခန်းထဲ ပြေးဝင်ခဲ့သည်။ ကလေးနှစ်ယောက် ကိုတာ ဘာဖြစ်နေလဲဆိုတာ မျက်လုံးအပြူးသားနဲ့ လိုက်ကြည့်ကြသည်။

ညအိပ်တုန်းက အင်္ကျီချွတ်ပြီး ခေါင်းရင်းကချိတ်မှာ ချိတ်ထားသည် မဟုတ်လား။

ထိုအင်္ကျီကို ကမန်းကတန်း ဆွဲယူပြီး အင်္ကျီအိတ်ကို နှိုက်ကြည့်တော့ ခြံသော့လည်း မရှိ၊ ကားသော့လည်း မမြင်။ ပိုက်ဆံတွေလည်း နတ္ထိ။

အိတ်ထဲမှာ စာရွက်တစ်ရွက်သာတွေ့၏။ ထိုစာရွက်ကို ထုတ်ကြည့်လိုက်တော့ –





ကိုတာ

ကားနဲ့ပိုက်ဆံတွေ မီး ယူသွားတယ်၊ လိုက်မရှာပါနဲ့တော့။

မီး

စာအဆုံးမှာ ကိုတာ့ကိုယ်က ကြိုးဆွဲအချခံရတဲ့လူလို ခေါင်းငိုက်စိုက်နဲ့ သေဆုံးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အခု ဒါ ဘယ်လိုလုပ်မလဲ၊ ငါ့ကားက သူများတက္ကစီကားလို ပါ့ရှိ ပါချက် မဟုတ်ဘူး၊ နှစ်ရာနီးပါး တန်တာကွ၊ မင်းကို ယုံကြည်စိတ်ချလို့ ပေး မောင်းထားတာ"

တက္ကစီအုံနာ ဦးခင်မောင်ထွန်းပြောသမျှ ကိုတာ နှုတ်ဆိတ်ငြိမ် သက်နေရသည်။

တစ်ခုခုပြန်ပြောဖို့ ဒါမှမဟုတ် တောင်းပန်ဖို့ ခွန်အားလည်း မရှိ တော့ပါ။

အိမ်ရှေ့မှာလည်း ပွဲတော်ကျင်းပနေသည့်နှယ်။ လူတွေ အုံခဲလျက် သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ရပ်ကွက်ထဲက လူတွေ။

"ပြော မင်း ဒီကိစ္စကို ဘယ်လိုရှင်းမလဲ ကိုတာ"

ကိုတာ့ရင်ဘတ်အင်္ကျီကို ဆွဲကိုင်ရင်း ဦးခင်မောင်ထွန်း မေး

"ကိုတာရာ မင်းကို ငါတို့ကောင်တွေ ဒီလောက်ပြောထားရက်နဲ့



ဒီမိန်းမကို မရမကရှာပြီး ပြန်ခေါ်လာရတယ်လို့၊ ဟော တစ်ညတည်းနဲ့ လုပ် သွားလိုက်တာကွာ၊ ဒီတစ်ခါ ပိုပြီးရှင်းလို့ မလွယ်တော့ဘူးကွ"

"အခု မင်း ဘာနဲ့သွားရှင်းမလဲ"

သူငယ်ချင်းတွေ ကရုဏာဒေါသနဲ့ ဝိုင်းမေးကြသည်။ ကိုပြာ့ကိစ္စ တုန်းက သူ့အိမ်ခြံလေးထိုးပေးပြီး ရှင်းလိုက်တာ ပြေလည်သွားပေမယ့်။

ခုတော့ –

ထိုးပေးစရာဆိုလို့ ဘာမှမရှိတာ အားလုံးအသိ။

"ကိုတာ"

ရပ်ကွက်အုပ်ချုပ်ရေးမှူးပါ မနေသာ။ ကရုဏာသက်စွာခေါ်ပြီး ပြောသည်။

"မင်း ရိုးသားဖြူစင်တာ၊ သစ္စာရှိတာ အားလုံးသိတယ်၊ ကိုခင် မောင်ထွန်းက သူ့ကားသူ ပြန်လိုချင်သတဲ့၊ အဲဒါ ဘယ်လိုလုပ်ပေးနိုင်မလဲ"

"ကျွန်တော် ဘာလုပ်ပေးရကောင်းမှန်း မသိတော့ပါဘူး"

"ဘာကွ"

ဦးခင်မောင်ထွန်း လက်သီးရွယ်လာသည်။ ကိုတာ ရှောင်ရှားမနေ သာပါ။ ထိုးရင် ခံရမယ့်ဘဝ။

"မင်းက ဘာလုပ်ပေးရကောင်းမှန်းမသိဘူး ဟုတ်လား"

သူ ရိုးသားစွာပဲ ခေါင်းညိတ်လျှင် –

"အေး ငါကတော့ ဘာလုပ်ရမလဲဆိုတာ သိတယ်"

"စခန်းမှူးကြီး ဒီကောင်ပဲ ကျွန်တော့်ကားကို သူ့မိန်းမနဲ့ ပေါင်းပြီး ဖြောင်လိုက်တာ"

အကြောင်းကြားထားလို့ စခန်းမှူးရောက်လာသည်နှင့် ဦးခင် မောင်ထွန်း လက်ညှိုးထိုးပြောလျှင် တာဝန်အရ စခန်းမှူး လက်ထိပ်ခတ် လေသည်။

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ -

"လေးလေး"

ကလေးနှစ်ယောက် ငိုယိုပြေးဖက်လျှင် အားလုံးသောနှလုံးသားမှာ မိုးရွာချသည်က အုန်းခနဲ။

✿ ✿ ✿



အချစ်သည် ရှင်းသာလား ?

ဒါမှမဟုတ် ချောက်ကမ်းပါးလား ?

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရင့်ကို ဦးတောင်းပန်တယ်ကွာ"

"ရပါတယ် ဦးရယ်"

ဦးပုရစ်ကြော် အာမခံသည်နှင့် ကိုတာ အချုပ်ခန်းထဲက ထွက်ခွင့်ရလေသည်။

"ဟောဒီက မောင်ပြာတို့သူငယ်ချင်းတွေ ဦးကိုလာပြောကြတာနဲ့ ဦး ချက်ချင်းလာခဲ့တာပါ။ ဦးသမီး ဖြုန်းသွားသမျှ ဦး ပြန်လျော်ပေးပါ့မယ်"

ဦးပုရစ်ကြော်ပြောတဲ့နောက်မှာ ကားပိုင်ရှင်ဦးခင်မောင်ထွန်း အကျေနပ်ဆုံး ဖြစ်လေသည်။

"မောင်ရင်ကို ဦး ဘယ်လိုအလျော်ပေးရမှန်းတောင် မသိတော့ပါဘူး"

"ရပါတယ်၊ ကျွန်တော်ကို ဘာမှမလျော်ပါနဲ့၊ ခွင့်ပြုကြဦး"

ကိုတာ ဒါပဲပြောကာ အားလုံးရှေ့မှ ထွက်ခဲ့မိသည်က ခြေဦးတည့်ရာ။

✿ ✿ ✿



"မင့်ဟာမ တတ်လည်းတတ်နိုင်တယ်ကွာ၊ ဦးခင်မောင်ထွန်းကားကို ရတဲ့ဈေးနဲ့ ရောင်းချပြီး ချက်ချင်း အင်္ဂလန်ပြေးတာ၊ အင်္ဂလန်မှာ သူ့မိဘရဲ့ နှစ်ဖက်မောင်နှမအားလုံးလိုလို ရှိတယ်မဟုတ်လား"

ကိုတာ အသက်အောင့်လျက်။ လွင့်မျောနေသော တိမ်တစ်သိုက်ကို ငေးကြည့်နေလိုက်သည်။

"ဦးလေးတွေ အဒေါ်တွေအားလုံးရှေ့မှာ ငိုယိုပြပြီး ခွင့်လွှတ်ပေးဖို့ အကူအညီတောင်းသတဲ့၊ အမျိုးတွေကလည်း ဦးပုရစ်ကြော်ကို ဝိုင်းတောင်းပန်ကြတာပေါ့ကွာ၊ မင်းဟာမလေး လိမ်လိမ်မာမာ နေတိုင်ပါတော့မယ်၊ အလုပ်လုပ်ပါတော့မယ်၊ မဖြုန်းတော့ပါဘူးဆိုတဲ့ ကတိတွေလည်း အမျိုးမျိုးပေးသတဲ့၊ မိဘဆိုတာက စွန့်ပစ်တယ်လို့သာ ပါးစပ်က ပြောပြီး ပစ်ထားပေမယ့် သူ့ဖို့ တကယ်စွန့်ပစ်တာကလည်း မီးကို လိမ္မာစေချင်လို့၊ မင်းသမီးကလည်း သူ့လုပ်သမျှ တောင်းပန်ရုံမက အလေးအနက် ကတိတွေပေးလာတော့ ဝမ်းသာတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



မိဘဆီ ပြန်လာပါရစေလို မီးခွင့်တောင်းတာ၊ အဲဒါနဲ့ ဦးပုရစ်ကြော်က"

"အမြန်ပြန်လာခိုင်းလား"

ကိုတာ မျှော်လင့်ချက်အကြီးကြီးနဲ့မေးလျှင် ကိုပြာမောင် လေပူတစ်ချက် မှုတ်ထုတ်ရင်းပြောသည်။

"စဉ်းစားဦးမယ်တဲ့"

ကိုတာ အသက်ရှုမှဲ့၏။

"အဘိုးကြီးတော့ သူ့သမီးကို ဒဏ်ပေးတဲ့သဘောနဲ့ စဉ်းစားဦးမယ်လို့ ပြောထားတာပေါ့ကွာ"

"ဟုတ်တယ် အဲဒီသဘောပဲ၊ အဘိုးကြီးအဘွားကြီး အရှိန်အကြာကြီး မှုနိုင်မှာမဟုတ်ဘူး၊ အလွန်ဆုံး တစ်လပေါ့ကွာ၊ သူတို့မှာလည်း ဒီသမီး တစ်ယောက်တည်း ရှိတာမဟုတ်လား၊ လိမ္မာလာမယ့်သမီးကို သူတို့ရင်ခွင်ထဲ ပြန်ထည့်မှာပေါ့ကွာ"

"မင်းတို့ ပြန်ဆုံရမှာပါ၊ စိတ်မပူနဲ့ ကိုတာ"

ကိုမင်းမင်းနဲ့ ကိုချစ်ထွန်းလည်း အားပေးစကားဆိုလာကြသည်။

တိမ်စိုင်တွေလို မာယာကြွယ်တဲ့မီးရယ်။ အချစ်ကို မျှော်လင့်ပိုင်ခွင့် ရှိသေးလား။

✿ ✿ ✿



တစ်နှစ်သစ်ပြီ။

တစ်မိုးကလည်း သစ်ပြန်ပြီ။

ထိုအခါ ဆောင်းကလည်း မနေသာ။ နွေနဲ့မိုးလို သစ်ချင်

သို့သော် အချစ်က မသစ်နိုင်ပါ။

သစ္စာတရားနှင့် ဟောင်းမြေ့ကာ နှစ်ချို့ပိုင်လို အရသာရှိလျက်။ ဒါကြောင့်မို့ ကိုတာ မပျက်မကွက် ပြုနေမိသည်။

မီးကို ပေးမိတဲ့ကတိအတိုင်း မီးအတွက် အင်္ကျီအကောင်းစားလေးတွေ ရွေးဝယ်ထားသည်။

မီးအတွက် တစ်နေ့ မုန့်ဖိုးငါးရာ စားပွဲပေါ်က စုဘူးကြီးထဲ ထားရစ်ခဲ့သည်။

ထမင်းပွဲအတွက် ပုစွန်ထုပ်ကြွပ်ကြော်နှစ်ကောင် ညတိုင်း ဝယ်လာ၏။ တစ်ကောင်က ကောက်ကွေးမနဲ့ ပိုင်းချစ်အတွက်။



www.burmeseclassic.com

www.burmeseclassic.com

ကျန်တစ်ကောင်က ကိုတာ့အတွက်။ အဲလိုမထင်ပါနဲ့။

အင်လန်ကနေ အမြီးလေးနှံ့ပြနေသော ကြောင်ပျိုမလေးအတွက်။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**ပိန်းကလေး**

အမှတ် ၄၅ (B)၊ ၆–လွှာ၊
ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၄၄၉၂၅၁၄၁၇

BURMESE CLASSIC
www.burmeseclassic.com